
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြ-၀၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ။


အောင်မြင်စာပေ (မြ-၀၀၂၇၆)၊ အမှတ်(၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဒေါင်ပြင်

တာပေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခေသနလက်ဆောင်

❖ စစ်ပွဲတစ်ပွဲအောင်နိုင်သောအခါ
ရှုံးနိမ့်သွားသောရန်သူ၏ခံစားချက်ကို
နားလည်ပေးသင့်ပါတယ်။
စီးပွားဖက်နဲ့ လုပ်ဖော်ကိုင်ဖက်ဆိုတာလည်း
နားလည်ပေးရခြင်းမျိုးရှိပါတယ်။

❖ အချို့က အိပ်မက်ကို နှစ်သက်သဘောကျတယ်။
ဒါပေမယ့် အိပ်မက်နောက်ကိုတော့ မလိုက်လိုကြဘူး။
တချို့ကတော့ အိပ်မက်ကို
ရည်ရွယ်ချက်အနေနဲ့ အကောင်အထည်ဖော်ကြတယ်။

❖ ချစ်သူရဲ့အနမ်းတစ်ပွင့်ဟာ...
လေပြေလေညှင်းတစ်ချက်လောက်ပါပဲ...။
ဒါပေမယ့်...ရင်ထဲမှာတော့
မီးတောင်ပေါက်ကွဲသံလို
ကျယ်လောင်လှပါတယ်...။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ချစ်ခြင်းမေတ္တာဟာ
အစပျိုးတာလွယ်သလောက်
အဆုံးသတ်ပိုင်းမှာ အတော်ပင်ခက်ခဲတယ်။
ဘယ်လိုအဆုံးသတ်မှန်းမသိခြင်းကပင်
အချစ်ရဲ့အရသာဖြစ်စေတယ်...။

❖ ဇနီးတစ်ဦးတည်းရှိလျှင်
ဇနီးကိုချစ်တတ်သူဖြစ်သည်။
ဇနီးများစွာရှိသူသည်
မိမိကိုယ်ကိုသာ ချစ်တတ်သူဖြစ်ပါတယ်။

❖ လွန်ကဲစွာမြှောက်ပင့်ပြောဆိုလျှင်
လိုအပ်ချက်ကြောင့်ဖြစ်ပါတယ်။
လွန်ကဲစွာလိုအပ်လာလျှင်တော့
လိပ်ညာဖို့ကြံစည်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မနှလက်ဆောင်

❖ ကိုယ့်ထမင်းကိုယ်စားပြီး အကြွားသန်လျှင်
စကားမမှန်သဖြင့် အထင်သေးကြသည်။
ကိုယ့်ငွေကိုယ်သုံးပြီး မာန်ထယ်လျှင်...
လူမုန်းများပြီး အန္တရာယ်ဝင်လိမ့်မည်။

❖ ဉာဏ်ပညာရှိလျှင် စိတ်ပျက်စရာကိုပင်
နှစ်သက်ဖွယ်ဖြစ်အောင် ဖန်တီးတတ်တယ်။
ပညာမဲ့သူများကတော့
ပျော်ရွှင်စရာကောင်းသည့်ဘဝအခြေအနေကိုပင်
စိတ်ပျက်စရာဖြစ်အောင် ဖန်တီးတတ်ကြပါတယ်..။

❖ ပန်းပွင့်များလှသော်လည်း
သစ်ကိုင်းများကတော့ အကျည်းတန်ကြသည်။
သစ်ပင်ပေါ်မှကျသောအခါ
ပန်းပွင့်ကမကယ်နိုင်ပေ။
သစ်ကိုင်းများက ကယ်တင်ပေးနိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း (၁) ဆောင်ကြာမြိုင်နိဒါန်း

အခန်း (၂) ခင်စိန်ကြည်နှင့် ဘဝအချိုးကွေ့များ

အခန်း (၃) ဘီလူးမျက်နှာနှင့်လူ

အခန်း (၄) ငနီကနှင့်မိဝေမာတို့မောင်နှမ

အခန်း (၅) ကျွန်ုပ်နှင့်ဒေါက်တာမင်းထင်ကျော်

အခန်း (၆) သရဲချောင်းမှ ဘီလူးဝင်စားသည့်မှတ်တမ်း

အခန်း (၇) ဘီးလူးနှင့်တွေ့သော ဂျပန်အရာရှိ

အခန်း (၈) ဆောင်ကြာမြိုင်မှ သဲလွန်စများ

အခန်း (၉) ဒဏ္ဍာရီထဲမှ ဘီလူးများအကြောင်း

အခန်း (၁၀) ခင်စိန်ကြည်နှင့် ထူးဆန်းသောမြင်ကွင်း

အခန်း (၁၁) နဂါးစော်ဘွားနှင့်ဆန်းကြယ်သော ဓလေ့ထုံးစံ

အခန်း (၁၂) စောမြဒေဝီနှင့်တွေ့ကြရခြင်း

အခန်း (၁၃) အန္တရာယ်ထောင်ချောက်

အခန်း (၁၄) ဘီလူးမျက်နှာနဲ့လူနှင့်တွေ့ရခြင်း

အခန်း (၁၅) ဖုံးကွယ်မရသော ချစ်ခြင်းမေတ္တာ


www.burmeseclassic.com

www.burmeseclassic.com

# ခံယူချက်ဆောင်

❖ ဘဝမှာ ဆုံးဖြတ်ချက်ချရန်
ခက်ခဲသောအရာများရှိပါတယ်။
ဘယ်သူနဲ့လက်တွဲထားပြီး ဘယ်သူကိုလက်တွဲဖြုတ်ရမည်
ဆိုသော အချက်ဖြစ်ပါတယ်
လက်တွဲသင့်သူကို လက်တွဲဖြုတ်ခဲ့ရင်တော့
ဘဝအတွက်အစားထိုးမရတဲ့ နောင်တတွေနဲ့
တွေ့ရပါလိမ့်မယ်။

❖ စိတ်ကူးကောင်းခြင်းကြောင့်
ပန်းပွင့်များကို ကောက်ယူနိုင်ပါတယ်။
တွေးခေါ်မှုကောင်းတော့မှ
လှပအောင် ဘယ်လိုပုံဖော်ရမည်ကိုသိမှာပါ...။

❖ ဘဝခံယူချက်ကိုပြောလျှင်
မေတ္တာတရားကို အခြခံထားရပါတယ်။
သေခြင်းသဘောကိုပြောလျှင်တော့
ဘဝတန်ဖိုးနှင့် ချိန်ထိုးပြီးပြောရပါတယ်...။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁ )

# ဆောင်းကြာမြိုင်နှိဒါန်း

ဂျပန်ခေတ်အကြောင်းနှင့် ဂျပန်တို့အကြောင်းကို ရေးမည်ပြောမည်ဆိုလျှင် ရက်စက်ယုတ်မာသောအကြောင်း များက အတော်များများပင် ပါဝင်လာပေလိမ့်မည်။

ယောကျ်ားများကို ညှင်းပန်းနှိပ်စက်ကြပြီး၊ မိန်းမတွေ့လျှင် အပျိုအအိုမရွေး ဖျက်ဆီးတတ်သော အကျင့်ဆိုးရှိကြသည်။ မြန်မာနိုင်ငံအတွင်းမှာထင်ရှားသော ဂျပန်ကင်ပေတိုင်



www.burmeseclassic.com

www.burmeseclassic.com



စခန်းများ၌ လူမဆန်စွာနှိပ်စက်ညှင်းပန်းမှုများအကြောင်းနှင့်၊ သံဖြူဇရပ်ရွေးတပ်စခန်းမှ ညှင်းပန်းရက်စက်ကြပုံများ အကြောင်းများမှာ ယခုတိုင်မမေ့နိုင်ကြသော အဖြစ်အပျက်များ ပင်ဖြစ်ကြလေသည်။

သံဖြူဇရပ်ငရဲခန်းများအကြောင်းကို "သေမင်းတမန် လမ်းပေါ်မှ ငရဲခန်းများ" ဟုပင် တင်စားရေးသားကြလေသည်။

အရှင်လတ်လတ် ရေနွေးဖြင့်လောင်း၊ လက်သည်းနှုတ်ခွာ၊ သစ်ပင်မှာဇောက်ထိုးဆွဲပြီး နှိပ်စက်ပုံများအကြောင်းမှာ ကိုယ်တွေ့မကြုံကြသော်လည်း စာဖတ်ရသည်နှင့်ပင် ကြက်သီး ထဖွယ်များဖြစ်ကြသည်။

ဂျပန်များက ယောကျ်ားများကို နှိပ်စက်ကြသည်သာ မကပဲ မိန်းမများတွေ့သောအခါ တစ်ယောက်မှအလွတ်မပေးပဲ ဖျက်ဆီးတတ်ကြသည်။

မြန်မာနိုင်ငံအတွင်းသို့ (၁၉၄၂)ခုနှစ် မတ်လတွင် ဝင်ရောက်လာကြပြီး (၁၉၄၅)ခုနှစ်တွင် စစ်ရှုံးသဖြင့် ပြန်လည် ထွက်ခွာသွားခဲ့ကြရသည်။

(၁၉၄၂)ခုနှစ်မှ (၁၉၄၅)ခုနှစ် (၃)နှစ်ကြာအောင် မြန်မာပြည်ကို သိမ်းပိုက်ထားပြီး၊ နှိပ်စက်ဖျက်ဆီးခဲ့ကြသည်။ သုံး နှစ်သာကြာသော်လည်း နှစ်ပေါင်း (၃၀)ခန့်နလံမထူနိုင်အောင် နှိပ်စက်သွားခဲ့ကြသည်။

ဂျပန်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်သော သုံးနှစ် တာကာလအတွင်း၌ မိန်းမများကို ဖျက်ဆီးခဲ့ကြသည်။ မိန်းမဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကြီးသည်ငယ်သည်မရွေး၊ အပျိုအအိုမရွေး ဖျက်ဆီးခဲ့ကြသည်။

၄င်းတို့ရောက်လာပြီး မရှေးမနှောင်းမှာပင် ရန်ကုန်မြို့တွင် ပြည့်တန်ဆာအိမ်(ဆောင်ကြာမြိုင်)များ ဖွင့်ခဲ့ကြလေသည်။

ဂျပန်တို့သည် ဆောင်ကြာမြိုင်များဖွင့်လှစ်အသုံးပြုသော ရည်ရွယ်ချက်မှာ ဂျပန်စစ်သားများ စည်းကမ်းမဲ့သွားလာခြင်းကြောင့် ရောဂါရကာ သေကြေပျက်စီးမှုများကို အတန်အသင့် ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖြစ်ပေသည်။

ဂျပန်အရာရှိများသည် မိမိတို့၏ဇနီးများကို စစ်မြေပြင်သို့ ခေါ်လာခြင်းမရှိပေ။ ခေါ်ရန်သွားပြောလျှင် အကြီးအကျယ်အံ့သြသင့်နေပေလိမ့်မည်။ ဂျပန်စစ်တပ်သည် မြန်မာပြည်တွင် သုံးနှစ်သုံးမိုး အုပ်စိုးသွားခဲ့သည်။ မည်သည့်ဂျပန်အထက်တန်းအရာရှိမျှ သူ့ဇနီးကို ခေါ်လာခဲ့ခြင်းမရှိပါ။

ဂျပန်စစ်တပ်သည် ဆိုက်ဘေးရီးယားတိုက်ပွဲ ဖြစ်ပွားစဉ်က တွေ့ကြုံခံစားခဲ့ရသော အဖြစ်အပျက်ကြောင့် ကာလသားရောဂါ၏ဆိုးကျိုးကို မျက်ဝါးထင်ထင် သိသွားခဲ့သည်။ ထိုတိုက်ပွဲဖြစ်ပွားစဉ်ကာလ (၁၉၁၈-၁၉၂၀)အတွင်း၌ ဂျပန်တပ်သား (၁၃၈၇)ယောက် ကျဆုံးပြီး (၂၀၆၆)ယောက် ဒဏ်ရာရရှိခဲ့သည်။ သို့ရာတွင် ကာလသားရောဂါဖြစ်ပွားလာခဲ့သည့် တပ်သားဦးရေမှာ (၂၀၁၂)ယောက်ဖြစ်ခဲ့သည်။

(၁၉၃၀)ပြည့်လွန်နှစ်များအတွင်း တရုတ်ပြည်ကို ဝင်ရောက်တိုက်ခိုက်သည့်အခါတွင် ဂျပန်စစ်တပ်သည် "ယန်ကျို"



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ပြည့်တန်ဆာအိမ်များဖွင့်လှစ်သည့်စနစ်ကို စတင်အသုံးပြုခဲ့သည်။

ထိုဖြေဖျော်ရေးစခန်း (သို့မဟုတ်) ဆောင်ကြာမြိုင်များတွင် ကိုရီးယား၊ တရုတ်နှင့် ဂျပန်ပြည့်တန်ဆာများကို ထားပေးခဲ့သည်။

ဂျပန်ဆိုသော်လည်း အများအားဖြင့် ဂျပန်ပြည်တောင်ပိုင်း ကျူးရှူးတစ်ဝိုက် ကျွန်းများမှ ကျွန်းသူများဖြစ်သည်။ အများအားဖြင့်မူ ကိုရီးယားအမျိုးသမီးများ ဖြစ်ကြသည်။

ထိုစနစ်ကို တရုတ်ပြည်တွင် (၁၉၃၈)ခုနှစ်က စတင်ကျင့်သုံးခဲ့သည်။

ရှန်ဟဲတွင် ပထမဆုံး ဖွင့်လှစ်သည့် ထိုဆောင်ကြာမြိုင်ကို "မိုးမခရိပ်သာ" ဟုခေါ်ပြီး ဆက်သွယ်ရေးဌာနချုပ်က ကြီးကြပ်ကွပ်ကဲရသည်။ ထိုဆောင်ကြာမြိုင်ကို စစ်တပ်ဆေးအရာရှိဆရာဝန်တစ်ဦးဖြစ်သည့် အာဆိုတာက်ဘူအိုက အုပ်ချုပ်သည်။

ရည်ရွယ်ချက်မှာ စစ်တပ်ထဲတွင် ကာလသားရောဂါပြန့်ပွားလာခြင်းမရှိအောင် ထိန်းချုပ်ရန်ဖြစ်သည်။ ထို့ပြင် ဒုန်ကင်းတွင် ဂျပန်စစ်သားများက တရုတ်အမျိုးသမီးများကို အဓမ္မကျင့်ခဲ့သဖြင့် ဂျပန်စစ်တပ် အကြီးအကျယ်နာမည်ပျက်ခဲ့ရသည်။ ထို့ကြောင့် ရှန်ဟဲနှင့် ဟန်ချိုးမြို့များတွင် အလားတူအဖြစ်အပျက်မျိုး ဖြစ်ပွားခြင်းမရှိစေရန် ထိုသို့စီမံပေးခြင်းဖြစ်သည်။

နန်ကင်းတစ်လျှောက်တွင် မိုင် (၂၀၀)ပတ်လည်တစ်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ကျရှိလမ်းကို စစ်တပ်တစ်တပ် တစ်လအတွင်း ဖြတ်သွားခဲ့သည်။

"ဂျပန်စစ်တပ် ဖြတ်သွားပြီးတဲ့နောက်မှာ အပျိုတစ်ယောက်မှမရှိတော့" ဟုပင် ထိုစဉ်က ပြောစမှတ်ပြုကြသည်။

တိုက်ပွဲစစ်ခံရုံးတွင် ထွက်ချက်များအရ ဂျပန်စစ်သားအယောက်သုံးဆယ်လောက်သည် အမျိုးသမီးတစ်ဦးတည်းကို ဝိုင်း၍အဓမ္မကျင့်သည့်အဖြစ်မျိုး အများကြီးတွေ့ရသည်။

ထိုအဖြစ်အပျက်ကို တွေ့မြင်သူ နိုင်ငံခြားသာသနာပြုအဖွဲ့ဝင်များက နီးစပ်ရာသံတမန်များထံ သတင်းပို့ကြသည်။ သတင်းစာဆရာများက နိုင်ငံခြားသတင်းစာ၊ ဂျာနယ်များတွင် ရေးကြသည်။

ဤတွင် ဂျပန်စစ်တပ်၏ ဂုဏ်သိက္ခာသည် အကြီးအကျယ်ကျဆင်းလာခဲ့ကာ သိမ်းပိုက်ထားသော နယ်မြေများမှ လူထုများ၏ စိတ်ဓာတ်ဆိုင်ရာ ထောက်ခံမှုကို ရရန်ခက်ခဲလာသည်။ ထိုအချက်များကြောင့် ဂျပန်စစ်အာဏာပိုင်တို့က "ဆောင်ကြာမြိုင်"များ ထူထောင်ရန် စဉ်စားလာခဲ့ရသည်။

ဤနည်းလမ်းဖြင့် ဂျပန်စစ်သားတို့ သောင်းကျန်းမှုကိုလည်း ပြေပျောက်စေပြီး ကာလသားရောဂါကိုလည်း ထိန်းချုပ်ပေးရန်ဖြစ်သည်။

အစတွင် ဖြေဖျော်ရေး အမျိုးသမီးများကို ဂျပန်တွင် စတင်စုဆောင်းခဲ့သည်။ စစ်တပ်မှ အခွင့်ရသူ၊ လူကုန်ကူးသူများက စစ်တပ်မှ ထောက်ပံ့ငွေဖြင့် အမျိုးသမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ယန်းငွေ(၁၀၀၀)ဖြင့် ဝယ်ယူသည်။

ထိုငွေကို ပြန်ဆပ်ပြီးသည်နှင့် အမျိုးသမီးသည် မိမိရပ်ဌာနသို့ ပြန်နိုင်သည်ဟု အဆိုရှိသည်။

ဂျပန်စစ်သားတစ်ယောက်အတွက် ရသည့်နှုန်းမှာ တစ်ယောက်လျှင် ယန်းငွေ (၂)ယန်းဖြစ်ရာ တပ်သား(၅၀၀)ကို အသုံးတော်ခံပြီးမှ လွတ်လပ်သွားပြီဟု ဆိုနိုင်သည်။

ပထမဆုံးအသုတ်ကို ရှန်ဟဲမှ နစ်ရက်ခရီးသွားရသော ဟန်ချိုသို့ မီးရထားဖြင့် ပို့လိုက်သည်။ လမ်းတွင်ရှိသည့် တပ်များက အကျိုးအကြောင်းသိရသည့်အခါတွင် သူတို့ကိုလည်း အလှည့်ပေးရန်တောင်းသဖြင့် ရပ်ပေးရသည်။ သူတို့ခရီး အဆုံးသို့ ရောက်သည်နှင့် ပြန်ရွေးရန် ပိုက်ဆံပြည့်သွားသည်ဟူ၏။

သို့ရာတွင် ဂုဏ်သိက္ခာအနေဖြင့် ကြည့်ပြန်လျှင် "ဆောင်ကြာမြိုင်" များကို စစ်တပ်မှ တိုက်ရိုက်အုပ်ချုပ်နေခြင်းသည် မလိုလားအပ်ဘဲ ဖြစ်နေပြန်သည်။

ထို့ကြောင့် အရပ်သားလူကုန်ကူးသူများကို "ဆောင်ကြာမြိုင်" အဖွင့်ခိုင်းပြီး စစ်တပ်မှ ဆေးစစ်ပေးရန် တာဝန်ယူသည်။

အမျိုးသမီးတစ်ယောက်လျှင် စစ်သား (၄၀)ကို တာဝန်ယူရရာ စစ်အတွင်းတွင် ဂျပန်တပ်များ၏တာဝန်ကိုယူရန် အမျိုးသမီး (၈၀၀၀၀) ရှာခဲ့ရသည်။

ထိုအကြောင်းကို ဂျပန်ပြည်တွင် အသိမပေးပေ။ ထိုသတင်းနှင့်ပတ်သက်သည့် သတင်းများ၊ ဓာတ်ပုံများကို ဆင်ဆာ



www.burmeseclassic.com

www.burmeseclassic.com



မှ ပိတ်ပစ်သည်။

သို့သော် အချို့သောဓာတ်ပုံများ ကျန်ရှိနေသေးသည်။

ဓာတ်ပုံတစ်ပုံတွင်မူ ကီမိုနိုဝတ်ထားသည့် အမျိုးသမီးက စာအုပ်တစ်အုပ်ကို ဖတ်နေဟန် ရိုက်ထားပြီး၊ နောက်တွင် တဲတန်းများနှင့် ဂျပန်စစ်သားတစ်ယောက် စောင့်နေပုံကိုပြထားသည်။

ထိုဓာတ်ပုံအောက်တွင် ဆိုင်းဘုတ်တစ်ခုရေးထားပြီး ဆိုင်းဘုတ်ပေါ်တွင် "ရဲရင့်သော ဂျပန်တပ်မတော်သားများအား ကျွန်မတို့က နှလုံးသားနှင့် ခန္ဓာကိုယ်ဖြင့် ကြိုဆိုပါ၏" ဟုရေးထားသည်။

ယန်ကီများနှင့်သွားလာပေါင်းဖော်ရေးနှင့် ပတ်သက်၍ တင်းကျပ်သည့်စည်းကမ်းများကိုလည်း ချမှတ်ထားသည်။

ဥပမာအဖြစ် ဖော်ပြပေးပါမည်။

## ပြေဖျော်ရေးဌာနများအတွက် တပ်မတော်စည်းကမ်းများ

၁။ ဖြေဖျော်ရေးဌာနများသို့ တပ်မတော်နှင့် ပူးတွဲထားသူများသာ သွားလာခွင့်ရှိသည်။ (အလုပ်သမားများမပါ) ဌာနသို့ သွားသူများသည် ဖြေဖျော်ရေးဌာနသွားလာခွင့် လက်မှတ်ပါရမည်။

၂။ သွားလာသူသည် သတ်မှတ်ထားသည့် အခကြေးငွေကိုပေးရမည်။ ငွေရကြောင်းပြေစာတစ်စောင် ထုတ်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ထိုပြေစာကိုပြ၍ သွားလာခွင့်လက်မှတ်နှင့် အကာအကွယ်ပစ္စည်းတို့ ထုတ်ယူနိုင်သည်။

၃။ ဝင်ကြေးမှာ အောက်ပါအတိုင်းဖြစ်သည်။ အရာခံဗိုလ်များ၊ အခြားအဆင့်များနှင့် တပ်မတော်နှင့် ပူးတွဲထားသည့် အရပ်သားများအတွက် တစ်ခါသွားလျှင် ယန်းငွေနှစ်ကျပ်ဖြစ်သည်။

၄။ သွားလာခွင့်လက်မှတ်ကို ဝယ်ယူသည့်နေ့တစ်နေ့အတွက်သာအသုံးပြုနိုင်သည်။ အကယ်၍ ဌာနသို့ဝင်ရောက်ခြင်းမရှိခဲ့လျှင် အခကြေးငွေကို ပြန်လည်ထုတ်ယူနိုင်သည်။ လက်မှတ်ကို အစောင့်အားပေးအပ်ပြီးသည့်နောက်တွင် အခကြေးငွေကို ပြန်လည်ထုတ်ခွင့်မပြု။

၅။ လက်မှတ်ဝယ်ယူသူသည် လက်မှတ်ပေါ်တွင် ရိုက်ထားသည့် နံပါတ်ပါသည့်အခန်းကိုသာ ဝင်ရောက်ရမည်။

၆။ အခန်းထဲသို့ ဝင်သည်နှင့်လက်မှတ်ကို အစောင့်လက်သို့ပေးအပ်ရမည်။

၇။ အခန်းထဲတွင် အရက်သောက်ခွင့်မပြု။

၈။ ပြင်ဆင်ထားသည့် ဆေးရည်ဖြင့် ဆေးကြောပြီးနောက် အခန်းထဲမှ ပြန်ထွက်သွားရမည်။

၉။ သတ်မှတ်ထားသော စည်းကမ်းများ (သို့မဟုတ်) စစ်စည်းကမ်းများကို ဖောက်ဖျက်သူများသည် အခန်းထဲမှ ထွက်သွားရမည်။

၁၀။ အကာအကွယ်ပစ္စည်းမပါဘဲ သွားလာခွင့်မပြု။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကိုစွဌ် တပ်သားဟောင်းနှင့် တပ်သားသစ်တွင် တပ်သားသစ်က ပိုကဲသည်ကိုတွေ့ရသည်။

တပ်သားဟောင်း (အမြဲတမ်းတပ်သား)မှာ တပ်ထဲတွင် နေသားကျနေပြီ။ တပ်ကိစ္စများနှင့်သူ့မှာ အားရသည်မရှိ။ မိန်းမကိစ္စကို စိတ်ကူးဖို့ အချိန်မရပေ။ အချိန်တန်လျှင် ရာထူးတိုးဖို့ မျှော်ရသည်။ တပ်စည်းကမ်းများကို လိုက်နာရသည်။

သို့သော် လူသစ်မှာမူ အရပ်သားနံ့မပျောက်သေးပေ။ မိန်းကလေးချောချောမြင်လျှင် ပိုးချင်ပန်းချင်သည်။ ဖိုမကိစ္စကို အသားပေးချင်သည်။

တရုတ်ပြည်တွင် ထိုသို့မိန်းမရှာရင်း အရပ်ဝတ်အရပ်စားဝတ်ထားသည့် ပြောက်ကျားနှင့်တွေ့ကာ ပြောက်ကျားတို့၏ အသတ်ခံသွားရသည့် ဂျပန်တပ်သားသစ်ဦးရေက မနည်းလှပေ။

မြန်မာပြည် စစ်မြေပြင်တွင်မူ ပါလာသည့် ဖျော်ဖြေရေး အမျိုးသမီးများသည် တပ်များနှင့်အတူ တိုက်ပွဲအလယ်တွင် ရောက်နေတတ်သည်။ သူတို့သည် အပိုင်းခံထားရသည့် မြို့စောင့်တပ်များနှင့်အတူ ရှိနေတတ်ကြသည်။ သူတို့မှာ စစ်စည်းကမ်းကိုလိုက်နာရန် မလိုသဖြင့် လွတ်ရာကျွတ်ရာသို့ ထွက်သွားရန်ပြောသော်လည်း မရပေ။ တပ်များနှင့်အတူ လိုက်နေကြသည်။

(၁၉၄၄)ခုနှစ် စက်တင်ဘာလ ယူနန်ပြည်နယ်ထဲက တိုက်ပွဲတစ်ခုတွင် လာမင်(Lameng) မြို့စောင့်တပ်သည် ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းခံရပြီး တပ်သားရှစ်ဆယ်သာကျန်တော့သည်။

ဂျပန်ဖြေဖျော်ရေးအမျိုးသမီးများက ကိုရီးယားအမျိုးသမီးများအား လွတ်ရာကျွတ်ရာသို့သွားရန် ပြောပြသည်။

"နင်တို့ပြေးကြတော့၊ နင်တို့က ဂျပန်ပြည်အတွက် ဘာမှ သစ္စာစောင့်နေစရာမလိုဘူး။ လွတ်ရာကျွတ်ရာကို ပြေးပြီး နင်တို့အိမ်ကိုပြန်ကြ၊ တရုပ်တပ်တွေက နင်တို့ကို ဘာမှအန္တရာယ်ပေးမှာမဟုတ်ဘူး"

ဟုပြောသဖြင့် ကိုရီးယားအမျိုးသမီးကလေးများသည် တရုတ်တပ်များထံသွား၍ လက်နက်ချခဲ့ကြသည်။

ကျန်သည့်ဂျပန်အမျိုးသမီးများမှာမူ တပ်သားများနှင့်အတူ အဆိပ်သောက်၍ သေသွားခဲ့ကြသည်။ မြို့ကိုသိမ်းသည့်အခါတွင် ဂျပန်အမျိုးသမီးအလောင်း ခုနစ်လောင်းကိုတွေ့ရသည်။

မြစ်ကြီးနားမှ မိန်းကလေးများကမူ သူတို့ထက် ကံကောင်းသည်ဟု ဆိုရမည်။

မြစ်ကြီးနားမကျမီ အချိန်တွင် ဂျပန်မြို့စောင့်တပ်မှူးက ဂျပန်ဖြေဖျော်ရေး အမျိုးသမီးများနှင့် ဒဏ်ရာရသူများကို ဖောင်ဖြင့်တင်ကာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်သို့ မျောလိုက်လေသည်။

ဂျပန်တို့သည် မော်လမြိုင်၊ မိတ္ထီလာ၊ မန္တလေး၊ တောင်ငူ၊ ပျဉ်းမနားနှင့် ရန်ကုန်တို့တွင် ဂေရှာရိပ်သာများကို ဖွင့်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မြန်မာပြည်ကို ဂျပန်တို့သိမ်းပိုက်ထားခဲ့သော (၁၉၄၂-၁၉၄၅)ခုနှစ်အချိန်ကာလအတွင်း၌ ရန်ကုန်မြို့တွင် ဂျပန်တို့ တရားဝင်ဖွင့်လှစ်ခဲ့သော ဆောင်ကြာမြိုင်(ပြည့်တန်ဆာအိမ်)များ ပေါ်ပေါက်လာခဲ့ကြလေသည်။

ဂျပန်တို့သည် (၁၉၃၀)ပြည့်အလွန်ကာလများက တရုတ်ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီးစကတည်းက ဆောင်ကြာမြိုင်စခန်း ဖွင့်လှစ်ရန် အစပျိုးခဲ့ကြသည်။

ထိုအချိန်ကတော့ ကိုရီးယား၊ တရုတ်နှင့် ဂျပန် ပြည့်တန်ဆာတို့ကို အသုံးပြုခဲ့ကြသည်။

(၁၉၄၂)ခုနှစ်နောက်ပိုင်း မြန်မာပြည် ရန်ကုန်မြို့တွင် ဖွင့်သောအခါ အိန္ဒိယအမျိုးသမီးများနှင့် ဗမာအမျိုးသမီးအချို့ ပါဝင်လာကြလေသည်။

ထိုအချိန်က ဆောင်ကြာမြိုင်တို့တွင် ဗမာအမျိုးသမီးများ ရောက်လာခြင်းမှာ ခေတ်ကာလအခြေအနေကြောင့်ပင် ဖြစ်လေသည်။

ဂျပန်ခေတ်ကာလမှာ မကောင်းမှုများနှင့် ပြည့်နက်နေသောအချိန်ကာလပင်ဖြစ်သည်။ စားဝတ်နေရေးအတွက် ကျပ်တည်းမှုများနှင့် ကြုံတွေ့ကြရသဖြင့် ခန္ဓာကိုယ်ကို အရင်းအနှီးပြုလုပ်ပြီး ရှာဖွေစားသောက်ကြရခြင်းပင် ဖြစ်လေသည်။

ဂျပန်ခေတ်က (၂၇-လမ်း)တစ်ပိုက်တွင် ပြည့်တန်ဆာအိမ်များဖွင့်လှစ်ပြီး စီးပွားရှာဖွေကြရာ လူအဝင်အထွက် စည်းကားသောနေရာတစ်နေရာဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကာလပျက်စီးမှု၊ စီးပွားရေးကျပ်တည်းမှု၊ စားဝတ်နေရေး အဆင်မပြေမှုများသည် အမျိုးသမီးများအား ထိုဘဝသို့ရောက်အောင် တွန်းပို့ပေးနေသကဲ့သို့ပင်ရှိနေလေသည်။

ဂျပန်ခေတ်ကာလက အနယ်နယ်အရပ်ရပ်တွင် ဒုစရိုက်မှုများ ပေါ်များလာပြီး စားဝတ်နေရေး ခက်ခဲလာသောကြောင့် ရန်ကုန်မြို့သို့ ပြေးလာကြလေသည်။

ရန်ကုန်သို့ရောက်လာကြသူတို့တွင် အလုပ်မရှိ အကိုင်မရှိနှင့် စားဝတ်နေရေးအတွက် အခက်အခဲနှင့် တွေ့ကြုံရစဉ် ယောကျ်ားများက ဆိုးခိုးတိုက်ခိုက်သောဘဝရောက်ပြီး အမျိုးသမီးများက ပြည့်တန်ဆာလောကသို့ မရောက်ချင်ပဲ ရောက်ခဲ့ကြရခြင်းဖြစ်လေသည်။

အခြေအနေကတော့ ဂျပန်ခေတ်တွင် ငွေကိုရေလိုသုံးနိုင်သောသူများနှင့် ငွေလိုနေသော အမျိုးသမီးများတွေ့ကြုံရပြီး ထိုဘဝသို့ ရောက်ကြခြင်းဖြစ်သည်။

နယ်များ၊ တောရွာများတွင် သောင်းကျန်သူများ နှိပ်စက်သောကြောင့် အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရသူများ၊ အားကိုးစရာ မိဘဆွေမျိုး၊ လင်သားမရှိတော့သူများ၊ နေရာသစ်ရောက်ပြန်တော့လည်း ကူညီထောက်ပံ့ပေးမည့်သူ မရှိသောကြောင့် စားစရာနေစရာအခက်တွေ့ကြုံရသော အမျိုးသမီး အတော်များများ ပြည့်တန်ဆာလောကသို့ ရောက်ကြရလေသည်။

ထိုဘဝရောက်ခဲ့ရသူများကို လေ့လာကြည့်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအချက်များကြောင့် ရောက်ခဲ့ကြရသည်ကို တွေ့ကြရမည်ဖြစ်ပေသည်။

၁။ ဆင်းရဲချို့တဲ့မှုကြောင့် စားဝတ်နေရေးကျပ်တည်းမှုဖြစ်ကြရခြင်း၊
၂။ ပတ်ဝန်းကျင်မှ အဆွယ်အပြောကောင်းခြင်း၊
၃။ အုပ်ထိန်းစောင့်ရှောက်မှု ကင်းလွတ်ခြင်း၊
၄။ အသိပညာနှင့် ဟိရိဩတ္တပ္ပတရားမရှိခြင်း၊
၅။ ငွေ၊ အဝတ်အစား၊ ခေတ်ပေါ်အသုံးအဆောင်တို့ကို မက်မောခြင်း၊
၆။ ကာမဂုဏ်၌ ဝါသနာထုံလွန်းခြင်း၊
၇။ ပေါ့ပေါ့နေ ပေါ့ပေါ့စားရပြီး ဘာကိုမှအလေးမထားတတ်ပဲ ငွေရဖို့သာ အာရုံထားတတ်ခြင်း . . .

စသော အချက်များကြောင့် ပြည့်တန်ဆာဘဝ၊ ဆောင်ကြာမယ် ဘဝသို့ ရောက်ခဲ့ကြရခြင်းဖြစ်သည်။

ဂျပန်တို့သည် ၄င်းစစ်တပ်မှ စစ်သားမှာဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ပျော်ပါးနိုင်စေရန် (၁၉၃၀)ပြည့်နှစ်နောက်ပိုင်းကာလများကပင် စတင်ပြီး ယန်ဂျိုဟုခေါ်ဝေါ်ခဲ့သည်။ နောက်တော့ "မိုးမခရိပ်သာ"ဟု ပြောင်းလဲခေါ်ဝေါ်ပြီးနောက်ပိုင်းကာလရောက်တော့မှ "ဆောင်ကြာမြိုင်"ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုဂေဟာတွင် အလုပ်လုပ်သော ပြည့်တန်ဆာများကိုလည်း ဆောင်ကြာမြိုင် မင်းသမီးဟု ခေါ်ဝေါ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြာမြိုင်များဖွင့်ကာစတွင် ဂျပန်၊ တရုတ်၊ ကိုရီးယား စသောပြည့်တန်ဆာမယ်များကို ဝယ်ယူအသုံးပြုခဲ့ကြသော်လည်း ဗမာပြည်တွင် ဖွင့်သောအခါမှာ မျက်နှာဖြူမများ၊ ကုလားမများ၊ ဂျပန်မများအပြင် ဗမာအမျိုးသမီးများပါ ပြည့်တန်ဆာအဖြစ် အသုံးပြုခဲ့ကြလေသည်။

အများဆုံးမှာ ဂျူး (ခေါ်) ရဝတီမများပင် ဖြစ်ကြသည်။ ဂျပန်ခေတ်က ဆောင်ကြာမြိုင်တွင် အသုံးတော်ခံရသော အမျိုးသမီးများမှာ အပြင်သူများနှင့် ထိတွေ့ဆက်ဆံခွင့်မရပဲ တာဝန်ကျသော မိမိတို့အဆောင်မှာပင် အလှည့်ကျတာဝန် ထမ်းဆောင်ကြရလေသည်။

စစ်သားများကဲ့သို့ပင် သီးခြားအဆောင်များဖြင့် စည်းကမ်းတကျနေကြရသည်။

နေ့ဘက် (၈)ယောက်၊ ညဘက် (၈)ယောက်၊ တစ်နေ့ (၁၆)ယောက်အလုပ်ဆင်းပေးရပြီး ကျန်သူများက နားခွင့်ရကြသည်။

ဒါက ဂျပန်များဖွင့်ထားသော ဆောင်ကြာမြိုင်ဖြစ်ပြီး အခြားနေရာများမှာလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စီးပွားရှာကြသော ပြည့်တန်ဆာအိမ်များရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )

# ခင်စိန်ကြည်နှင့် ဘဝအချိုးအကွေ့များ

"ဆောင်ကြာမြိုင်" ဟူသော ဝေါဟာရမှာ ဂျပန်တို့ စတင်အသုံးပြုသော အမည်တစ်ခုတော့ မဟုတ်ပေ။ ကုန်းဘောင်ခေတ်မတိုင်ခင်ကတည်းက အသုံးပြုခဲ့သော အမည်တစ်မျိုးဖြစ်သည်။ ကုန်းဘောင်ခေတ်ရောက်သောအခါမှာတော့ နန်းတွင်း၌ ဖိမကိစ္စများ ရှုတ်ထွေးလာခဲ့သလို "ဆောင်ကြာမြိုင်" ဟူသော အမည်ကိုလည်း အဓိပ္ပာယ်တစ်မျိုးဖြင့် အ



www.burmeseclassic.com

www.burmeseclassic.com



သုံးပြုခဲ့ကာ တဖြည်းဖြည်းတွင်ကျယ်လာခဲ့ခြင်းဖြစ်ပေသည်။

ကုန်းဘောင်ခေတ်၌ ဖြစ်ပျက်ခဲ့သော ရှင်ဘုရင်နှင့် နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ဖိုမကိစ္စများနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို စာရေးဆရာတစ်ဦးက "ဆောင်ကြာမြိုင်မှတ်တမ်း" ဟူသောအမည်ဖြင့် ရေးသားဖော်ပြခဲ့ဖူးသည်။

ကျွန်တော်ရေးသားလိုသည်က ထိုအကြောင်းများ မဟုတ်ပေ။ "ဆောင်ကြာမြိုင်" ဟူသော အမည်ကို သုံးစွဲခဲ့ကြသော သမိုင်းကြောင်းပင်ဖြစ်သည်။

ရှေးခေတ်က စာပေရေးသားကြရတွင် ရှင်ဘုရင် မကောင်းကြောင်းကို မရေးဝံ့ကြပေ။ ရေးလျှင်အသတ်ခံရမည်။ ယခုခေတ်ရေးလျှင် ထောင်ထဲရောက်ရုံအပြင်မရှိသော်လည်း ရှေးခေတ်ကတော့ ချက်ချင်းသတ်စေသည်။

သို့ကြောင့် ရှင်ဘုရင်နှင့်ပတ်သက်သည့်အကြောင်းများ ရေးသားသောအခါ မကောင်းတာမရေးဝံ့၊ ကောင်းတာတွေချည်းရေးရသည်။ ထိုသို့ရေးသားသောအခါမှာလည်း ယုတ္တိမတန်သောအချက်များ ထည့်သွင်းရေးသားခဲ့ကြသည်။ ထိုသို့ရေးမှလည်း ဘုရင်ကသဘောကျပြီး ဆုတော်လာဘ်တော် ချီးမြှင့်ပေးမည်ဖြစ်သည်။

မြန်မာရာဇဝင်ဆရာတို့သည် မြန်မာနိုင်ငံကိုလာပြီး တိုက်သောရန်သူအင်အားကို အမှန်ထက်ပိုပြီး ဂဏန်းတစ်လုံးတိုးပြီးရေးလေ့ရှိကြသည်ဟု "ဟာမေး" က လှောင်ပြောင်ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ အင်အားနည်းသော ရန်သူကိုအနိုင်တိုက်ရခြင်းထက် အင်အားကြီးမားသောရန်သူကို အနိုင်တိုက်ခဲ့သော ဘုရင်မင်းမြတ်၏ဂုဏ်ကို ဝက်ဝုဏ္ဏ်နည်းဖြင့် ချဲ့ကားရေးသားမှသာ ရှင်ဘုရင်ကသဘောကျမည် ဖြစ်သောကြောင့်ပင်ဖြစ်သည်။

ရေးရင်းနှင့် ချီးမြှောက်တာလွန်သွားသောကြောင့် မူလသမိုင်းကြောင်းပျောက်သွားသဖြင့် "ရာဇဝင်အုပေါက်" ဟု ပြောရသည်များလည်းရှိသည်။

ဘုရင်တို့၏ မကောင်းကြောင်းကို မပြောဝံ့ မရေးဝံ့၊ ကောင်းကြောင်းတွေချည်းသာရေးသားတင်ဆက်ရသောကြောင့် ရှင်ဘုရင်ကလည်း သူလုပ်သမျှ အကောင်းချည်း၊ အဟုတ်ချည်း ထင်နေပေတော့သည်။

ကောင်းတာတွေမရှိဘူးလားမေးလျှင် "ရှိသည်" ဟုဖြေရမည်ပင်။ ကောင်းတာတွေရှိသလို မကောင်းတာတွေ မှားယွင်းမှုတွေလည်း မြောက်များစွာရှိခဲ့ကြသည်။ ဆောင်ကြာမြိုင်မှတ်တမ်း၊ အပါးတော်မြဲအတွင်းဝန် ဦးစံရွှေ မှတ်တမ်းတင်ထားခဲ့သော "သီပေါမင်းတရားအတွင်းရေးများ" အစရှိသောစာအုပ်များကိုလေ့လာကြည့်ပါ ကုန်းဘောင်ခေတ်မှ ရှင်ဘုရင်အချို့၏ အားနည်းချက် ချို့ယွင်းချက်များကို တွေ့ရမည်ဖြစ်ပေသည်။

ရှင်ဘုရင်တို့၏လက်ချက်ကြောင့် ဆောင်ကြာမြိုင်ဒေဝီဘဝသို့ မရောက်ချင်ပဲ ရောက်ခဲ့ကြရသော မိန်းမပျိုပေါင်းမြောက်များစွာတို့ရှိခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကပင် စတင်ခဲ့သော ဆောင်ကြာမြိုင်ဇာတ်လမ်းသည် ဂျပန်ခေတ်ရောက်သောအခါ တစ်ကျော့ပြန်ပေါ်လာခြင်းပင်ဖြစ်ပေသည်။

စစ်ဘေးစစ်ဒဏ်၊ နှိပ်စက်မှုဒဏ်၊ စီးပွားရေးများနလံမထူအောင်နှိပ်စက်မှုဒဏ်၊ စားဝတ်နေရေးကျပ်တည်းမှုများနှိပ်စက်မှုကြောင့် မိန်းမများမှာ ဆောင်ကြာမြိုင်သို့ မရောက်ချင်ပဲ ရောက်ခဲ့ကြရသည်။

အချို့လည်း ပြည့်တန်ဆာအိမ်များသို့ ရောက်ကြရသည်။ အချို့လည်း ကိုယ့်အိမ်နှင့်ကိုယ်၊ ဟန်မပျက်နေကာ လုပ်ကိုင်စားသောက်နေကြသည်မျိုးလည်းရှိကြသည်။

ထိုအထဲတွင် ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့ ညီမနှစ်ယောက်လည်း အပါအဝင်ဖြစ်ပေသည်။

ခင်စိန်ကြည်က အသက်(၃၀)ဝန်းကျင်ခန့်ရှိပြီး ခင်စိန်ရီကတော့ (၂၈)နှစ်ဝန်းကျင်လောက်သာရှိပေသေးသည်။ နှစ်ယောက်စလုံး ကိုယ်လုံးကိုယ်ထည်ကောင်းပြီး၊ အသားမဖြူမညိုနှင့် ဆွဲဆောင်မှုရှိသော ရုပ်ရည်မျိုးရှိကြလေသည်။

၄င်းတို့ ညီအစ်မနေသောအိမ်မှာ ကရစ်(ယခု ဗိုလ်မြတ်ထွန်းလမ်း) အောက်ပိုင်းဘက်တွင်ဖြစ်သည်။

ခင်စိန်ကြည်တို့ ညီအစ်မမှာ ပထမ မြစ်ဝကျွန်းပေါ်ဘက်ရှိ မြို့တစ်မြို့၌ နေထိုင်ကြသည်။ နောက်ပိုင်း နယ်မြို့များမှာနေရတာ ခြေအနေမငြိမ်မသက် ဖြစ်လာသောကြောင့် နေအိမ်နှင့် အခြားပိုင်ဆိုင်သော ပစ္စည်းများကိုပါ ထုခွဲရောင်းချကာ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့သို့ အရဲစွန့်ပြီးတက်လာကြခြင်းဖြစ်သည်။

ယခင်ကတည်းက ရန်ကုန်သို့အရောက်အပေါက်များသောကြောင့် သိပ်တော့မစိမ်းလှပေ။ ရန်ကုန်ရောက်တော့ နေသူမရှိတော့သော ထိုအိမ်ကို ပွဲစားလူလည်တစ်ယောက် လက်ညှိုးထိုးပြီး၊ ဈေးချိုချိုဖြင့်ရောင်းသောကြောင့် ဝယ်ယူနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ထိုအချိန်က ခေတ်ကာလအခြေအနေမကောင်းသောကြောင့် ရန်ကုန်မြို့တွင်ရှိသော အိမ်အတော်များများမှာ ပိုင်ရှင်မရှိ၊ နေထိုင်သူမရှိပဲ ဒီအတိုင်းထားကြလေသည်။

အချို့လည်း ဒီအတိုင်းတက်နေကြသည်။ အချို့လည်း မသိသဖြင့် ပွဲစားများ၊ လူလည်များက ဈေးပေါပေါနှင့် လက်ညှိုးထိုးရောင်းချခြင်းများကို ဝယ်ယူကြရလေသည်။ ခင်စိန်ကြည်တို့ ညီအစ်မနှစ်ယောက်မှာလည်း မသိသောကြောင့် နေသူမရှိတော့သည့် အိမ်ကြီးတစ်လုံးကို ပွဲစားလူလည်က လက်ညှိုးထိုးရောင်းသည်ကို ဝယ်ယူကာ နေထိုင်ကြရလေသည်။

သူတို့ဝယ်ယူနေထိုင်စဉ်အချိန်လောက်က ဗိုလ်တထောင်မြို့နယ်အတွင်းမှာပါဝင်သော ကရစ်လမ်းတစ်ဝိုက်မှာ လူနေထိုင်မှု မများလှသေးပေ။

ပုဇွန်တောင်ဘက်နှင့်နီးသော အထက်ပိုင်းကတော့ လူစည်ကားသည်။ ထိုအချိန်က ပုဇွန်တောင်ကြက်တန်းနှင့် နီးသောနေရာများတွင် ပုံကျနေထိုင်သူများ၊ ဈေးသည်များ၊ ကူလီများ၊ ပြည့်တန်ဆာများ၊ မကောင်းမှုအလုပ်ဖြင့် အသက်မွေး



www.burmeseclassic.com

www.burmeseclassic.com



သောသူများ နေထိုင်ရာရပ်ကွက်တစ်ခုဖြစ်ခဲ့လေသည်။

လမ်း၏အောက်ပိုင်းဘက်များမှာတော့ လူနေထိုင်မှု မများလှပေ။ ထို့ပြင် နေထိုင်သောအိမ်များမှာလည်း သီးခြားရှိကြလေသည်။ အများအားဖြင့် ရှေးကိုလိုနီခေတ်က တွေ့ရလေ့ရှိသော တိုက်ပုံသဏ္ဍာန်တို့သာများလေသည်။

ခင်စိန်ကြည်တို့ညီအစ်မမှာ မိဘလည်းမရှိ၊ ဆွေမျိုးသားချင်းလည်းမရှိကြတော့သဖြင့် အိမ်ကြီးတစ်လုံးတွင် နှစ်ယောက်တည်းပင်နေကြရလေသည်။

နယ်ဘက်မှပြောင်းလာစတွင် ပစ္စည်းဥစ္စာအတော်အသင့်ပါလာသောကြောင့် အခြားဘာမှမလုပ်ပဲ ထိုင်စားကြလေသည်။ တစ်နေ့တော့ ခင်စိန်ကြည်က ညီမဖြစ်သူခင်စိန်ရီကို ပြောသည်။

"အရီ. . ငါတို့ညီအစ်မလည်း ရန်ကုန်ပြောင်းလာကြတာကြာပြီ၊ အခုထိ ဘာလုပ်ရမှန်းလည်း မသိသေးဘူး"

"ဟုတ်တယ် မမကြည့်ရဲ့၊ ဒီလိုသာထိုင်စားနေလို့ကတော့ ပါလာတဲ့ပစ္စည်းလေးတွေ ကုန်သွားရင်တော့ အခက်ပဲ"

ဟု ခင်စိန်ရီကပါ စိတ်ပူစွာဖြင့် ပြန်ပြောလေသည်။

"ဒီလောက်တော့လည်း စိတ်ပူမနေပါနဲ့ကွယ်၊ မမတို့နှစ်ယောက်မှာ နေစရာရှိနေမှတော့၊ တစ်ဝမ်းတစ်ခါးအတွက်ကတော့ ဒီလိုပဲ ရှာဖွေစားသောက်ရင် မခက်လှပါဘူး"

"မမကြည်က ဘာတွေလုပ်မယ်လို့များ စိတ်ကူးထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရေကျော်ဈေးဘက်မှာ မမကြည်နဲ့သိတဲ့ အမျိုးသမီး မိတ်ဆွေတစ်ယောက်ရှိတယ်၊ တစ်နေ့တော့ သူ့ဆီသွားပြီးတော့ စုံစမ်းကြည့်ပါဦးမယ်"

ဟုပြောဆိုကာ နောက်တစ်နေ့ နေ့လည်ပိုင်းတွင် လံချားတစ်စီးခေါ်ကာ ရေကျော်ဈေးဘက်သို့ သွားလေသည်။

ထိုအချိန်ကာလက ရေကျော်ဈေးမှာ ဈေးကြီးစာရင်းဝင်မရှိသေးဘဲ ပျံကျဈေးသည်တို့သာများသော ရပ်ကွက်ဈေးဖြစ်လေသည်။

ခင်စိန်ကြည်နှင့်သိသော မိတ်ဆွေဖြစ်သူမှာ ဒေါ်မြလေးဆိုသူဖြစ်ပြီး ယခင်ကတော့ ရေကျော်ဈေးထဲမှာ စစ်အကျီ၊ အသုံးအဆောင်ပစ္စည်းများ ရောင်းချနေသူဖြစ်သည်။ စစ်အကျီ၊ ဘောင်းဘီ၊ ခြင်ထောင်၊ စောင်၊ ဆွယ်တာ စသောပစ္စည်းများအပြင် အခြားစစ်သားများအသုံးပြုသော ပစ္စည်းအဟောင်း အသစ်များကို ဈေးပေါပေါဖြင့်ဝယ်ယူကာ ပြန်လည်ရောင်းချသော လုပ်ငန်းဖြစ်သည်။

တစ်ချိန်က ရန်ကုန်မြို့ လမ်းမတော်ဘက်၌ရှိသော သံဈေးမှာ စစ်သားများဝတ်ဆင်အသုံးပြုသော အဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်းရောင်းချကြသည့် ဆိုင်အတော်များများရှိကြလေသည်။

အခြားဈေးများမှာတော့ ထိုကဲ့သို့သော ရောင်းချသည့်ဆိုင်မျိုး များများမရှိပဲ တစ်ဆိုင်၊ နှစ်ဆိုင်လောက်သာရှိတတ်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြလေးက ရေကျော်ဈေးထဲတွင် ထိုကဲ့သို့သော ပစ္စည်းများ ဝယ်ရောင်းလုပ်ကာ စီးပွားရှာနေသူဖြစ်သည်။ ထို့ကြောင့် သူ့ဆိုင်သို့ မကြာခဏဆိုသလို စစ်သားများ ရောက်လာလေ့ရှိသည်။

အင်္ဂလိပ်များအုပ်စိုးနေစဉ်က အင်္ဂလိပ်စစ်တပ်နှင့် ပုလိပ်အဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော ပုလိပ်နှင့် စစ်သားများလာရောက်ကာ လိုချင်သောပစ္စည်းရှိလျှင် ဝယ်ယူပြီး အသုံးမလိုတော့သည့် ပစ္စည်းများရှိလျှင်လည်း တိုးတိုးတိတ်တိတ်မေးမြန်းကာ ရောင်းချသွားလေ့ရှိကြသည်။

(၁၉၄၂)ခုနှစ်နောက်ပိုင်း အင်္ဂလိပ်များ ထွက်ပြေးရပြီး၊ ဂျပန်များဝင်ရောက်လာပြီးနောက်ပိုင်းမှာလည်း ဂျပန်စစ်သား စစ်ဗိုလ်အရာရှိများနှင့် ဆက်သွယ်ကာ လုပ်ကိုင်ခဲ့လေသည်။

ရေကျော်ဈေးထဲမှာတော့ ဒေါ်မြလေးဆိုလျှင် မသိသူမရှိသလောက်ပင်။ အင်္ဂလိပ်ခေတ်တုန်းကလည်း အင်္ဂလိပ်စစ်သား၊ စစ်ဗိုလ်များနှင့် အဆင်ပြေအောင်ပေါင်းသင်းဆက်ဆံရပြီး၊ ယခု ဂျပန်ခေတ်ရောက်တော့လည်း ဂျပန်စစ်သား၊ စစ်ဗိုလ်များနှင့် အဆင်ပြေအောင်ပေါင်းသင်းကာ ရောင်းဝယ်စားသောက်ရလေသည်။

သို့သော်လည်း စီးပွားရေးကျပ်တည်းမှုများကြောင့် အရောင်းအဝယ်ကတော့ မကောင်းလှပေ။

တစ်ခါတစ်ရံ တစ်နေ့လုံး အရောင်းအဝယ် မဖြစ်သဖြင့် ဈေးဦးမပေါက်သောနေ့များပင် ရှိလာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ဒေါ်မြလေး ဈေးရောင်းနေသော ဆိုင်သို့ ဂျပန်စစ်ဗိုလ်တစ်ယောက် ရောက်လာလေသည်။ စစ်ဝတ်စုံများ ဝတ်ဆင်မထားသော်လည်း မြင်ရုံနှင့်ပင် ဂျပန်စစ်သား၊ သို့မဟုတ် စစ်ဗိုလ်တစ်ယောက်ဖြစ်မှန်းတော့ သိလေသည်။

"ဘာလိုချင်သလဲ မာစတာ"

ခေါင်းခါပြသဖြင့် ထပ်မေးလိုက်သည်။

"ရောင်းဖို့ပစ္စည်းရော ပါသလား"

ခေါင်းခါပြသည်။

"ဒါဖြင့် ဘာလိုချင်လို့လဲ"

"မိန်း . . မ . ."

"ဟင် . ."

ဒေါ်မြလေးမှာ မျက်လုံးပြူးသွားလေသည်။

ဒေါ်မြလေးမှာ အသက်(၄၀)ကျော်အရွယ်ခန့်ရှိသော မုဆိုးမတစ်ဦးဖြစ်သည်။ ရုပ်ရည်ကချောမောလှပခြင်းမရှိသလို ကိုယ်လုံးကိုယ်ထည်ကလည်း ဝဝဖိုင့်ဖိုင့်နှင့် ကြည့်ပျော်ရှုပျော်မရှိလှပေ။ သို့သော်လည်း ရန်ကုန်ထဲမှာနေထိုင်သူဖြစ်သောကြောင့် ပြောသည်နှင့်ချက်ချင်း သဘောပေါက်လေသည်။

"ဒီဆိုင်မှာတော့ မိန်းမ,မရှိဘူး၊ မိန်းမလိုချင်ရင် ဆောင်ကြာမြိုင်ကိုသွားမှပေါ့"

"ငါက ဆောင်ကြာမြိုင်သွားခွင့် မရသေးဘူး၊ ဒါကြောင့် မိန်းမလိုချင်တယ်၊ ရှာပေးပါ"

"ကောင်းပြီး နင်လိုချင်ရင် နောက်ရက်တော့ တစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်လာခဲ့၊ ငါရှာထားပေးမယ်"

ဟုပြောလိုက်ရာ ခေါင်းညိတ်ပြပြီး ဒေါ်မြလေးအား ငွေအချို့ပေးထားခဲ့ကာ ပြန်ထွက်သွားလေသည်။

"အင်း...ဈေးရောင်းမကောင်းလို့ စိတ်ညစ်နေတဲ့ အချိန်မှာ ငွေပေးမယ့်သူက ရောက်လာပါလား"

ဒီအလုပ်လည်း မဆိုးဘူး၊ ငွေအရလွယ်သားပဲ။

ဟုတွေးကာ သဘောကျသွားလေသည်။

နောက်ရက်များမှာတော့ ဒေါ်မြလေးအတွက် အလုပ်တစ်ခု ရခဲ့လေသည်။

ပထမတော့ ပြည့်တန်ဆာအချို့ကိုခေါ်ပြီး သူ့အိမ်မှာပင် တွေ့ပေးသည်။ ရရှိသောငွေကို သူကသင့်တော်သလောက်ခွဲယူသည်။ ထိုအလုပ်က ဈေးရောင်းတာထက် ပိုက်ဆံပိုရသည်။

နောက်ပိုင်းရောက်တော့ ဈေးရောင်းသောအလုပ်ကိုပင် မလုပ်တော့ပဲ ထိုအလုပ်ကိုပင် ဇောက်ချပြီး လုပ်ကိုင်လေသည်။ ထိုသို့လုပ်ကိုင်သော်လည်း စည်းမဲ့ကမ်းမဲ့ ပစ္စလက္ခတ်လုပ်ခြင်းမျိုးတော့ မဟုတ်ပေ။

ငွေကြေးချမ်းသာသူများ၊ အစိုးရအရာရှိ အရာခံများ၊ ဂျပန်စစ်ဗိုလ်စသည်တို့ဖြင့် လူကုန်တန်အသိုင်းအဝိုင်းမှ လာရောက်သူများလောက်သာ သီးခြားလက်ခံခြင်းမျိုး ပြုလုပ်လေသည်။

အချို့သူများက ၄င်းတို့ ဂုဏ်သိက္ခာထိပါးမည်စိုးသည်ကတစ်ကြောင်း၊ လူသိမည်စိုးသောကြောင့် ဆောင်ကြာမြိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါ်ထင်ထင် ဖွင့်ထားသော ပြည့်တန်ဆာအိမ်များသို့ မသွားလိုကြပေ။

ဒေါ်မြလေးလိုလူသိမခံပဲ သီးသန့်ပြုလုပ်နေသော နေရာသို့သာ တိုးတိုးတိတ်တိတ်လာရောက်ကြလေသည်။

ရန်ကုန်မြို့တွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ပြည့်တန်ဆာလုပ်ငန်းများကို တရားဝင်မဟုတ်သော်ငြားလည်း စီးပွားရေးလုပ်ငန်းအသွင်ဖြင့် ပေါ်ပေါ်ထင်ထင်ပြုလုပ်ခဲ့ကြောင်းကို စာရေးဆရာကြီးတစ်ဦးက ရေးသားမှတ်တမ်းတင်ထားခဲ့ခြင်းမျိုး ရှိပေသည်။

"ကျွန်ုပ်တို့ (၁၃-၄)နှစ်အရွယ်ကျောင်းသားဘဝက ရန်ကုန်မြို့လည်အချို့လမ်းများသည် ပြည့်တန်ဆာများသက်သက် နေထိုင်စီးပွားရှာရာလမ်းဖြစ်နေသည်ကို တွေ့ရဖူးပေသည်။ ညဥ့်အချိန်များတွင် မီးထိန်ထိန်ထွန်းပြီး ပြည့်တန်ဆာမများသည် လှပစွာ ဖြီးလိမ်းဝတ်ဆင်လျှက် အိမ်ပေါက်ဝများမှ တေးသီချင်းသံလေးပေး၍သော်လည်းကောင်း၊ တိုက်ရိုက်ဖိတ်ခေါ်ခြင်းဖြင့်လည်းကောင်း ပြုံးရွှင်စွာမြူဆွယ်ကြရာ အပျော်အပါးလိုက်စားသူတို့မှာ လွတ်လပ်စွာပင် ဝင်ထွက်နိုင်ကြပေသည်။"

ဂါဝန်ဝတ်သူများ၊ ဆာရီဝတ်သူများ၊ ကီမိုနိုဝတ်သူများကိုလည်း တွေ့ရသည်။ ဆိုလိုရင်းမှာ မျက်နှာဖြူလူမျိုးမဟုတ်သော ဂါဝန်ဝတ်အရေချုံ(ဗိုလ်မများ)၊ ဆာရီဝတ်ကုလားမများ၊ ကီမိုနိုဝတ်ဂျပန်မများလည်း ထိုသို့သော ပြည့်တန်ဆာလမ်းများတွင် တွေ့ရခြင်းဖြစ်ရာ ကျွန်ုပ်တို့မှတ်မိသော လမ်းတစ်လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ယခုလေပဟာပြင်ရျေးဘေး (၂၇)လမ်းပင်ဖြစ်၍ နာမည်ကြီး ပြည့်တန်ဆာအိမ် ဆောင်ကြာမြိုင်ကြီးတစ်ခုမှာမူ ယခု သူရိယ သတင်းစာတိုက်ဖြစ်နေသော တိုက်တန်းလျားကြီး၏ အထပ်ထပ်ပင်ဖြစ်သည်။

ထိုအထပ်ထပ်တွင် မြန်မာမများထက်၊ ကုလားမများနှင့် ဂျူး(ခေါ်)ရေဝတီမများက ပိုမိုများပြားစွာရှိနေသည်ကို တွေ့ရပြီး တစ်ခန်းမလပ် ပြည့်တန်ဆာမ မျိုးစုံရှိနေကြသည်။

ဟု ရေးသားဖော်ပြထားလေသည်။

အထက်ဖော်ပြသောလမ်းများ၊ နေရာများမှာ လိုင်စင်ရထားဘိသကဲ့သို့ ပေါ်ပေါ်ထင်ထင်ပြုလုပ်နေသဖြင့် ထိုနေရာများသို့ ဝင်ထွက်သွားလာသူတို့အဖို့ လူမိခံရသောအဖြစ်မျိုးနှင့် ကြုံတွေ့ရပေသည်။ ထို့ကြောင့် အချို့ကမသွားလိုကြပေ။

ဒေါ်မြလေးလို တိတ်တိတ်ပုန်းဖွင့်ထားသော သီးသန့်နေရာများသို့သာ လာရောက်ကြသေည်။

ဤသို့ဖြင့် ဒေါ်မြလေးမှာလည်း တစ်နေ့တခြား စီးပွားလမ်းဖြောင့်လာပေတော့သည်။ ခါတိုင်းလို ဈေးမထွက်တော့ပဲ အလုပ်လိုသောသူများကို ရှာဖွေပေးရခြင်းသာဖြစ်သည်။ ယခုလို စီးပွားရေးကျပ်တည်းပြီး၊ စားဝတ်နေရေးခက်ခဲသော အချိန်မျိုးတွင် ထိုသို့ပြုလုပ်ကာ စီးပွားရှာလိုသော အမျိုးသမီးများကို ရှာဖွေရသည်မှာ မခက်ခဲလှပေ။ အစပိုင်းလုပ်ကာစ အချိန်လောက်သာ လူရှာရတာခက်သော်လည်း နောက်ပိုင်း သူဒီအလုပ်မျိုးလုပ်နေသည်ကို တစ်ဆင့်စကားဖြင့် ကြားသောအခါ သူ့ဆီသို့ဖာ



www.burmeseclassic.com

www.burmeseclassic.com



သာရောက်လာပြီးနောက် လာရောက်ဆက်သွယ်ကြလေသည်။

"အစ်မကြီးရယ် ကျမတို့လည်း ကြည့်ပါဦး၊ တခြားမှာ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေလို့၊ လိုရင်ခေါ်ပါနော်"

"ခေါ်တာတော့ဟုတ်ပါပြီ။ ထုံးစံတော့သိမယ်မဟုတ်လား"

"သိပါတယ်၊ သူများတွေပေးသလိုပဲ ပေးပါ့မယ်"

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း ငါကတော့ နင်တို့နေရာအထိ လိုက်မခေါ်နိုင်ဘူး၊ အချိန်ရရင်ဒီမှာလာနေပေါ့"

ဟုပြောလိုက်ရုံဖြင့် အချို့လည်း လာနေကြသည်။

တချို့လည်း အချိန်ပိုင်းနှင့်လာရောက်လုပ်ကိုင်ကြလေသည်။ ဤသို့ဖြင့် ဒေါ်မြလေးလည်း တစ်နေ့တခြား စီးပွားရေးအဆင်ပြေလာလေတော့သည်။

တစ်နေ့သ၌ ဒေါ်မြလေးနေသော ရေကျော်လမ်းဘက်မှာရှိသောအိမ်သို့ ခင်စိန်ကြည်ရောက်လာသည်။ ဒေါ်မြလေးကတော့ ခင်စိန်ကြည်ကိုမြင်သောအခါ ဝမ်းသာသွားလေသည်။ အိမ်ထဲခေါ်ပြီး နေရာထိုင်ခင်းပေးကာ အကျိုးအကြောင်းမေးမြန်းရလေသည်။

"ကျွန်မ ရေကျော်ဈေးထဲရောက်ခဲ့သေးတယ် ဒေါ်မြလေးဆိုင်မထွက်တာကြာပြီပြောလို့ အိမ်လိုက်လာခဲ့တာ"

"ငါ ဘာအကူအညီပေးရမလဲ ခင်စိန်ကြည်"

"ကျွန်မတို့ ညီအစ်မလည်း ရန်ကုန်ရောက်တာကြာပြီ၊ အခုထိ ဘာလုပ်ရမှန်းမသိတော့ ဘာမှလုပ်သေးပဲနဲ့ ရှိတာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ တဖြည်းဖြည်း ထိုင်စားနေရတယ်"

ဒေါ်မြလေးက ဆေးပေါ့လိပ်ကို တွင်တွင်ဖွာရင်းနှင့် အကဲခတ်သလို ကြည့်နေလေသည်။

"နင်ဘာလုပ်မယ် စိတ်ကူးထားလို့လဲ"

"ကျွန်မကတော့ ဘာမှအစီအစဉ် မရှိသေးပါဘူး၊ ဒေါ်မြလေး အနေနဲ့ကောင်းတဲ့အလုပ်ကလေးများရှိရင် ပြောပေးပါဦး"

"ဂျပန်တွေ အုပ်ချုပ်နေတဲ့ ခေတ်ကာလမှာ ခေတ်က ပျက်နေပြီ။ ဘာအလုပ်မှ လုပ်စားလို့အဆင်မပြေကြဘူး၊ ငါတောင် ဈေးထဲမှာ အထည်ရောင်းတာအဆင်မပြေတော့လို့ တခြားအလုပ်ပြောင်းလုပ်နေရဝာယ်..."

"ဘာတွေလုပ်နေတာလဲဟင်..."

ဒေါ်မြလေးက ဆေးပေါ့လိပ်ဖွာရင်းနှင့် သူလုပ်နေသည့်အလုပ်အကြောင်းကို အမှန်အတိုင်းပင်ဖွင့်ပြောလိုက်လေသည်။ ပထမတော့ ခင်စိန်ကြည်မှာ အံ့သြသွားလေသည်။

နောက်တော့ ဒေါ်မြလေးက အပြောကောင်းသဖြင့် တဖြည်းဖြည်းနှင့် စိတ်ဝင်စားလာလေသည်။

ထိုအခြေအနေကပင် ခင်စိန်ကြည်အတွက် ဘဝအချိုးအကွေ့တစ်ခုဖြစ်လာသော အကြောင်းအရင်းပင်ဖြစ်ပေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၃ )

# ဘီလူးမျက်နှာနှင့်လူ

နောက်ပိုင်းရက်အတန်ကြာတော့ ခင်စိန်ကြည်တို့ နေထိုင်သော အိမ်ကြီးသို့ ညှို့သည့်အဝင်အထွက်ရှိလာလေတော့သည်။ ယခင်က ညီမနစ်ယောက်တည်းနေသဖြင့် တိတ်ဆိတ်ငြိမ်သက်နေသော အိမ်နီကြီးမှာ ယခုတော့ အသက်ဝင်လာသကဲ့သို့ ရှိလာလေသည်။

ရန်ကုန်ပြောင်းလာကတည်းက အသိအကျွမ်းမိတ်ဆွေမရှိသောကြောင့် ပတ်ဝန်းကျင်၌ နေထိုင်ကြသူတို့နှင့် အ



www.burmeseclassic.com

www.burmeseclassic.com



ဆက်အဆံမရှိခဲ့သော်လည်း ယခုတော့ ထိုအိမ်ကြီးသို့ နေ့စဉ်ဆိုသလို လူအဝင်အထွက်ရှိလာလေသည်။ ထိုအိမ်သို့လာရောက်သော ဧည့်သည်များမှာလည်း သာမန်လူတန်းစားများတော့ မဟုတ်ကြပေ။ ခြေလျင်လာသူမရှိသလောက် နည်းပါးလှပေသည်။ လန်ချား၊ မြင်းလှည်း၊ တက္ကစီကားတို့ဖြင့်သာ လာရောက်ကြသူများပေသည်။

သို့သော် ဈေးရောင်းနေသကဲ့သို့ လူအဝင်အထွက်မပြတ်ရှုတ်နေခြင်းမျိုးတော့ မဟုတ်ပေ။

ညနေပိုင်း ရုံးဆင်းချိန်၊ အလုပ်သိမ်းချိန်ရောက်တော့မှသာ တစ်ဦးစ၊ နှစ်ဦးစ လာရောက်ကြခြင်းဖြစ်သည်။

လာရောက်ကြသူတို့မှာလည်း သာမန်မဟုတ်ကြပေ။ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား၊ အရာရှိအရာခံများနှင့် ဂျပန်စစ်ဗိုလ်တို့သာ အလာများကြလေသည်။

ထိုကဲ့သို့ လာရောက်ကြသူတို့တွင် ကုလားသူဌေး မတ်စတီးခန်းကဲ့သို့ လူမျိုးပေါင်းပါဝင်လေသည်။ မတ်စတီးခန်းက ကျိုကျိုတက်ချမ်းသာသော သူဌေးတစ်ဦးဖြစ်သလို လူမိုက်တစ်ဦးလည်းဖြစ်သည်။

၎င်းနေသောလမ်းမှာ စကင်းမောင်ထော်လေးလမ်း၌ဖြစ်သဖြင့် နောက်ပိုင်းထိုလမ်းကိုပင် "မတ်စတီးလမ်း" ဟုပြောင်းလဲခေါ်ဝေါ်ကြလေသည်။

မတ်စတီးခန်းက ရွှေဦးထုပ်ဆောင်းပြီး မြင်းလေးကောင်တပ် ဒေါက်ကပ်ရထားကြီးကို စီးပြီးလာလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ကပ်မောင်းသော ကုလားက မဟာရာဂျာလိုတစ်မျိုး၊ အနောက်တိုင်းဝတ်စုံကို ဝတ်၍တစ်သွယ် မြင်းရထားမောင်းပို့ပေးရသည်။

ရန်ကုန်မြို့မှ အင်္ဂလိပ်များ ထွက်ပြေးရပြီး၊ ဂျပန်များဝင်ရောက်လာသောအခါမှာလည်း ပေါင်းသင်းဆက်ဆံရေးကောင်းသော ကုလားသူဌေးနှင့် လူမိုက်များမှာ သူနေရာနှင့်သူနေရာရနေကြလေသည်။

ခင်စိန်ကြည်တို့နေသော တိုက်နီကြီးသို့ တစ်ခါတစ်ရံမြင်းလေးကောင်တပ် ဒေါက်ကပ်ရထားကြီးနှင့် ဧည့်သည်များအဝင်အထွက်ရှိလာသောကြောင့် ပတ်ဝန်းကျင်မှ စိတ်ဝင်စားမှုရှိလာကြသည်။

နောက်တော့ တဖြည်းဖြည်းနှင့် သဘောပေါက်လာကြလေသည်။ ဂျပန်စစ်သားများ အဝင်အထွက်ရှိလာသည်ကိုမြင်သောအခါ ကလေးများကပင် ကစားရင်းနှင့် အော်ဟစ်ပြောဆိုကြလေသည်။

"ခင်စိန်ကြည်၊ ခင်စိန်ကြည်..လင်ယူပက်စက်သည်၊မာစတာတွေက ဂျပန်ပြန်၊ ဗိုက်တစ်လုံးနဲ့ကျန်၊ မွေးပြန်တော့လည်း သူ့ကလေး..အဖေမပေါ်ပဲမွေး၊ ယောရောရှိ..ယောရောရှိ..."

ဟူသော စကားများပင်ဖြစ်ကြလေသည်။

နောက်ပိုင်းရောက်တော့ ရန်ကုန်မြို့ထဲအထိပါ တဖြည်းဖြည်း ပြန့်နှံ့သွားကာ အော်ဟစ်ရွတ်ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်များတွင် အရက်မူးလာသောအခါ သီချင်းလုပ်ကာအော်ဟစ်ဆိုကြလေသည်။

"ခင်စိန်ကြည် ခင်စိန်ကြည် လင်ယူပက်စက်သည်"

ဟူသောစကားမှ ရန်ကုန်တစ်မြို့လုံး ပြန့်နှံ့သည်အထိ ရှိလာပေတော့သည်။ သင်္ကြန်ကာရောက်သောအခါ သံချပ်ထိုးသောအခါပင် ထည့်သွင်းသီဆိုကြသည်။

(အမှန်တော့ ဂျပန်ခေတ်က ပေါ်လာသော ထိုစကားနှင့် စာသားများမှာ ကလေးများဆော့ကစားရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်သော်လည်း နောက်ပိုင်းတစ်မြို့လုံးက သီဆိုခဲ့ကြသဖြင့် တဘောင်စကားမျိုးလည်း ဖြစ်ခဲ့ပေသည်။ ထို့ပြင် မြန်မာအမျိုးသမီးများအတွက် ဆင်ခြင်တုံတရားရစေရန် သတိပေးသော တဘောင်စကားမျိုးလည်း ဖြစ်ခဲ့ပေသည်)

(၁၉၄၇)ခုနှစ်လောက်ရောက်တော့ ရန်ကုန်မှာသင်္ကြန်ပွဲများ ပြန်လည်ကျင်းပကြပြီး သံချပ်များလည်း ထိုးခဲ့ကြသည်။ ပထမတော့ ဂျပန်များနစ်သက်စေမည့် သံချပ်များထိုးခဲ့ကြသည်။

"သွေးနှင့်ချွေးနှင့် အရင်းတည်၊ လွတ်လပ်ခဲ့ပြီ တို့ဗမာများ၊ လွတ်လပ်ရေးကြီးတည်မြဲရန်၊ ကျားမ,မကျန် ကျုပ်တို့ဝန်ထမ်း၊ ကျန်းမာသုခရှိကြစေ၊ အမျိုးသားတွေ ကြိုးစားလိုက်ကြ၊ စစ်မျက်နှာကသွေးပူဇော်၊ ချွေးအလှူတော်ပေးတဲ့နောက်ပိုင်း၊ ဝန်ကိုထမ်းလို့ပင်ပန်းပေါင်၊ ခေတ်သစ်ထူထောင် အောင်ဖို့မလွဲ၊ ကမ္ဘာရှည်လွန် ကြံ့တိုင်း ကြံ့တိုင်း၊ ဗမာနိပ္ပွန် ဗန်ဇိုင်း ဗန်ဇိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကျူပြင်ခုတ်လို့ ကျူငုတ်မကျန်၊ အင်္ဂလန်ကို ချေလိုက်မှုန်းလိုက်၊ မျိုးပါပြုတ်လို့ မြေကြီးလှန်၊ အမေရိကန်ကို ချေလိုက်မှုန်းလိုက်"

စသည်ဖြင့် ဂျပန်ရောက်ကာစက အင်္ဂလိပ်တို့လက်မှ လွတ်မြောက်ခွင့်ရသဖြင့် ထိုကဲ့သို့သော သံချပ်များ ရေးထိုးခဲ့ကြသည်။

နောက်ပိုင်း ဂျပန်များနှိပ်စက်မှုဒဏ်ခံရပြီး အမျိုးသမီးများ ပျက်ဆီးခြင်းခံရသောအခါ သံချပ်ပြောင်းသွားလေသည်။ ဂျပန်များနှင့် ဆက်ဆံနေသော မိန်းမများအတွက် ရည်စူးပြီး ခင်စိန်ကြည်လို တဘောင်စကားများ ပေါ်လာသည်။ သံချပ်များ ပေါ်ပေါက်လာသည်။

"ခင်စိန်ကြည် ခင်စိန်ကြည် လင်ယူပက်စက်သည်၊
မာစတာတွေက ဂျပန်ပြန်၊ ဗိုက်တစ်လုံးနဲ့ကျန်၊
မွေးပြန်တော့လည်း သူ့ကလေး
အဖေမပေါ်ပဲမွေး၊ ယောရောရှိ..ယောရောရှိ.."
ဟူ၍လည်းကောင်း၊
"ဖြည်းဖြည်းလုပ်ပါမာစတာရဲ့၊ ယောရောရှိ ယောရောရှိ
ဘီးကျိုးပါမယ် မာစတာရဲ့၊ ယောရောရှိ ယောရောရှိ..
အမေနိုးမယ်မာစတာရဲ့၊ ယောရောရှိ ယောရောရှိ..
မောင်လေးနိုးမယ်မာစတာရဲ့၊ ယောရောရှိ ယောရောရှိ
ကြမ်းကျိုးပွဲမယ် မာစတာရဲ့၊ ယောရောရှိ ယောရောရှိ..
လူတွေကြားမယ်မာစတာရဲ့၊ ယောရောရှိ ယောရောရှိ..



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လှောင်ပြောင်သည့် စာပိုဒ်များပါဝင်လာခဲ့လေသည်။

တကယ်တော့ ထိုသံချပ်များမှာ ဂျပန်ခေတ်၌ နေကြရသောအမျိုးသမီးများအတွက် တစ်နည်းတစ်ဖုံ သတိပေးသော စာပိုဒ်များဆိုက မှားမည့်မဟုတ်ပါချေ...။

ဂျပန်ခေတ်ရောက်သောအခါ သာမန်လူများလိုပင် အကျပ်အတည်းနှင့်ကြုံတွေ့ရသူများလည်း ရှိကြလေသည်။

အခြားမဟုတ်၊ ရုပ်ရှင်လောကသားများပင်ဖြစ်ကြလေသည်။ ဂျပန်ခေတ်တွင် ရုပ်ရှင်မရိုက်ရတော့သဖြင့် ရုပ်ရှင်သရုပ်ဆောင် မင်းသား၊ မင်းသမီးများ၊ ဇာတ်ပို့ဇာတ်ရံများနှင့် ရုပ်ရှင်လုပ်ငန်းကိုအကြောင်းပြုကာ လုပ်ကိုင်စားသောက်နေကြသူတို့ အထိနာကြလေသည်။

အများအားဖြင့်တော့ ရရစားစား၊ တစ်နေ့လုပ်တစ်နေ့စားများသာ များသောကြောင့် ထိုကဲ့သို့ အလုပ်မလုပ်ရသောအခါ စားဝတ်နေရေး ကျပ်တည်းသောဘေးဖြင့် ရင်ဆိုင်ကြရပေရာ အချို့မင်းသမီးများနှင့် ဇာတ်ပို့ဇာတ်ရံမိန်းမတို့မှာ ဆောင်ကြာမြိုင်များသို့ အချိန်ပိုင်း ဝင်ရောက်လုပ်ကိုင်ကြခြင်းမျိုးလည်း ရှိပေသည်။

ကုမ္ပဏီပိုင်ရှင်များကတော့ အကြောင်းမဟုတ်လှပေ။ ၎င်းတို့ကုမ္ပဏီမှ ရိုက်ကူးထားသော ဇာတ်ကားဟောင်းများကို မြို့လည်ရုပ်ရှင်ရုံတို့တွင် ပြန်လည်ပြသရင်းဖြင့် ဝင်ငွေရှာဖွေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကတော့ အင်္ဂလိပ်ဇာတ်ကားများကို တိုးတိုးတိတ်တိတ် ပြသကြသည်။ အင်္ဂလိပ်ဇာတ်ကားပြနေသည်ကို ဂျပန်မြင်သွားလျှင် နေရာမှာတင်သတ်ဖြတ်ပြီး ပစ္စည်းများကိုပါ မီးရှို့ပစ်ကြသည်။

ဂျပန်ခေတ်တွင် အစည်ကားဆုံးနေရာ ပြပါဆိုလျှင် ဗဟန်းကိုပင်ပြရပေမည်။

အင်္ဂလိပ်ခေတ်က ရန်ကုန်မြို့လည်တစ်ဝိုက်မှာ အစည်ကားဆုံးဖြစ်သော်လည်း ဂျပန်ခေတ်ရောက်တော့ ဗဟန်းဘက်မှာ အစည်ကားဆုံးဖြစ်လာလေသည်။ စီးပွားရေးသမားများ လုပ်ကိုင်စားသောက်ရာ ဗဟိုရုံချက်ဖြစ်လာလေသည်။

မြို့စွန်လည်းမကျ၊ မြို့လယ်လည်းမကျသည့်အပြင် သစ်ကြီးဝါးကြီးများနှင့် အရိပ်အာဝါသကောင်း၍ နားခိုစရာလည်းကောင်းသည်။ ထို့ပြင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ပါက ပုန်းအောင်းစရာလည်းကောင်းလှသောကြောင့် ရန်ကုန်မြို့လယ်ဘက်မှ သိပ်မစည်းကားတော့ ဗဟန်းဘက်မှာ ပိုမိုစည်ကားလာခြင်းဖြစ်လေသည်။

ထိုအချိန်က မြို့လယ်မှာ နေထိုင်ကြသူတို့မှာ ဗုံးရန်ကြောက်ကြသဖြင့် ဗဟန်း၊ တာမွေ၊ ကျောက်မြောင်း၊ ကြည့်မြင်တိုင်စသည့် မြို့စွန်ကျသော ရပ်ကွက်များသို့ ရွှေ့ပြောင်းနေထိုင်ကြလေသည်။

ဂျပန်ခေတ်တွင် အစိုးရရုံးများပင် ဗဟန်းနှင့် ကုက္ကိုင်း၊ ဟာမစ်တစ်စသော တောတောင်ထူထပ်သော နေရာများတွင်



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ပြောင်းရုံးစိုက်ကာ လုပ်ကိုင်ကြသည်။

ဗဟန်းဘက်မှာ စီးပွားရေးအချက်အခြာကျပြီး စည်ကားလာတော့ စီးပွားရေးသမားများကလည်း ဗဟန်းဘက်ကို မျက်စိကျလာသည်။ ကုန်ပစ္စည်းနှင့် အစားအသောက်များ လာရောက်ရောင်းချကြသည်။

စာအုပ်၊ ဆေးဝါး၊ ဆပ်ပြာ၊ စားသောက်ကုန်ပစ္စည်းများ လိုချင်လျှင် ဗဟန်းဘက်သွားမှရသည်။

ရွှေရောင်းချင်၍ဖြစ်စေ၊ ရွှေဝယ်ချင်လို့ပဲဖြစ်စေ စိန်ရွှေရတနာရောင်းချင်လို့ပဲဖြစ်စေ၊ ဝယ်ချင်လို့ပဲဖြစ်စေ ဘာဘူတန်း (ယခုရွှေဘုံသာလမ်း)သွားလျှင်တော် အလုပ်မဖြစ်ပေ။ ရောင်းသူဝယ်သူ သိပ်မတွေ့ရပေ။ ဗဟန်းဘက်သွားလျှင်တော့ သေချာပေါက်အရောင်းအဝယ်ဖြစ်နိုင်ပေသည်။

ထို့ပြင် အခြားအသုံးအဆောင်ပစ္စည်းများလည်း သူ့ဈေးနှင့်သူ ဝယ်ယူရောင်းချ၍ ရကြလေသည်။

ဗဟန်းဘက်တွင် တခြားအရောင်းအဝယ်များ ကောင်းသည့်အပြင် အစားအသောက်ကောင်းကောင်းများလည်း ရနိုင်လေသည်။ သကြားစစ်စစ်ဖြင့် ဖျော်သောလက်ဖက်ရည်၊ ကော်ဖီအစစ်ဖြင့်ဖျော်သော ကော်ဖီခါးခါး၊ ဟိုတယ်ချက် အစားအသောက်ကောင်းကောင်းများ၊ အရက်မျိုးစုံတို့လည်း ရနိုင်သေးသောကြောင့် အစားအသောက်ကောင်းကောင်း ကြိုက်နှစ်သက်သူတို့မှ တကူးတကဆိုသလို ဗဟန်းဘက်သို့ သွားရောက်စားသောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အပျော်အပါးလိုက်စားတတ်သူတို့အဖို့လည်း ဆောင်ကြာမယ်စစ်စစ် မဟုတ်သော်လည်း စီးပွားရေးကျပ်တည်းမှုကြောင့် အပိုဝင်ငွေထွက်ရှာသော မိန်းမများနှင့်လည်း တွေ့နိုင်ပေရာ ဝါသနာပါလျှင် အလိုရှိရာသို့ မြင်းလှည်းဖြင့် ခေါ်သွားနိုင်ပေသည်။

ဂျပန်ခေတ်က ဗဟန်းဘက်သို့ ကားမရောက်ပေ။ မြင်းလှည်းသာပေါက်သည်။

ထိုအချိန်က မြင်းလှည်းသမားတို့ အရေးပါပုံမှာ ယခု "ကား"ဆရာတို့ အရေးပါပုံကဲ့သို့ပင်ရှိလေသည်။

"ဗဟန်းကို ဗဟန်းကို…တစ်ယောက်လို…တစ်ယောက်လို" စသည်ဖြင့် အော်နေသံတို့မှာ မြင်းလှည်းရပ်နားသော ဂိတ်များတွင် နေ့ဝင်နေ့ထွက် ကြားနေကြရပေသည်။

ရှေ့တွင် ရေးသားဖော်ပြပြပေးခဲ့သည့်အတိုင်း ဗဟန်းဘက်တွင် သစ်ကြီးဝါးကြီးများ နေပြောက်မထိုးအောင် ရှိနေသကဲ့သို့ တောင်ကုန်းနှင့် ချိုင့်ဝှမ်းများလည်း များစွာပေါလှသော နေရာဖြစ်သည်။

ထို့ကြောင့် ပုံးကြဲလျှင် ပုန်းကွယ်ရန် နေရာကောင်းသည်ကတစ်ကြောင်း၊ ဘယ်နေရာသွားသွား ခရီးမဝေးလှပဲ အချက်အချာကျသည်ကတစ်ကြောင်းကြောင့် ဂျပန်ခေတ်တွင် ဗဟန်းဘက်၌ စည်ကားခဲ့ခြင်းဖြစ်ပေသည်။

ထိုသို့ စည်ကားခြင်းအကြောင်းရင်းများထဲတွင် အစားအသောက်ပေါခြင်း၊ လိုချင်သည့် အဝတ်အထည်အသုံး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပစ္စည်းများ ဝယ်ယူရရှိနိုင်ခြင်းကြောင့်ပင်ဖြစ်ပေသည်။

ထိုခေတ်အခါက ရွှေဒင်္ဂါးတစ်ပြားမှ (၁၅)ကျပ်၊ (၁၆)ကျပ်လောက်သာရှိရာ ရွှေဝယ်လိုလျှင်လည်း ဗဟန်းဘက်သွားလာကြရလေသည်။

ငွေတစ်မတ်ရှိလျှင်ပင် ကြိုက်သည့်အစားအသောက်ကို မှာယူစားသောက်နိုင်ကြသည်။

ထိုအချိန်က ကန်တော်ကြီး နံဘေးတွင် ရုပ်ရှင်ပြသောရုံလည်းရှိသဖြင့် ပိုမို၍စည်ကားသောအကြောင်းရင်းဖြစ်ပေသည်။ ကန်တော်ကြီးစောင်း၌ ပထမဆုံး ဆောက်သောရုပ်ရှင်ရုံမှာ "ကန်တော်မိတ် ရုပ်ရှင်ရုံ" ပင်ဖြစ်သည်။ သွပ်အသစ်မရနိုင်သဖြင့် မီးလောင်ထားသော သွပ်ပြားများဖြင့် အမိုးအကာပြုလုပ်ထားသော ရုံဖြစ်သည်။

ရုပ်ရှင်ကြည့်နေစဉ် ပုံးကြဲပါက နောက်ဘက်အပေါက်မှထွက်ပြီး ကန်တော်ကြီးသို့ဆင်းကာ ပုံးဒဏ်ရှောင်ကြရသည်။ ပုံးကြဲသော လေယာဉ်များပြန်သွားတော့မှ ခေါင်းပေါ်တင်ထားသော အင်္ကျီလုံချည်တို့ကို ပြန်ဝတ်ကာ ရုပ်ရှင်ရုံထဲသို့ ဟန်မပျက်ပြန်ဝင်ကြသည်။ အန္တရာယ်ကင်းတော့မှ ရုပ်ရှင်ကလည်း ဆက်ပြသည်။

နောက်တော့ ကန်တော်မိတ်ရုပ်ရှင်ရုံအပြင်၊ နေသူရိန်ရုံနှင့် မြိုင်ရုံတို့ဖြစ်သည်။ နေသူရိန်ရုံက သစ်ကြီးဝါးကြီးများဖြင့် အခိုင်အခံ့ဆောက်လုပ်ပြီး ရုပ်ရှင်ပြသော်လည်း မြိုင်ရုံကတော့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မပြပဲ ပြဇာတ်သာ ကလေသည်။ နောက်ပိုင်း ပြဇာတ်ကတာ အဆင်ပြေမှန်းသိတော့ ဗဟန်းနှင့် မနီးမဝေး ရွှေခုံတိုင် (ယခုရွှေဂုံတိုင်)ဘက် "လွင်လွင်ရုံ" ဟူသောအမည်ဖြင့် ပြဇာတ်ရုံတစ်ရုံ ထပ်တိုးလာသည်။

လူများက ရုပ်ရှင်(အရိပ်)ကြည့်ရသည်ထက် ပြဇာတ်ကသောအခါ မင်းသားမင်းသမီးကို လူကိုယ်တိုင်မြင်ရသဖြင့် ပိုမိုသဘောကျသောကြောင့် လူကြိုက်များလေသည်။ မြို့င်ရုံတွင် မင်းသားကျော်ဝင်း နာမည်ကြီးခဲ့သလို လွင်လွင်ရုံမှာတော့ မင်းသားကျော်အေး နာမည်ကြီးလှလေသည်။

ပြဇာတ်များ အလုပ်ဖြစ်လာသောအခါ ရုပ်ရှင်မရိုက်ရသောမင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံ၊ လူကြမ်းတို့ ပြဇာတ်ဘက်လှည့်လာပြီး ဝင်ကကြသဖြင့် အစိုက်အလျောက်တော့ စားဝတ်နေရေးအတွက် ပြေလည်မှုရကြသည်။

ဂျပန်ခေတ်ကတည်းက စတင်ခဲ့သော ပြဇာတ်ခေတ်မှာ ဒုတိယကမ္ဘာစစ်ပြီးဆုံးစနောက်ပိုင်းအချိန်ထိ ဆက်လက်အောင်မြင်ခဲ့လေသည်။

နောက်ပိုင်းတော့ ရန်ကုန်မြို့လည်မှ ရုပ်ရှင်ရုံများ၌ပင် ပြဇာတ်ကခဲ့ကြလေသည်။

ဂျပန်ခေတ်က ဗဟန်းဘက်၌ လူစည်ကားသော အကြောင်းများထဲတွင် ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံများရှိသောကြောင့်လည်း ဖြစ်ပေသည်။

ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံများရှိသောကြောင့် မြင်းလှည်းသမား



www.burmeseclassic.com

www.burmeseclassic.com



များ၊ ဈေးရောင်းသူများ၊ ပြည့်တန်ဆာများ၊ သူတောင်းစားများလည်း ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာ ပေါများလှသည်။

နောက်တော့ ဗဟန်းတစ်ဝိုက်တွင် ကြောက်စရာကောင်းသော သတင်းတစ်ခု ပြန့်နှံ့လာလေတော့သည်။

အခြားတော့မဟုတ်ပေ။

ဘီလူးမျက်နှာနှင့် လူတစ်ယောက်က လူများကိုလိုက်လံသတ်ဖြတ်နေသည်ဆိုသော သတင်းပင်ဖြစ်လေသည်။

"ဘီလူးမျက်နှာနှင့်လူ"၊ "ဘီလူးမျက်နှာနှင့်လူ" ဆိုသော သတင်းကပြန့်နှံ့နေသော်လည်း ကိုယ်တွေ့မြင်ဖူးတွေ့ဖူးသူတော့ မရှိသေးပေ...။

သို့သော် ထိတ်လန့်စရာကောင်းသော ထိုသတင်းကတော့ ဗဟန်းတစ်ဝိုက်တွင် ပြန့်နှံ့နေရာ ကြားသူတိုင်း ထိတ်လန့်ကြောက်ရွံ့နေကြရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၅ )

# ငနိုကာနှင့် မိဝေမောတို့ မောင်နှမ

အချိန်က ညဦးပိုင်းအချိန်ရောက်နေပေပြီ။ နေဝင်သွားပြီဖြစ်သောကြောင့် သစ်ရိပ်ဝါးရိပ်ကောင်းသော ဗဟန်းတစ်ဝိုက်မှာတော့ အမှောင်ရိပ်များသမ်းစပြုလာချေပြီ။

နောက်ဘက်မှာလာရောက်ရောင်းချသော အစားအသောက်ရောင်းချသူများ၊ ဈေးရောင်းဈေးဝယ်များမှာပြန်သွားကြပြီဖြစ်သော်လည်း ညဘက်မှလာရောက်ရောင်းချသော ဈေးသည်များအစားအသောက်ရောင်းချသူများကတော့ ရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အထူးသဖြင့် ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံများနှင့် အနီးတစ်ဝိုက်တွင် ပိုများလေသည်။ ထိုနေရာတစ်ဝိုက်တွင် ဓားချင်းရမ်းစားသောက်သူများလည်းရှိသည်။

ညအခါရောက်မှ အစွမ်းကုန် ဖြိုးလိမ်းပြင်ဆင်ပြီး ထွက်လာသော ညဉ့်ငှက် သို့မဟုတ် ပြည့်တန်ဆာအချို့လည်း ရှိကြလေသည်။ ပြည့်တန်ဆာများမှာ ညဘက်ရောက်တော့မှ အစာရှာထွက်လာသော လင်းနို့များကဲ့သို့ နေရာအနှံ့အပြားတွင် တွေ့နိုင်ကြလေသည်။

ထိုအချိန်တွင် ကန်တော်မိတ် ရုပ်ရှင်ရုံနှင့် မနီးမဝေးအမှောင်ရိပ်ကျနေသည့် သစ်ပင်ကြီးအောက်မှာတော့ လူနှစ်ယောက်ရှိနေသည်။

ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ဖြစ်ပြီး၊ ဟောင်းနွမ်းစုတ်ပြဲနေသော အဝတ်များကို ဝတ်ထားကြသည်။

သို့သော် နှစ်ယောက်စလုံး အသက်အရွယ်မကြီးလှသေးပဲ နှစ်ဆယ်ကျော်၊ သုံးဆယ်တစ်ဝိုက်လောက်သာရှိကြလေသည်။ ယောကျ်ားက သက္ကလပ်ဦးထုပ်ဟောင်း၊ အပေါက်အပြဲများပြည့်နေသော ကုတ်အင်္ကျီဟောင်းကြီးကို ဝတ်ဆင်ထားလေသည်။

အောက်တွင်ဝတ်ထားသော ဘောင်းဘီမှာလည်း ပေါက်ပြဲလျက်ရှိကာ အောက်နားများပင်ဖွာထွက်နေပေပြီ။

မိန်းကလေးတော့ ပုဆိုးဟောင်းတစ်ထည်ကိုမျက်နှာတဝက်လောက်ရောက်သည်အထိ ပတ်ပေါင်းထားပြီး ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



နွမ်းသောအဝတ်အထည်တို့ကို ဝတ်ဆင်ထားလေသည်။

ယောက်ျားက ဘင်ဂျိုတီးပြီး၊ မိန်းမကသီချင်းဆိုလေသည်။

"ပုဇ္ဇ အခြေမလှတဲ့သူကို
သဒ္ဓါတရား နည်းများမဆို
သနားသဖြင့် စွန့်ကြပေးစေလို
ကောင်းမှုတွေပို..."

ဆိုသောအသံကောင်းသလို တီးနေသောဘင်ဂျိုလက်သံကလည်း ကောင်းလှသဖြင့် လမ်းသွားလမ်းလာများကပင် လှည့်ကြည့်ကြရပေသည်။ အချို့လည်း တီးသူဆိုသူတို့ကို သနားသဖြင့် တစ်ပြား၊ နှစ်ပြား၊ ငါးပြားဆိုသလို ပေးကမ်းသွားကြလေသည်။

မိန်းကလေးရှေ့မှာ ချထားသောဒန်ဖလားဟောင်းထဲမှာ ငွေအကြွေစေ့များ အတော်ပင်ရနေပေသည်။

သီချင်းဆိုနေသော မိန်းကလေးမှာ စုတ်ပြဲနေသော အဝတ်ဟောင်းများ ဝတ်ဆင်ထားသော်လည်း ရုပ်ရည်က သနားကမားရှိလေသည်။ မှောင်ရိပ်ထဲမှာထိုင်နေသော်လည်း အသေအချာကြည့်ပါက အတော်ပင် ရုပ်ရည်သင့်ကြောင်း တွေ့ရမည်ဖြစ်သည်။

ထို့အတူပင် ဘင်ဂျိုတီးနေသော ယောက်ျားလေးကလည်း အသက်အရွယ်မကြီးလှသေးပဲ ဥပဓိရုပ်ကောင်းသူတစ်ဦးဖြစ်လေသည်။ သက္ကလပ်ဦးထုပ်အဟောင်းကြီးကို မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်လောက်အထိ ဖုံးကွယ်အောင်ဆောင်ထားသော်လည်း အသေအချာကြည့်ပါက ဥပဓိရုပ်ကောင်းသူတစ်ယောက်ဖြစ်ကြောင်းတွေ့ရမည်ဖြစ်ပေသည်။

တကယ်တော့ တောင်းရမ်းနေသူနှစ်ယောက်မှာ လင်မယားတော့ မဟုတ်ကြပေ…။ မောင်နှမတော်စပ်သူများ ဖြစ်သည်။

ယောကျ်ား နာမည်မှာ "ငနိက" ဖြစ်ပြီး၊ မိန်းကလေး အမည်မှာ "မိဝေမာ" ဖြစ်လေသည်။ သူတို့နှစ်ယောက်တွင် အခြားနာမည် ရှိသည် မရှိသည် မသိကြသော်လည်း သူတို့ကတော့ ထိုနာမည်ကိုသာ သုံးကြသည်။

အချိန်က ညဦးပိုင်းအချိန်ရောက်လာလေသည်။

ပတ်ဝန်းကျင်မှာလည်း အမှောင်ရိပ်များက ဖုံးလွှမ်းလာပြီဖြစ်သော်လည်း ရုပ်ရှင်ရုံနှင့် ဈေးရောင်းနေကြသည့် ဆိုင်များမှ ထွန်းထားသော မီးရောင်များကတော့ ပတ်ဝန်းကျင်ကို အလင်းရောင်ရစေသည်။

ညဦးပိုင်းကတော့ ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာအတော်ပင်များလေသည်။ သို့သော် ရုပ်ရှင်ရုံ၊ ပြဇာတ်ကသောရုံများက ပြနေကြပြီဖြစ်သောကြောင့် ရုပ်ရှင်ကြည့်သူ ပွဲကြည့်မည့်သူများက ရုံအတွင်းသို့ အသီးသီးဝင်သွားကြပြီဖြစ်သောကြောင့် အပြင်ဘက်တွင် လူအတော်ကျဲသွားပေပြီ။ စားသောက်နေသူများ ပွဲဈေးတန်းလျှောက်သူတို့လောက်သာ ကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ရုပ်ရှင်ရုံ၊ ပြဇာတ်ကနေသော ရုံများမှ ဆိုင်းသံဗုံသံတို့ကလည်း ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပြန့်လွင့်ထွက်လာလေပြီ။

ထိုအချိန်ရောက် တောင်းရမ်းနေသော မောင်နှမနှစ်ယောက်လည်း တီးခြင်း၊ ဆိုခြင်းကိုရပ်ကာ တောင်းရမ်းနေမှုကိုလည်း ရပ်ကြလေသည်။

ပြန်ဖို့ပြင်ဆင်နေစဉ်မှာ သူတို့နေရာသို့ အမျိုးသမီးနှစ်ယောက် ရောက်လာကြလေသည်။ နှစ်ယောက်စလုံး အသက်(၃၀)ပတ်ဝန်းကျင်လောက်သာ ရှိသေးပြီး သစ်လွင်တောက်ပသော အဝတ်အစားများဝတ်ဆင်ကာ မျက်နှာချေ၊ ပေါင်ဒါ၊ နှုတ်ခမ်းနီဆိုးဆေး၊ ရေမွှေး တို့ဖြင့်လည်း ပြင်ဆင်ထားကြလေသည်။ အခြားတော့မဟုတ်ပေ။

ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့ ညီအစ်မနှစ်ယောက်ပင် ဖြစ်ကြလေသည်။ သူတို့ရောက်လာတော့ သူတောင်းစား မောင်နှမက အံ့သြသော အမူအယာဖြင့် ကြည့်လိုက်ကြသည်။

"ပြန်ကြတော့မလို့လားကွယ့်"

"ဟုတ်...ဟုတ်ကဲ့ ပြန်ကြတော့မယ်"

"ဒါထက်...ဘယ်မှာနေတာလဲ"

"ကြားတောရလမ်းက ဘုန်းကြီးကျောင်းမှ ခိုကပ်နေကြရပါတယ်...."

"သနားစရာပဲ...ဒါထက် မင်းတို့နှစ်ယောက်ကြည့်ရတာ လင်မယားတော့ ဟုတ်မယ်မထင်ဘူး၊ ဘယ်လိုတော်စပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သလဲ"

ထိုသို့မေးသောအခါ တော်တော်နှင့် အဖြေမပေးသေးပဲ ခင်စိန်ကြည်ကို ကြည့်နေကြသည်။ အတန်ကြာတော့မှ ငနိက ဆိုသော လူရွယ်က ပြန်ပြောလေသည်။

"ဟုတ်-ဟုတ်ပါတယ် အစ်မကြီးရယ် ကျွန်တော်တို့က လင်မယားမဟုတ်ပါဘူး၊ မောင်နှမတော်ကြပါတယ်"

ထိုစကားကြားသောအခါ ခင်စိန်ကြည်က သူထင်တာ မှန်နေသောကြောင့် သဘောကျသောအမူအယာဖြင့် ရယ်လိုက်လေသည်။

"ဒါထက် နာမည်တွေကရော ဘယ်လိုများခေါ်ကြသလဲ"

"ကျွန်တော်နာမည်က ငနိက လို့ခေါ်ပါတယ်၊ ညီမလေး နာမည်ကတော့ မိဝေမာ လို့ခေါ်ပါတယ်ဗျာ-"

"နာမည်တွေကဘယ်လိုတွေလဲ၊ တစ်ခါမှ မကြားဖူးပါလား၊ ငါတို့လာတာ တခြားမဟုတ်ပါဘူးကွယ်၊ ဟိုရက်တွေက တည်းက ပွဲဈေးတန်းဘက်လာရင်းကနေ မင်းတို့မောင်နှမ ဆိုသံတီးသံတွေကြားတော့ စိတ်ဝင်စားလို့ ကြည့်မိကြတယ်၊ အသက် အရွယ်ကလည်းငယ်သေး၊ ရုပ်ရည်လည်း နှစ်ယောက်စလုံး သနားကမားရှိတော့ အခုလိုတောင်းရမ်းစားသောက်နေတာကို အံ့ဩလို့ဝင်မေးကြတာပါ"

"ဒီလိုပါပဲ အစ်မကြီးရယ်၊ ကျွန်တော်တို့ မောင်နှမက ဟိုးတောနယ်ဘက်ကပြေးလာကြတာပါ၊ ရန်ကုန်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း အသိအကျွမ်းကလည်းမရှိ၊ နေစရာစားစရာလည်း မရှိလို့ ဒီလိုလုပ်ကိုင်စားသောက်ကြရတာပါ၊ ဘဝပေးကုသိုလ်ကံလို့ပဲထင်မိပါတယ်"

"ကုသိုလ်ကံလည်း ကံပေါ့ကွယ်၊ တစ်ခါတလေတော့လည်း လူကလည်း ကြံရည်ဖန်ရည်ကောင်းရသေးတယ်၊ ကုသိုလ်ကံအားကိုးပြီး ထိုင်နေလို့ကတော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ဒီတော့ ငါပြောတာကို သေသေချာချာနားထောင်"

ပြောရင်းနှင့်စကားကို ခဏရပ်ကာ ခင်စိန်ရီကိုတစ်ချက်လှည့်ကြည့်လေသည်။ ပြီးမှစကားပြန်ဆက်သည်။

"မင်းတို့မောင်နှမကို နေစရာလည်းပေးမယ်၊ စားစရာလည်းကျွေးမယ်၊ ငါတို့ဆီမှာ အလုပ်လုပ်မလား"

"ဘာ..ဘာလုပ်ရမလဲ ခင်ဗျာ"

"ရောက်တော့သိရစေမပေ့ါ၊ မနက်ဖြန်ညမှာ မင်းတို့မောင်နှမ ဒီသစ်ပင်အောက်က စောင့်နေကြ၊ ငါ မြင်းလှည်းသမားလွှတ်ပြီး အခေါ်ခိုင်းလိုက်မယ်၊ အဲဒီတော့ လိုက်လာခဲ့ကြ"

ဟုပြောဆိုမှာကြားပြီး ခင်စိန်ကြည်က ငွေအနည်းငယ်ထုတ်ကာ ငနီက လက်ထဲသို့ထည့်ပေးခဲ့ပြီးနောက် ထိုနေရာမှထွက်သွားကြလေသည်။

ငနီကနှင့် မိဝေမာတို့မောင်နှမနှစ်ယောက်ကတော့ မမျှော်လင့်ပဲ တွေ့ကြုံရမှုကြောင့် စိတ်ထဲမှ အံ့သြနေကြလေသည်။

"ဘယ်လို လုပ်မလဲအစ်ကို..မနက်ဖြန်ည သူတို့ လာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရင်လိုက်သွားမှာလား”

“အခြေအနေသိရအောင် လိုက်သွားလိုက်တာ ကောင်းမယ်ထင်တယ်…”

“ဒါကတော့ အစ်ကို့သဘောပဲလေ… စကားပြောနေရတာနဲ့ ကျွန်မတို့ပြန်ချိန်တောင် နောက်ကျနေပြီ၊ လမ်းမှာ လူသွားလူလာပြတ်ပြီး အတော်မှောင်နေပြီ”

“မကြောက်ပါနဲ့ ညီမလေးရယ် အစ်ကိုတစ်ယောက်လုံးပါနေတာပဲ သွားကြရအောင်”

ဟုပြောဆိုကာ ပစ္စည်းများကိုသိမ်းကာ မောင်နှမနှစ်ယောက် ပြန်လာကြလေသည်။

ဂျပန်ခေတ်ကာလက သူတို့နေသော ကြားတောရလမ်းတစ်ပိုက်မှာ လူနေထိုင်မှု မရှိသေးပေ။ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် ဇရပ်ဟောင်းများသာရှိပေသည်။

ကြားတောရလမ်းဟု အမည်တွင်ရခြင်းမှာ…

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်မှ ကိုယ်မင်းကိုယ်ချင်းလမ်းနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော ဗဟန်းလမ်းတို့ဆုံသောနေရာအထိကို ကြားတောရလမ်းဟုခေါ်ကြသည်။ ရှေးခေတ်အခါက ထိုနေရာပတ်ဝန်းကျင်တစ်ပိုက်တွင် လူနေထိုင်မှုမများလှပဲ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများသာ ရှိကြလေသည်။

အချို့နေရာများတွင် ဗုဒ္ဓဘာသာဝင်တို့ နေထိုင်တရားအားထုတ်သော ယောဂီကျောင်းကလေးများ ကြိုကြားကြိုကြား



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိကြပေသည်။

ယခု ငါးထပ်ကြီးဘုရားနေရာတွင် ယခင်က တောရကျောင်းတစ်ခုရှိပြီး "အရှေ့တောရ" ဟုခေါ်ကြသည်။ ဘုန်းတော်ကြီးဦးများ သီတင်းသုံးသော "အလယ်တောရ"တို့ကြား၌ရှိသဖြင့် ကြားတောရဟု ခေါ်ကြခြင်းဖြစ်ပေသည်။

ကိုလိုနီခေတ်ဦးအချိန်လောက်အထိ ထိုလမ်းမှာ ရွှံ့နွံများရှိသဖြင့် ဒီလုံးဟုခေါ်သော မီးဖုတ်ထားသည့် ရွှံ့လုံးများ ခင်းထားကြသည်။ မြင်းလှည်းဖြင့်လာလျှင် မြင်းလှည်းနစ်စီး ရှောင်သာရုံသာလမ်းရှိသည်။

ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အဆင်းမှ ယခုရေတာရှည်လမ်းပေါင်းထိပ် နေရာအထိ အုတ်များခင်းပေးထားသောကြောင့်လည်း "အုတ်လမ်း" ဟုခေါ်ကြသည်။

ကြားတောရလမ်းနှင့် ဗဟန်းလမ်းတို့ဆုံရာတွင် မင်းတုန်းမင်း၏ ကုသိုလ်တော် ရွှေကျင်ကျောင်းတိုက်ရှိပြီး ထိုတိုက်ကို "ကျောင်းတောရ" ဟုရှေးကခေါ်ကြသည်။

ထိုနေရာများမှ ဂျပန်ခေတ်ရောက်သည်အထိ လူစည်ကားခြင်းမရှိသောနေရာများဖြစ်ကြသည်။

ငနိကနှင့် မိဝေမာတို့ မောင်နှမ နှစ်ယောက်နေသော ဇရပ်ဆောင်မှာ ဘုန်းကြီးကျောင်းဝင်းတစ်ခုအတွင်း၌ ရှိလေသည်။

သို့ကြောင့် အမှောင်ရိပ်များမှ ဖြတ်ပြီး ပြန်လာကြလေသည်။ ခါတိုင်းတော့ လူသွားလူလာမပြတ်ခင်ပြန်လေ့ရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီကနေ့ရောက်တော့မှ အပြန်နောက်ကျနေခြင်းဖြစ်သည်။

ဗဟာန်းလမ်းဆုံနေရာရောက်တော့ သစ်ပင်များနောက်ဘက်မှ လူသုံးယောက်ထွက်လာပြီး သူတို့သွားမည့်လမ်းရှေ့မှ ပိတ်ရပ်လိုက်ကြသည်။

"မင်းတို့ကို စောင့်နေတာ အတော်ကြာသွားပြီ"

"ဘာလုပ်ကြမလို့လဲဗျာ…"

"ငါတို့အရက်သောက်ဖို့ ပိုက်ဆံလိုက်နေတယ်၊ တောင်းလို့ရတဲ့ပိုက်ဆံပေးထားခဲ့"

ငနီက ဆိုသူမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ သူခိုးလက်က သူဝှက်လု၊ သူတောင်းစားလက်က စန္ဒာလလု ဆိုသောစကားအတိုင်း ဖြစ်နေလေပြီ။

"မလုပ်ပါနဲ့ အစ်ကိုကြီးတို့ရယ်။ ကျွန်တော်တို့ မောင်နှမက တောင်းရမ်းမှ စားသောက်ရတဲ့ လူတွေပါ၊ ချမ်းသာပေးပါ"

"ငါကို သူတောင်းစားလေသံနဲ့ လာပြောမနေနဲ့၊ ပေးမလား မပေးဘူးလား ဒါပဲပြော…၊ အေးအေးဆေးဆေး မပေးရင်တော့ အသားနာမယ်"

ဟုပြောပြောဆိုဆို ငနီက လွယ်ထားသော လွယ်အိတ်ဟောင်းထဲမှ အကြွေစေ့များထုပ်ထားသော အထုပ်ကို နှိုက်ယူလိုက်သည်။ ပြီးနောက်…

"မင်းဒီနေရာမှာပဲနေ၊ ငါတို့နောက် လိုက်မလာခဲ့နဲ့၊ ဒီကောင်မလေးကို ခဏခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြောဆိုဆိုနှင့် မိဝေမာ လက်ကိုဆွဲကာ အမှောင်ရိပ်ထဲသို့ ဝင်သွားလေတော့သည်။ ငနိကမှာ ဘယ်လိုလုပ်ရမှန်းမသိသဖြင့် ကြောက်ကြောက်လန့်လန့်နှင့်ပင် နေရာမှာကျန်ခဲ့လေသည်။ သစ်ပင်ကွယ်များနောက်ရောက်သောအခါ လူဆိုးသုံးယောက်တို့က မိဝေမာအား ဝိုင်းဝန်းဖျက်ဆီးရန် ကြံစည်အားထုတ်ကြလေ့တော့သည်။

ထိုအခိုက်မှာပင် သစ်ပင်များနောက်မှ မည်းမည်းသဏ္ဍာန်ကြီးထွက်လာလေသည်။

"မင်းဘယ်သူလဲ"

အဝတ်မည်းကြီးခြုံထားသူက ဦးခေါင်းပေါ်မှ ခြုံထားသော အဝတ်ကိုဖယ်လိုက်ရာ ကြောက်စရာကောင်းသော ဘီလူးမျက်နှာကြီးပေါ်လာလေတော့သည်။

"ဟင်...ဘီ...ဘီလူး"

ထိုအခါမှ သုံးယောက်စလုံး ထိုနေရာမှ ထွက်ပြေးရန်ကြိုးစားကြလေသည်။

သို့သော် သုံးယောက်စလုံးတော့ မလွတ်တော့ပေ။

ခေါင်းဆောင်လုပ်သူမှာ အနားရောက်လာသော ဘီလူးမျက်နှာနှင့်လူ လက်ထဲသို့ ခြေကားရား လက်ကားရားဖြင့် ပါသွားလေတော့သည်။

နောက်တော့ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ဝိုက်တွင် စူးစူးဝါးဝါး အော်သံကြီးပေါ်ထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်များမှာတော့ သတင်းစာနှင့် ဂျာနယ်အချို့တွင် ဗဟာန်းလမ်းနှင့်ကြားတောရလမ်းဆုံအနီးရှိ သစ်တောအတွင်း၌ ရုပ်ပျက်ဆင်းပျက်သေဆုံးနေသော အလောင်းတစ်လောင်းတွေ့ရသည့် သတင်းပါလာလေသည်။

ပုလိပ်များ၏ စစ်ဆေးစုံစမ်းမှုအရ လည်ပင်းနှင့် မျက်နှာတစ်ဝိုက်တွင်အစွယ်ဖြင့်ကိုက်ဖြတ်ထားသော ဒဏ်ရာများတွေ့ရကြောင်း၊ သေဆုံးသူမှာ လူဆိုးလူမိုက်တစ်ဦးဖြစ်သူ သန်းရွှေဖြစ်ကြောင်း၊ အသတ်ခံရပုံမှာ လူဆိုးလူမိုက်အချင်းချင်းသတ်ဖြတ်သည်နှင့်မတူပဲ သတ္တဝါတစ်ကောင်၏ ကိုက်ဖြတ်စားသောက်ထားဟန်နှင့် တူကြောင်း၊ သို့ကြောင့် ယခုရက်ပိုင်းအတွင်းမှာ ဗဟာန်းဘက်မှာ နာမည်ကြီးနေသော ဘီလူးမျက်နှာနှင့်လူ လက်ချက်ဟု ယူဆမိပါကြောင်း၊

တရားခံကို တိတိကျကျ မဖော်ထုတ်နိုင်သေးခင်မှာ ပြည်သူများအနေဖြင့် သတိရှိရန်လိုကြောင်း၊ ညဥ့်အချိန်မတော်သွားလာခြင်းမှ ရှောင်ကြဉ်ရန်လိုကြောင်းနှင့် အထူးသတိဝီရိယဖြင့်နေထိုင်သွားလာကြရန် တိုက်တွန်းသတိပေးရပါကြောင်း။

ဟူ၍ ရေးသားဖော်ပြထားလေသည်။

ထိုသတင်းများကြောင့် ဗဟာန်းတစ်ဝိုက်တွင် နေကြသူများ စီးပွားရှာသူတို့မှာ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၅ )

# ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာနေအိမ်သို့ ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးလှသော ဒေါက်တာမင်းထင်ကျော်တစ်ယောက် ၄င်း၏ကားနှင့် ရောက်ရှိလာပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက်(၃၀)ဝန်းကျင် အရွယ်ရှိနေပြီဖြစ်သော်လည်း တစ်ကိုယ်ရေတစ်ကာယသမား ဘဝဖြင့် လွတ်လွတ်လပ်လပ် နေထိုင်သူဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်ကြားဟုခေါ်သော ကုလားခြံများရှိသော နေရာဘက်တွင် ငှင်းမိဘများဝယ်ယူထားသော ခြံနှင့်အိမ်ကြီးတစ်လုံးရှိရာ အိမ်မှာပင် တပည့်များနှင့် နေထိုင်နေသည်။ ငှင်းမှာ လွတ်လွတ်လပ်လပ်နေချင်သော အကျင့်စရိုက်ရှိရာ လူခြေတိတ်ဆိတ်သော ရွှေတောင်ကြားဘက်တွင် နေထိုင်ရသည်မှာ ငှင်းဆန္ဒနှင့် အံကိုက်ဖြစ်သည်ဟုဆိုရပေတော့မည်။

ထို့ပြင် ဝါသနာပါသောအလုပ်များကို လွတ်လွတ်လပ်လပ် လုပ်ကိုင်သူဖြစ်သောကြောင့် ဒေါက်တာဘွဲ့ရထားပြီးသည့်နောက်ပိုင်းမှာပင် အစိုးရဌာနများ၌သော်လည်းကောင်း၊ ပုဂ္ဂလိက ကုမ္ပဏီများ၌သော်လည်းကောင်း လခစားအလုပ် ဝင်လုပ်ခြင်းမရှိပဲ ဝါသနာပါသော အလုပ်များကိုသာ တစိုက်မတ်မတ် လုပ်နေသူဖြစ်ပေသည်။

ငှင်းဝါသနာပါသောအလုပ်တို့မှာ စွန့်စွန့်စားစားခရီးသွားလာခြင်းနှင့် ရှေးဟောင်းပစ္စည်းများ ရှာဖွေလေ့လာခြင်းတို့ဖြစ်သည်။

ထို့ကြောင့် မြန်မာပြည်တွင်း၌သာမက၊ ကမ္ဘာအရပ်ရပ်၌ရှိသော မြို့ဟောင်းများ၊ ဆန်းကြယ်သောနေရာများသို့ သွားရောက်ကာ ရှေးဟောင်းပစ္စည်းများ ရှာဖွေနေသူလည်းဖြစ်သည်။

ငှင်းဝါသနာပါသောအလုပ်မှာ သေချာပေါက်ငွေရရှိမည်ဟု မျှော်မှန်းထား၍ မရသော်လည်း ရှေးဟောင်းရတနာသိုက်တစ်ခုကို ရှာဖွေတွေ့သည်နှင့်ပင် တစ်သက်မပြေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်သက်စားမကုန်အောင် ရတနာပစ္စည်းများရတတ်ပေသည်။ ထို့ပြင် ခရီးမသွားသည့်အခါများမှာလည်း ပုလိပ်ဌာနမှ မိတ်ဆွေများအကူအညီတောင်းသည့်အခါ ခက်ခဲရှုတ်ထွေးသော အမှုအခင်းများကိုပင် စုံထောက်တစ်ယောက်ကဲ့သို့ လိုက်လံဖြေရှင်းပေးသည်မျိုးလည်းရှိသည်။

ငှင်း၏ အစွမ်းအစနှင့် စုံစမ်းဖော်ထုတ်ပုံတို့ကို နှစ်သက်သဘောကျကြသဖြင့် အထက်အရာရှိကြီးများက ပုလိပ်ဌာနတွင် ဝင်ရောက်အမှုထမ်းရန် ဖိတ်ခေါ်ကြသော်လည်း ဘယ်သောအခါမှ လက်မခံခဲ့သူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်သည် ကျွန်ုပ်နှင့်များစွာခင်မင်ရင်းနှီးသူဖြစ်သည်။

ငှင်းအလိုရှိသော စာအုပ်စာတမ်းများ၊ သိလိုသောအကြောင်းအရာများရှိပါကလည်း ကျွန်ုပ်ထံသို့လာရောက်လေ့ရှိသည်။

ထိုသို့လာရောက်သောအခါမှာလည်း ခရီးသွားလာရင်းနှင့်ကြုံတွေ့ခဲ့ရသော အကြောင်းအရာ အဖြစ်အပျက်များအားမှတ်တမ်းမှတ်ရာနှင့်တကွ ပြန်လည်ပြောပြပေးလေသည်။

ငှင်းဖြေရှင်းပေးရသော မှုခင်းများကြောင်းများကိုလည်း တကူးတကလာရောက်ပြောပြလေ့ရှိပေသည်။

ကျွန်ုပ်အနေဖြင့် ထိုအကြောင်းအရာ အဖြစ်အပျက်တို့ကိုအခြေခံပြီး ဝတ္ထုများရေးသားထုတ်ဝေစေခဲ့ရာ စာဖတ်ပရိသတ်များနှစ်သက်ခြင်းဖြစ်ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်များက သူတို့မရောက်ဖူးသေးသော အရပ်ဒေသများကို စိတ်ဝင်စားကြသည်။ သူတို့မသိသေးသော အကြောင်းအရာတို့ကို စိတ်ဝင်စားကြသဖြင့် ထိုအကြောင်းအရာများကို ဖတ်ရှုရသောအခါ သဘောကျနှစ်သက်မှုရှိကြခြင်း ဖြစ်ပေသည်။

"ဆရာ..ဘုရားရှိခိုးပြီးချိန် မှန်းပြီးလာခဲ့တာ အတော်ပဲ ဖြစ်သွားတာပေါ့"

"စောစောရောက်လာတော့လည်း လက်ဖက်ရည်ဆိုင် သွားကြတာပေါ့၊ အိမ်ကမောင်တိုးအောင် ဖျော်ပေးတဲ့လက်ဖက် ရည်နဲ့ ကော်ဖီသောက်ရတာထက် အပြောင်းအလဲဖြစ်အောင် ဆိုင်မှာသွားသောက်ရင်း စကားပြောကြတာပေါ့"

ဟုပြောဆိုကာ အဝတ်အစားလဲပြီး အပြင်သို့ထွက်လာ ကြလေသည်။

ကျွန်ုပ်နေသောအိမ်နှင့် မနီးမဝေးမြောက်ဘက်၊ ရွှေခုံ တိုင်လမ်းဘေးတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ အနီး တစ်ဝိုက်တွင် အစားအသောက်ရောင်းချကြသည့် စားသောက် ဆိုင်ကလေးများလည်းရှိသည်။

လက်ဖက်ရည်ဆိုင်အမည်မှာ "အညာသား မောင်ရွှေ လက်ဖက်ရည်ဆိုင်" ပင်ဖြစ်ပေသည်။

သုံးပင်နှစ်ခန်းတွဲ ဆိုင်ကြီးဖြစ်ပြီး၊ ဝါးထရံကာ၊ ဓနိမိုး ထားလေသည်။ ပိုင်ရှင်အညာသားကိုယ်တိုင် လက်ဖက်ရည် ဖျော်သည်။ ၄င်းဆိုင်မှာပင် ဘိန်းမုန့်ဖုတ်ရောင်းသည်။ ဘိန်းမုန့်



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သော်လည်း ကိတ်မုန့်ကဲ့သို့ အရသာရှိသောကြောင့် လူကြိုက်များသည်။

ထိုဆိုင်က လက်ဖက်ရည်ဖျော်ပုံနှင့် ဘိန်းမုန့်ဖုတ်ပုံ ကောင်းလှသလို စားပွဲထိုးသော အညာသားကလေးများက လည်း အလုပ်ကောင်းလှသည်။

အချို့ဆိုင်ကြီးများမှာ အစားအသောက်ကို မည်မျှပင် ကောင်းအောင်ပြုလုပ်၍ရောင်းချစေကာမူ စားပွဲထိုးမကောင်း သဖြင့် နာမည်ပျက်ရခြင်းများရှိပေသည်။ အချို့ဆိုင်များမှာ ရောင်းချသောအစားအသောက်ကတော့ သင့်တင့်မျှတရုံ လောက်သာကောင်းသည်။ သို့သော် စားပွဲထိုးကောင်းလှသော ကြောင့် ပရိသတ်များဖြင့် စည်ကားနေတတ်ပေသည်။

စားပွဲထိုးအတော်များများမှာ အလုပ်သမားများဖြစ်ကြ သည်။ အချို့က ဝတ်ကျေတမ်းကျေသာလုပ်သည်။ အချို့ကျ တော့ လုပ်သည့်အခိုက်မှာ စေတနာထားပြီး လုပ်ပေးကြသည်။

လက်ဖက်ရည်ဆိုင်မှာသော်လည်းကောင်း၊ စား သောက်ဆိုင်များမှာသော်လည်းကောင်း စားပွဲထိုးကောင်းမ ကောင်း ဦးစွာစားပွဲကြည့်ရုံနှင့် သိနိုင်ပေသည်။

ယခင်စားသောက်သူများထသွားသော စားပွဲပေါ်မှာ ဆေးလိပ်ပြာများ၊ အရိုးများ၊ ဟင်းရေစက်၊ လက်ဖက်ရည်စက် များ ပြန့်ကျဲနေရုံမက လက်ဖက်ရည်ပန်းကန်လုံးများ ပိုးလိုးပက် လက်ဖြစ်နေသည်ကိုကြည့်ရုံနှင့် ထိုဆိုင်မှ စားပွဲထိုးအကြောင်း သိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ခေါ်၍မကြား၊ နှစ်ခါခေါ်သော်လည်း လာမေးဖော်မရ၊ မှာတာကတခြား၊ လာပို့တာကတခြားဖြစ်နေပြီဆိုရင်တော့ အစားအသောက်ချင်းတူလျှင်ပင် လူဝင်တော့မည်မဟုတ်ပေ။

အလကားကျွေးနေသည်မဟုတ်ပဲ တန်ရာတန်ကြေးပေးစားရတာချင်းတူတူ စိတ်ချမ်းသာသောနေရာသို့ သွားကြမည်မှာ အသေအချာပင်ဖြစ်၏။

အညာသားမောင်ရွှေလက်ဖက်ရည်ဆိုင်ကတော့ စားပွဲထိုးသောအညာသားကလေးများကလည်းကောင်းသည်၊ လက်ဖက်ရည်ဖျော်တာလည်းကောင်းသည်၊ ဘိန်းမုန့်ကလည်းကောင်းလှသဖြင့် တစ်နေ့လုံး လူပြတ်လှသည်မရှိပေ။

ကျွန်ုပ်နှင့်ဒေါက်တာမင်းထင်ကျော်တို့လည်း ပြတင်းပေါက်နှင့်နီးသောနေရာတွင် ထိုင်ကြသည်။ စားပွဲထိုးကလေးများ ရောက်လာသဖြင့် အလိုရှိသော အစားအသောက်များ မှာလိုက်ကြသည်။

"အခုတစ်ရက်နှစ်ရက်ထုတ်တဲ့ သတင်းစာနဲ့ ဂျာနယ်တွေကို ဆရာဖတ်ဖြစ်တယ်မဟုတ်လား"

ဒေါက်တာမင်းထင်ကျော် စီးကရက်ဗူးနှင့် မီးခြစ်ကို စားပွဲပေါ်ချထားလိုက်သည်။ ကျွန်ုပ်ကတော့ ဆေးဖြည့်ပြီးသော ဆေးတံကို မီးညှိဖွာရင်း ခေါင်းညိတ်ပြလိုက်သည်။

"သတင်းစာတွေကတော့ ထုံးစံအတိုင်း လက်ရှိအုပ်ချုပ်နေတဲ့သူတွေကောင်းကြောင်းတွေပဲ ပုံကြီးချဲ့ပြီးရေးနေကြတာ



www.burmeseclassic.com

www.burmeseclassic.com


တွေ့ရတာပါပဲ၊ အခုတစ်လောမှာတော့ ဂျပန်ငပုတွေကောင်းကြောင်း တော်ကြောင်းတွေပဲ ရေးကြတာတွေ့ရတယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သဘောကျသော အမူအယာဖြင့် ပြုံးလိုက်လေသည်။

"ဒါတွေက အခုမှရေးတာမှ မဟုတ်တာ ဆရာရယ်။ ရှေးကတည်းကရေးခဲ့ကြတာပဲ၊ ရှင်ဘုရင်တွေကောင်းကြောင်းတွေချည်းမြှောက်ပင့်ရေးကြတော့ မဟုတ်တာတွေဖြစ်ကုန်တာပေါ့၊ ဒီတော့ နောက်ပိုင်းရေးတဲ့ရာဇဝင်တွေလည်း အမှားမှား အယွင်းယွင်းတွေ ဖြစ်ကြတာပေါ့""

"ဒါကတော့ သမိုင်းရေးတဲ့သူတွေမှာလည်း တာဝန်ရှိပေတာပေါ့၊ သမိုင်းရေးတယ်ဆိုတာ ညာလို့မှမရတာ၊ အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်းရေးမှ တာဝန်ကျေပေမပေါ့"

"ဒါပေမယ့် ရှေးအခါက ဘုရင်မကောင်းကြောင်းပြောရင် ရေးရင် အသတ်ခံရမှာပေါ့၊ အခုခေတ်ကာလမှာလည်း ဂျပန်ငပုတွေအကြောင်း မကောင်းပြောရင် ရေးရင် ချက်ချင်း အသတ်ခံရမှာပေါ၊ ဒါကြောင့် ကောင်းတာတွေကိုချည်း ဟုတ်တာတွေရော မဟုတ်တာတွေရော ရေးကြရတာပေါ့"

ထိုသို့ပြောနေစဉ် စားပွဲထိုးကလေးက မှာထားသော လက်ဖက်ရည်နှင့် ဘိန်းမုန့်ပန်းကန်လာချပေးသည်။

ပြီးမှ လိုတာများပြုလုပ်ပေးပြီး ပြန်ထွက်သွားလေသည်။ ကျွန်ုပ်တို့နှစ်ယောက်လည်း လက်ဖက်ရည်တစ်ကျိုက်၊ ဘိန်းမုန့်တစ်ကိုက်စားကြရင်းမှ စကားစပြတ်သွားလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အတန်အသင့်ဝမ်းပြည့်အောင် စားသောက်လိုက်ပြီးတော့မှ ကျွန်ုပ်လည်းနေသာထိုင်သာရှိသွားသောကြောင့် ဆေးတံကိုပြန်ဖွာရင်းနှင့် စကားပြန်ဆက်လေသည်။

"ကောင်းတာရေးတိုင်းလည်း အကောင်းမဖြစ်တာတွေ ရှိသေးတယ်မောင်ထင်ကျော်ရဲ့"

"ဘာများလဲဆရာ"

"တစ်လောက မြိုင်ရုံမှာဇာတ်ကနေရင်းနဲ့ မြှောက်ပင့်ရေးတာလက်လွန်သွားလို့ စာရေးဆရာကြီးတစ်ယောက် ကံကောင်းလို့ ဂျပန်သတ်တာမခံရတယ်"

"ကျွန်တော်ခရီးထွက်နေလို့ ဖြစ်မယ် မကြားလိုက်မိဘူး၊ ပြောပြပါဦးဆရာ..."

သို့ကြောင့် ကျွန်ုပ်လည်းကြားသိရသောအကြောင်းအရာအချို့ကိုပြန်လည်ပြောပြလိုက်သည်။

ဂျပန်ခေတ်တွင် စာရေးဆရာအသင်းကို ပြန်လည်ဖွဲ့စည်းခွင့်ရကြသည်။ ထိုသို့ရသောအခါ အထိမ်းအမှတ်ပွဲအဖြစ် မြိုင်ရုံမှာ ပြဇာတ်ကပြီး ရံပုံငွေရှာရန် စီစဉ်ကြလေသည်။ ထိုသို့ပြဇာတ်ကမည့်အကြောင်းကို ဂျပန်အာဏာပိုင်တို့ထံ ခွင့်ပြုချက်တောင်းတော့လည်း ပေးသည်။

သို့သော် ဒီအတိုင်းပေးခြင်းတော့မဟုတ်ပေ။ ဗမာစာနှင့် ဗမာစကားကို ကျွမ်းကျင်နားလည်သော ဂျပန်စပိုင်တစ်ယောက်ကို မသိမသာစောင့်ကြည့်နိုင်းထားလေသည်။

ဟင်ဆက်ပြသမည့်ဇာတ်မှာ "ဝိဇယပြဇာတ်"ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇယပြဇာတ်ကို ရွေးချယ်တင်ဆက်ရခြင်းမှာယခုလက်ရှိ တိုင်းပြည်ကိုသိမ်းပိုက်အုပ်ချုပ်နေသော ဖက်စစ်ဂျပန်တို့က လူထုအပေါ် နိုင်ထက်ကလူပြုကာ နှိပ်စက်ညှင်းပန်းနှိပ်စက်ပုံများကို သွယ်ဝိုက်ဖော်ပြသောနည်းဖြင့် ဝိဇယဇာတ်ကို ရွေးချယ်တင်ဆက်ကြခြင်းဖြစ်သည်။

ဇာတ်သွားအရ တပည့်တပန်း နောက်လိုက်နောက်ပါတို့နှင့် မူးယစ်သောက်စားကာ တိုင်းပြည်လူထုအပေါ် မတရားသမှု ညှင်းပန်းနှိပ်စက်မှုများပြုသောကြောင့် တိုင်းသူပြည်သားများက မခံမရပ်နိုင်ဖြစ်ကာ ဟစ်တိုင်မှအော်ဟစ်ကြသဖြင့် ရှင်ဘုရင်သိကာ သားတော်ဝိဇယမင်းသားအား အပေါင်းပါများနှင့်အတူ တိုင်းပြည်မှ နှင်ထုတ်စေသည်။

ရည်ရွယ်ချက်ကတော့ ပြည်သူလူထုကို ညှင်းပန်းနှိပ်စက်နေကြသည့် ဂျပန်တို့ကိုလည်း တစ်နေ့ကျလျှင် တိုင်းပြည်က နှင်ထုတ်ပစ်မည်ဆိုသော ရည်ရွယ်ချက်ကို သွယ်ဝိုက်သောနည်းဖြင့် လူထုသိအောင် တင်ပြကြခြင်းဖြစ်သည်။

ထိုနေရာရောက်သည်အထိတော့ ပြဿနာမပေါ်သေးပေ။ စပိုင်အဖြစ်လာရောက်ကြည့်ရှုနေသော ဂျပန်စစ်ဗိုလ်အနေဖြင့်လည်း ရာဇဝင်ထဲမှာပါသည့်အတိုင်း ကပြနေခြင်း ဖြစ်သောကြောင့် ဘာမှမတတ်နိုင်ပေ။

ပြောရလျှင်တော့ ခွင်ထဲထည့်ပြီး ရိုက်နေခြင်းပင်ဖြစ်လေသည်။ သို့သော် ပညာရှိ သတိဖြစ်ခဲ ဆိုသလို ဇာတ်ညွှန်းရေးသောစာရေးဆရာကြီးက တစ်ချက်မှားသွားသည်။ သူမှားသော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကလည်း ဆန္ဒများသွားခြင်းမျိုးပင်ဖြစ်ပေသည်။

သူပြောချင်တာက ကျုပ်တို့နိုင်ငံမှာရှိသော ဂျပန်တွေ လည်း ဝိဇယမင်းသား နှိပ်စက်သလို ပြည်သူတွေကို နှိပ်စက်နေ ကြသည်။ တစ်နေ့ကျလျှင် ဝိဇယမင်းသားကိုနှင်ထုတ်သလိုမျိုး နှင်ထုတ်ကြရမည်ဟု ပြောလိုတင်ပြလိုခြင်းဖြစ်သည်။

ထိုသို့တင်ပြသည်ကို သဘောမပေါက်မှာ စိုးသေ ကြောင့် ဇာတ်ညွှန်းထဲမှာ ဂျပန်စကားပြောတစ်ခုထည့်ရေး သည်။ ဂျပန်စစ်သားများက ဗမာတွေကို ပါးရိုက်သည့်အခါတိုင်း "ခူးတကား၊ ဘက်ကဲရိုး" ဟု ရေရွတ်ပြောဆိုကာ ရိုက်လေ့ရှိသည်

သူကလည်း ဇာတ်လမ်းထဲမှာ ဝိဇယမင်းသားနောက် လိုက်တစ်ဦးက ပြည်သူတစ်ယောက်ကို နှိပ်စက်သောအခါ တွင် "ခူးတကား၊ ဘက်ကဲရိုး" ဟုပြောဆိုကာ ရိုက်နက်ခြင်းကို သည်။

ထိုအခြေအနေရောက်တော့မှ ဂျပန်စစ်ဗိုလ်က သ ဘောပေါက်သွားတော့သည်။ သူတို့ဂျပန်တွေကို ဘုရင်နေရာမှ မထားပဲ လူကြမ်းနေရာမှထားပြီး နှိပ်စက်ခိုင်းနေသည်ကို သ ဘောပေါက်သွားလေတော့သည်။

"ခူးတကား၊ ဘက်ကဲရိုး" ဘာကြောင့်ထည့်သည်ကို ရိပ် သွားသောကြောင့် ပြဇာတ်ကနေရင်းမှာပင် တာဝန်ရှိသူတွေနှ စာရေးဆရာကို ခေါ်မေးသည်။

"ခင်ဗျားတို့ရဲ့ ရာဇဝင်ဇာတ်လမ်းထဲမှာ ခူးတကား ဘက်ကဲရိုး ဆိုတာ ပါသလား၊ ရှေးခေတ်ကပြောတဲ့အိုင်ယာလေ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ ဂျပန်စကားတွေပါသလား”

“မပါပါဘူးခင်ဗျာ မပါပါဘူး”

“ဒါဖြင့်ရင် ရေးတဲ့သူ ကျုပ်တို့နဲ့လိုက်ခဲ့ပါ”

စာရေးဆရာနှင့် တာဝန်ရှိသူအချို့လည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့်ပါသွားကြပေတော့သည်။

ရုံးရောက်တော့ စစ်မေးသည်။

“ရာဇဝင်မှာမပါတဲ့ ဂျပန်စကားတွေကို ဘာကြောင့်ထည့်ပြောတာလဲ”

“နိပ္ပွန်မာစတာများကို ချစ်ကြည်လေးစားတဲ့နေနဲ့ ခေတ်စားနေတဲ့၊ လူအများနားလည်သဘောပေါက်နေတဲ့ ဂျပန်စကားကို အသုံးပြုလိုက်ခြင်းဖြစ်ပါတယ်၊ တခြားရည်ရွယ်ချက်မျိုး ဘာမှမရှိပါဘူး”

ဟု ကြောက်ကြောက်လန့်လန့်ဖြင့် လျှောက်လဲချက်ပေးရလေသည်။

ကင်ပတိုင်တွေက ထိုဖြေရှင်းချက်ကို လက်မခံလိုကြပေ။ သူတို့အသုံးပြုသောစကားမှာ နိုပ်စက်သောနေရာ၌ အသုံးပြုသောစကားဖြစ်သောကြောင့် ရည်ရွယ်ချက်ကို ရိပ်မိနေကြလေသည်။

ကင်ပေတိုင်ရုံးပါသွားသူများကလည်း နည်းမျိုးမျိုးဖြင့် ပြောဆိုဖြေရှင်းကြရလေသည်။

နောက်တော့ အေဝမ်းရုပ်ရှင်ကုမ္ပဏီမှအသံဖမ်း အင်ဂျင်နီယာ ဂျပန်လူမျိုး မစ္စတာဝါတာနာဘီကို အကူအညီတောင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ လိပ်ခဲတင်းတင်းဖြစ်နေသော ပြဿနာကို လိုက်လံဖြေရှင်းရသည်။

ကင်ပေတိုင်များကို ကျေနပ်အောင်တောင်းပန်ပြောဆိုတော့မှ ပြန်လွှတ်ပေးလိုက်သည်။

လူမျိုးတူချင်း အလျှောက်ကောင်းသဖြင့် အထောင်းသက်သာသွားခြင်းဖြစ်ပေသည်။

မဟုတ်ပါက ဝိဇယဇာတ်ညွှန်းရေးသော စာရေးဆရာကြီးခဗျာ အတော်ကြီးကာမှ ဝိဇယမင်းသားဖောင်ဖြင့်အမျှောခံရသလိုမျိုးမဟုတ်ပဲ အရှင်လတ်လတ်ငရဲရောက်သကဲ့သို့လက်သည်းခွံခွာ၊ ရေနွေးပူဖြင့်အလောင်းခံရမည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။

ကျွန်ုပ်ကထိုအကြောင်းကို ပြန်ပြောပြလိုက်ရာ ဒေါက်တာမင်းထင်ကျော်မှာ သဘောကျလွန်းသဖြင့် အသံထွက်အောင်ရယ်မောနေပေတော့သည်။

"သတင်းစာတွေဖတ်တော့လည်း အစိုးရကောင်းကြောင်းတွေနဲ့ ကြော်ငြာတွေပဲပါတာဆိုတော့ စိတ်ဝင်စားမှုတော့မရှိလှပါဘူး၊ ဒါပေမယ့် မနေ့ကသတင်းစာမှာတော့ သတင်းထူးတစ်ခုတွေ့လိုက်မိတယ်"

ကျွန်ုပ်ကပြောပြီး သောက်လက်စ လက်ဖက်ရည်ကိုလက်စသပ်လိုက်လေသည်။

"ဘယ်သတင်းကို ပြောတာလဲဆရာ"

"မနေ့ညကကန်တော်ကြီးစောင်းမှာ သန်းရွှေဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်တစ်ယောက် အသတ်ခံရတဲ့သတင်းလေ၊ သတ်သွားတာ လူမဟုတ်ဘူး၊ ဘီလူးမျက်နှာနဲ့လူတစ်ယောက်လို့ ရေးကြတယ်၊ တကယ်ပဲလား သတင်းရေးတဲ့သူတွေကပဲ လူတွေစိတ်ဝင်စားအောင် ပုံကြီးချဲ့ပြီးရေးကြတာလားတော့ မပြောတတ်ဘူး"

ကျွန်ပ်က အစားအသောက်ပြီးသွားသဖြင့် ဆေးတံကို မီးညှိကာဖွာနေလေသည်။

"ကျွန်တော်လာတာတခြားမဟုတ်ဘူး၊ ဆရာဆီမှာမေးစရာလေးတွေရှိလို့ လာခဲ့တာပါ"

"ဘာများလည်း မောင်ထင်ကျော်ရဲ့"

"တခြားတော့မဟုတ်ပါဘူး၊ ဘီလူးဆိုတာဒီချိန်မျိုးမှာ တကယ်ရှိနိုင်သေးသလားဆိုတာ သိချင်လို့ပါ"

"ဘီလူးဆိုတာကတော့ ရာဇဝင်တွေမှာရော နိပါတ်တော်တွေမှာရော၊ မဟာဝင် ဗုဒ္ဓဝင်တွေထဲမှာပါ ပါတာပဲ၊ စတုလောကပါလနတ်မင်းကြီးလေးပါး စာရင်းထဲမှပါတဲ့ ကုဝေရနတ်မင်းကြီးက ဘီလူးမျိုးနွယ်ပဲ၊ မြတ်စွာဘုရားကိုတောင် အံတုခဲ့တဲ့ အာဠာဝက နတ်ဘီလူးလည်း ဘီလူးပဲလေ၊ ဒီတော့ ဘီလူးဆိုတာ လောကရှိကတည်းက ရှိနေခဲ့ကြတာဖြစ်မှာပေါ့"

"ကျွန်တော်သိချင်တာက ဒီဘက်ခေတ်ရောက်လာတော့ ဘီလူးတို့ နဂါးတို့ဆိုတာတွေရော ရှိနိုင်သေးရဲ့လားလို့ မေးတာပါ"

"အရင်ကရှိခဲ့မှတော့ အခုလည်းရှိမှာပေါ့ မောင်ထင်ကျော်ရဲ့၊ တွေ့သင့်တွေ့ထိုက်တဲ့ အချိန်ကာလတုန်းက ဘီလူးတို့



www.burmeseclassic.com

www.burmeseclassic.com



နဂါးတို့ကို တွေ့ကြရပြီး၊ ခုမတွေ့ကြရတော့တာ မတွေ့သင့် မတွေ့ထိုက် မတွေ့ကြရတာဖြစ်မှာပေါ့၊ ဒါပေမယ့် မတွေ့ရသော်ငြားလည်း မရှိပါဘူးလို့ မျက်စိမှိတ်ပြီး ဖွတ်ငြင်းနေလို့လည်း မဖြစ်ဘူးပေါ့၊ ဒီဘက်ကာလတွေမှာ ဘီလူးနဲ့တွေ့ကြရတဲ့ အကြောင်းအရာတွေရှိပါတယ်၊ ဆန်းစစ်ကြည့်ရင်တော့ နှစ်မျိုးလောက်တွေ့ရမယ်ထင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က လက်ဖက်ရည်ကြမ်း သောက်နေရာမှ မေးလိုက်သည်။

"ဘယ်လိုမျိုးလည်းဆရာ"

"တစ်မျိုးက သဘာဝအတိုင်းဖြစ်ကြတဲ့ ဘီလူးနဲ့၊ နောက်တစ်မျိုးကတော့ ဆေးဝါးအစီအရင်နဲ့ ဘီလူးဘဝရောက်အောင် ပြောင်းလဲယူတာပဲ"

"စိတ်ဝင်စားစရာပါလား"

"သဘာဝအတိုင်း ရှိတယ်ဆိုတာ အရင် ဘီလူးကျွန်းတို့ မုတ္တမပင်လယ်ကွေ့တွေမှာ တွေ့ရတဲ့ စမင်ဆိုတဲ့ ရေဘီလူးတွေကိုပြောတာ...၊ ဆေးဝါးအစီအရင်နဲ့ဖြစ်တာကတော့ အဥ္စာဝကဆေး၊ ပုဏ္ဏကဆေးသုံးပြီး လူစင်စစ်ကနေ ဘီလူးအသွင် ပြောင်းလဲတာမျိုးကို ပြောတာမောင်ထင်ကျော်ရဲ့"

"ဒီလိုဆေးမျိုးတွေကရော အခုရှိနိုင်သေးရဲ့လား"

"ရှိပါသေးတယ်၊ ရှေးခေတ်က ဆေးဝါးအစီအရင်ကျွမ်းကျင်တဲ့ဆရာကြီးတွေ ရေးသားပြုစုခဲ့တဲ့ မှတ်တမ်းတွေ ကျန်ပါသေးတယ်၊ နောက်လူတွေကတော့ အဲဒီမှတ်တမ်းမျိုးတွေရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲကပါတဲ့ နည်းတွေအတိုင်း လုပ်ရင်ရနိုင်ပါတယ်"

"ဆရာရော အဲဒီအစီအရင်မျိုးတွေယုံကြည်လက်ခံသလား"

"လက်ခံရမှာပေါ့ မောင်ထင်ကျော်ရယ်၊ တကယ်ရှိခဲ့တဲ့ ရှေးဟောင်းပညာရပ်တွေပဲဟာ၊ နောက်ပိုင်းလူတွေက လုပ်နိုင်တာကနည်းနည်း၊ မဟုတ်တာလုပ်တာတွေကများနေလို့သာ ပျက်စီးကုန်တာပါ။ အိမ်မှာတောင် ဘီလူးဝင်စားတာနဲ့ ပတ်သက်ပြီးရေးသားတဲ့မှတ်တမ်းဟောင်းတစ်ခုရှိသေးတယ်၊ မောင်ထင်ကျော်စိတ်ဝင်စားရင် လိုက်ကြည့်ပါလား"


"ကောင်းတာပေါ့ ဆရာရယ်..."

ထို့နောက် ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့ သည် ကျသင့်ငွေကိုရှင်းလင်းပေးခဲ့ပြီးနောက် လက်ဖက်ရည်ဆိုင်အတွင်းမှ ပြန်ထွက်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၆ )

# သရဲချောင်းမှ ဘီလူးဝင်စားသည့်မှတ်တမ်း

ရှေးအခါက ဗိုလ်ကလေးမြို့(ဘိုကလေးမြို့)အောက်ပိုင်းဒေသများမှာ ယခုမျက်မှောက်ကာလမြင်တွေ့နေရသကဲ့သို့ တစ်နေရာနှင့်တစ်နေရာ ရွာများဆက်နေသော အခြေအနေမျိုးတော့ မဟုတ်ပေ။

ဗိုလ်ကလေးမြို့အထိ ရေငန်ရောက်ပြီး၊ အောက်ပိုင်းဒေသများမှာလည်း ရေငန်ဒေသများသာဖြစ်ပေသည်။ ကိုလိုနီ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဦးပိုင်းအချိန်ကာလအထိ ကျွန်းညိုကြီးလိုနေရာမျိုးမှာ သစ်တောများရှိနေသေးသည်။

ကျွန်းညိုကြီးဆုံးတော့ ဖောင်ဝင်မြစ်ရောက်သည့်အခါ တောင်ဘက်ကမ်းမှာ ကနစိုသစ်တောကြီးများသာရှိတော့သည်။ လူနေထိုင်သောရွာမရှိတော့ပေ။

ပင်လယ်ကမ်းခြေဘက်ရောက်တော့မှ ကဒုံ၊ ဇရာ၊ အမာ စသောငါးပုစွန်ရှာဖွေသူတို့ စုပေါင်းနေထိုင်ကြသော ရွာများရှိကြသည်။

ထိုအချိန်က ဗိုလ်ကလေးမြို့အောက်ပိုင်းတွင် ရွာကြီးများရှိကြသည်။ ဗိုလ်ကလေးမြို့တစ်ဖက်ကမ်းတွင် သာပေါင်း၊ ဂျပ်ချောင်း စသောရွာများရှိသည်။ ထိုရွာများတွင် စပါးကြိတ်သော ဆန်စက်အချို့ရှိသည်။

အောက်ပိုင်းဘက်မှာတော့ လယ်လုပ်သူ၊ ငါးပုစွန်ရှာဖွေသူ၊ ထင်းခုတ်သူ၊ အမဲလိုက်သူတို့နေကြသော ရွာကလေးများရှိကြသည်။

ကျွန်းညိုကြီးပေါ်တွင် ကနစိုသစ်တောများရှိပြီး၊ တောတိုးပြီး လယ်ကွက်ဖော်ကာ လုပ်ကိုင်သူအချို့လည်း ရှိနေကြပေပြီ။ ထို့ကြောင့် တောတစ်ဝက်၊ လယ်မြေတစ်ဝက်ဖြစ်နေသော အခြေအနေမျိုးပင်ဖြစ်သည်။

ရွာဟုသီးခြားမဟုတ်သော်လည်း လယ်ရှိသောနေရာတစ်ဝိုက်တွင် စုပေါင်းနေကြသော တဲစုကလေးများရှိကြသည်။ ထိုသို့နေကြခြင်းကိုပင် ကျွန်းညိုကြီးရွာဟု ခေါ်ဝေါ်ကြခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်ပိုင်းကာလများရောက်တော့ ချောင်းတစ်ချောင်းလျှင် ရွာတစ်ရွာတည်ပြီးနေကြရာ ကွမ်းသီးချောင်း၊ အလယ်ချောင်း၊ ထိပ်ချောင်း စသောရွာများပေါ်ပေါက်လာကြသည်။

ဒါကလည်း လွတ်လပ်ရေးရပြီးကာလ နောက်ပိုင်း၌ဖြစ်ပေသည်။ ရှေးကတော့ ကနစိုသစ်တောကြီးများက နေရာယူထားကြလေသည်။

ထိုအချိန်က ကျွန်းညိုကြီးအောက်ပိုင်းဘက်မှာရှိသော ရွာတစ်ရွာတွင် ပေတလူတို့လင်မယားနေသည်။

သူတို့နေသောရွာမှာ "သရဲချောင်း"ဖြစ်သည်။

ပေတလူက အသက်(၃၀)ကျော်လောက်ရှိပြီး မိန်းမဖြစ်သူ မိနက်ကလည်း အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိလေသည်။ အသက်အရွယ်ချင်တူသလို နှစ်ယောက်စလုံး အသားမည်းတာချင်း၊ စရိုက်ကြမ်းတာချင်းလည်းတူသည်။

ဆင်းရဲသဖြင့် ပေတလူက ဘယ်သောအခါမှ အင်္ကျီမဝတ်ဘဲ နံငယ်ပိုင်၊ ပုဆိုးဖြင့်နေသလို မိနက်လည်း ထမီရင်ရှားဖြင့်သာ နေလေ့ရှိသည်။

အသားမည်းလှသည့်အပြင် ဖြစ်သလိုနေထိုင်ကြသဖြင့် ရုတ်တရက်ကြည့်လျှင် လူတွေနှင့်မတူဘဲ သရဲသဘက်တွေနှင့်သာတူလေတော့သည်။

၄င်းတို့လင်မယားမှာ သားသမီးမရသဖြင့် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းသာနေကြခြင်းဖြစ်သည်။

သူတို့နေသောအိမ်၌ ဘုရားစင်လည်းမရှိ၊ နတ်စင်လည်းမရှိပေ။

ငါးဖမ်းကိရိယာများနှင့် အမဲလိုက်ရာတွင် အသုံးပြုသော ပစ္စည်းကိရိယာအချို့သာရှိပေသည်။ ဓား၊ လှံ၊ လေးမြား၊ ငါးမြား၊ ပိုက်ကွန်၊ အလေးချိန်ခွင် စသည်တို့သာရှိသည်။

သူတို့လင်မယားနေသော သရဲချောင်းရွာမှာ ရွာဟုသာဆိုသော်လည်း လက်လုပ်လက်စားတို့သာဖြစ်ကြသည်။

လယ်လုပ်သူ သုံးလေးဦးရှိပြီး ကျန်တာကတော့ သားငါးရှာဖွေပြီး စားသောက်ကြသူများဖြစ်သည်။ ငါးပုစွန်များရလျှင်သော်လည်းကောင်း၊ တောထဲမှ အဲသားငါးရှာဖွေရလာလျှင်သော်လည်းကောင်း အနီးပတ်ဝန်းကျင်ရွာများသို့ လှော်ဖြင့်လှည့်လည်ရောင်းချကြသည်။

အတော်များများရလျှင်တော့ ဗိုလ်ကလေးမြို့သို့သွားရောက်ရောင်းချကြသည်။ ဗိုလ်ကလေးမြို့နှင့် ကျွန်းညိုကြီးမှာမဝေးလှပေ။

ဗိုလ်ကလေးမြို့သို့ မဝေးလှသလို အောက်ဖက်ကနစိုသစ်တောများရှိရာသို့ သွားလျှင်လည်း မဝေးပေ။ ထို့ကြောင့် အချက်အချာကျသော နေရာတစ်နေရာဆိုက မများပေ။

ပေတလူနှင့် မိနက်တို့ လင်မယားမှာ သားသမီးမရှိကြပဲ လင်မယားနှစ်ယောက်တည်းလုပ်ကိုင်စားသောက် နေရာ တစ်နေ့တော့ မိနက်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


"ပေတလူ၊ ငါ့မှာကိုယ်ဝန်ရှိနေပြီထင်တယ်"

ငါးမြားကြိုးကျစ်နေသော ပေတလူ တိုတိုတုတ်တုတ်ပင် ပြန်ပြောလေသည်။

"ရှိတော့ ကောင်းတာပေါ့"

"ဆင်းရဲပါတယ်ဆိုမှ စားမယ့် ပါးစပ်တစ်ပေါက်တိုးလာဦးမယ်"

"အလကားကျွေးထားရတာမှမဟုတ်တာ၊ ကြီးလာရင် ခိုင်းစားရမှာပေါ့၊ (၉)နှစ် (၁၀)နှစ်ဆိုရင်ပဲ လေှပဲ့ကိုင်ခိုင်းလို့ရနေပြီ"

ပေတလူကတော့ ကလေးမမွေးခင်ကတည်းက ခိုင်းစားဖို့ပြင်နေပေပြီ။

နောက်ပိုင်းလအနည်းငယ်ကြာတော့ မိနက်တစ်ယောက် ခါတိုင်းနှင့်မတူဘဲ အနေအထိုင်၊ အပြောအဆို ပြောင်းလဲလာသည်။ အနေအထိုင်ကြမ်းလာသလို၊ အစားအသောက်ကလည်း အတော်ပင်ကြမ်းလာလေသည်။ နှစ်ယောက်စာ ချက်ပြုတ်ထားသော ထမင်းဟင်းများကို တစ်ယောက်တည်း စားပစ်သည်။ အသားငါးများကို ချက်ပြုတ်လျှင်လည်း ကျက်သည်အထိမစောင့်ပဲ မကျက်တကျက်ပင် စားသောက်လေသည်။

"နင်ကလည်း ခါတိုင်းနဲ့မတူဘူး၊ အစားသိပ်ကြမ်းတာပဲ"

"ကြမ်းမှာပေါ့၊ ငါက နှစ်ယောက်စာ စားနေရတာကိုး"

"ဗိုက်ထဲက ကလေးက မွေးတောင်မမွေးသေးဘူး စားနိုင်နေပြီလား"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"သူပဲစားနေတာပဲ..."

မိနက်က ဒီလောက်ပဲပြောပြီး ကျန်တာတွေ ထွေထွေထူးထူး မပြောပေ...။

လကြာလာတော့ ကိုယ်ဝန်ကလည်း တဖြည်းဖြည်းရင့်လာသည်။ ထိုအချိန်ရောက်တော့ ပိုပြီး ထူးခြားလာသည်။ ညအချိန် ပေတလူက မောမောပန်းပန်းနှင့် အိပ်နေသောအချိန်တွင် မိနက်က အနားမှထိုင်ကြည့်နေတတ်လေသည်။ သူကြည့်နေပုံက လင်ယောကျာ်းတစ်ယောက်ကို ချစ်ခင်သဖြင့် ကြည့်နေခြင်းမျိုးမဟုတ်ပဲ သတ္တဝါတစ်ကောင်က သားကောင်းကို စားချင်ဝါးချင်သဖြင့် ကြည့်နေသော အကြည့်မျိုးဖြစ်သည်။

ဒါကိုတော့ ပေတလူက မသိရှာပေ။

နောက်ရက်များရောက်တော့ မိနက်မှာ အခြေအနေတစ်မျိုးပြောင်းလာပြန်လေသည်။ သူမ အိပ်သောနေရာနံဘေးမှာ သားလှီးဓားတစ်ချောင်း ယူထားလေသည်။

ပေတလူအိပ်ပျော်သောအချိန်ရောက်လျှင် နေရာမှထထိုင်ပြီးကြည့်နေသည်။ ထိုသို့ကြည့်နေရင်းနှင့် လည်ပင်းဖောက်ပြီး သွေးသောက်ချင်သလိုလို၊ ရင်ကိုခွဲပြီး အသည်းနှလုံးကို ဖောက်ထုတ်ကာ စားသောက်ချင်သောစိတ်များ ဖြစ်ပေါ်လာသည်။

ထိုစိတ်မျိုးဖြစ်ပေါ်သည်နှင့် အိပ်ယာနံဘေးမှာချထားသော ဓားကိုယူလိုက်သည်။ ထိုသို့ယူလိုက်ပြီးမှ စိတ်ကတစ်မျိုးပြောင်းသွားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုသတ်လိုက်ရင် ငါ့ကိုအမဲသားငါးတွေ ဘယ်သူ ရှာကျွေးမလဲ၊ အခုသူရှာကျွေးနေလို့ စားနေရတာ သတ်လို့မဖြစ်သေးပါဘူးလေ၊ နောက်မှပဲ သတ်စားတော့မယ်"

ဟုတွေးမိကာ ဓားကိုပြန်ချထားလိုက်သည်။

ထိုအခြေအနေကိုတော့ နစ်နစ်ချိုက်ချိုက်အိပ်ပျော်နေသော ပေတလူက မသိပေ။

အတန်ကြာတော့ မိခက်သည် ထိုနေရာမှထကာ မီးဖိုချောင်ဘက်သို့သွားလေသည်။ မီးဖိုထဲရောက်တော့ အိုးခွက်ပန်းကန်တို့ကို လှန်လှောပြီး အစားအသောက်ရှာသည်။

ညနေကတည်းက ကုန်အောင်စားသောက်ကြသဖြင့် ဘာမှမကျန်တော့ပေ။ ထိုအခါ ကျပ်စင်ပေါ်မှာ တင်ထားသော အမဲခြောက်များကို ယူစားလေသည်။

အမဲခြောက်များမှာ ကျပ်စင်ပေါ်တင်ထားတာ မကြာသေးသောကြောင့် မခြောက်သေးပေ။ ပါးစပ်ဖြင့်ကိုက်လိုက်တိုင်း သွေးများစိမ့်ထွက်လာသေးသည်။

မိနက်မှာ ကျပ်စင်နားမှာ ဆောင့်ကြောင့်ထိုင်ပြီး ကျေနပ်လောက်အောင်စားသောက်ပြီးတော့မှ အိပ်ယာထဲပြန်ဝင်ပြီး အိပ်လေသည်။

ထိုကဲ့သို့ စားသောက်နေသော်လည်း မိနက်မှာ တစ်နေ့တခြားပိန်ချုံးကျလာရာ အရိုးပေါ်အရေတင်သော အခြေအနေသို့ရောက်လာလေသည်။

ယခင်ကပင် အသားမည်းမည်းနှင့် ဖြစ်သလိုနေလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည့် မိနက်မှာ တစ်ကိုယ်လုံးပိန်ချုံးကျသွားကာ ဆံပင်စုတ်ဖွား ဖြင့်နေသောအခါ လူတစ်ယောက်နှင့် သိပ်မတူတော့ပဲ သရဲ သဘက်တစ်ကောင်နှင့် ပိုတူလာလေသည်။

"နင်ကလည်း စားလိုက်တာကျတော့ ဘီလူးသရဲစား သလိုပဲ၊ လူကျတော့လည်း တစ်နေ့တစ်ခြား ပိန်လာလိုက်တာ မှင်စာနဲ့တောင် တူလာနေပြီ…"

ပေတလူက မိန်းမဖြစ်သူကို အမွှန်းတင်ကာ ပြောလေ သည်။

"နင့်ကိုပြောသားပဲ၊ ဒီလောက်စားနေတာ ငါစားတာ မဟုတ်ပါဘူး၊ သူစားနေတတာလို့"

"ဘယ်သူလဲ"

"ဗိုက်ထဲက ကလေးစားနေတာ"

မိနက်က ဗိုက်ကိုလက်ဖြင့်ပုတ်ပြကာ ပြောသည်။

"နင်ဗိုက်ထဲက ကလေးကလည်း ဘယ်လိုကလေးမျိုး လဲ…မွေးတောင်မမွေးသေးဘူး၊ စားလိုက်တာ ဘီလူးသရဲ ကျနေ တာပဲ"

ဟု မကျေမနပ်ပြောလေသည်။

နောက်ပိုင်းရက်များမှာတော့ မိနက်အခြေအနေက ပိုဆိုးလာလေသည်။ အရိုးပေါ်အရေတင်ပြီး လူရုပ်ပင် မပေါ် တော့ပေ။ မျက်လုံးများက အထဲချိုင့်ဝင်သွားပြီး သွားများသာ ခေါ်ထွက်လာလေတော့သည်။

တစ်ညမှာတော့ မိနက်အော်သံလိုလိုကြားရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပေတလူမှာ လန့်နိုးလာလေသည်။ ကြည့်လိုက်တော့ မိနက်မှာ အိပ်ယာပေါ်မှာ လူးလှိမ့်နေလေသည်။

"မိနက်၊ မိနက်…ဘာဖြစ်တာလဲ"

"ငါ့ဗိုက်ထဲက အူတွေအသည်းတွေကို သူစားပစ်နေပြီ ငါသေရတော့မယ်၊ လုပ်ပါဦး"

ထိုသို့ပြောသော်လည်း ပေတလူမှာ ဘာမှမလုပ်တတ်ပေ။ ထို့ကြောင့် အိမ်နီးနားချင်းကိုခေါ်ရလေသည်။

ပတ်ဝန်းကျင်မှ လူများရောက်လာပြီးကြည့်တော့ မိနက်မှာ ငြိမ်သက်နေလေပြီ။ အသေအချာကြည့်တော့ အသက်မရှိတော့ပေ။

ပေတလူက အကျိုးအကြောင်းပြောပြလိုက်တော့ လူကြီးတစ်ယောက်ကပြောသည်။

"သူကြည့်ရတာ ပုံမှန်မဟုတ်ဘူး၊ ဗိုက်ထဲမှာ မကောင်းဆိုးဝါးဝင်နေပုံရတယ်၊ အခုသေသွားပြီဆိုတော့ ကြာကြာထားလို့တော့မကောင်းဘူး၊ ချက်ချင်းသင်္ဂြိုလ်လိုက်ကြရင်ကောင်းမယ်"

ထိုစကားကိုကျန်ရွာသားများကပါ သဘောတူကြသဖြင့် မိနက်အလောင်းကို သယ်ယူသွားပြီး သုသာန်၌ မြေကျင်းတူးကာ မြှုပ်လိုက်ကြလေသည်။

ထိုသို့မြှုပ်လိုက်ကြပြီးနောက်မှာလည်း ပြဿနာက မအေးပေ။ ညအချိန်ရောက်လျှင် ခွေးအူသံ၊ ခွေးဟောင်းသံများကြားရသဖြင့် ထကြည့်လျှင် ထမီရင်ရှားနှင့် ဆံပင်ဖားလျားချကာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားနေသော မိနက်ကို တွေ့ကြရသည်။

ထိုသို့တွေ့ရပြီး မကြာခင် ရွာထဲမှ ရှုံးရှုံးဝါးဝါးကြောက်လန့်တကြားအော်သံကြားကြရပြီး လူတစ်ယောက်သေဆုံးရလေသည်။

ထိုအဖြစ်အပျက်က သာမန်မဟုတ်ပဲ ရက်ခြားဆိုသလိုဖြစ်နေသောကြောင့် ကပ္ပနန်းရွာဘက်မှ ပယောဂဆရာကြီးတစ်ယောက်ကိုပင့်ခေါ်ကာ အကျိုးအကြောင်းပြောပြကြလေသည်။

ဆရာကြီးက သူတို့ပြောတာနားထောင်ပြီး ဖြစ်ကြောင်းကုန်စင်မေးမြန်းကာ သိသောအခါ ဤသို့ပြောလေသည်။

"ငါအရောက်မြန်လို့သာပဲ၊ နည်းနည်းသာနောက်ကျရင်တော့ တစ်ရွာလုံးကုန်တော့မှာပဲ"

"ဘာဖြစ်တာလဲ ဆရာကြီး"

"ကဲ..ကဲ..သုသာန်သွားကြရအောင်၊ သုသာန်ရောက်တော့ မင်းတို့သိချင်တာတစ်ခါတည်း သိရပေမပေါ့"

ဟုပြောဆိုကာ ရွာသူရွာသားများနှင့် ပေတလူကိုပါတစ်ပါတည်းခေါ်ကာ သုသာန်သို့သွားကြလေသည်။

သုသာန်ရောက်သောအခါ မိနက်ကိုမြှုပ်ထားသောမြေပုံကိုပြန်ဖော်ခိုင်းသဖြင့် တူးဖော်ကြလေသည်။ သူတို့စိတ်ထဲမှာတော့ မြေမြှုပ်ထားတာရက်အနည်းငယ် ကြာနေပြီဖြစ်သောကြောင့် ပုတ်ပွပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အလောင်းကိုသာတွေ့ရမည်ဟု ထင်ထားကြသည်။ တကယ်တမ်းမှာတော့



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဖွယ်ကောင်းသော မြင်ကွင်းကိုတွေ့မြင်ကြရလေသည်။

မြေမြှုပ်ထားသော မိနက်အလောင်းမှာ အပေါ်ပိုင်းက လူကောင်းတစ်ယောက်ကဲ့သို့ အသားအရေများ ပြန်ပြည့်နေပြီး အောက်ပိုင်းကတော့ အရိုးကျနေလေပြီ။

"ဘယ်လိုဖြစ်တာလဲ ဆရာကြီး"

"တရားခံက သူ့ဗိုက်ထဲမှာရှိတယ်၊ ဗိုက်ခွဲပြီးအပြင်ထုတ်ယူလိုက်တော့"

ထိုသို့ပြောသဖြင့် ကြည့်လိုက်တော့ မိနက်ကိုယ်ဝန်က လူကောင်းတစ်ကောင်ကဲ့သို့ပင် ရှိနေသေးသည်။ အခြားသူများက မဆင်းဝံ့ကြသဖြင့် ပေတလူကိုယ်တိုင် ဓားကိုယူပြီး မြေကျင်းထဲသို့ဆင်းသွားလေသည်။ ထို့နောက် မိနက်ဝမ်းဗိုက်ကို ဓားဖြင့်ခွဲချလိုက်ရာ သွေးစိမ်းရှင်ရှင်များ ပန်းထွက်လာလေသည်။

"ဟင်...ဘယ်လိုဖြစ်တာလဲ၊ သေပြီးတဲ့သူက သွေးတွေပြန်ထွက်လာတယ်"

ဟု တအံ့တဩပြောဆိုကြသည်။

ပေတလူက အပေါ်မော့ကြည့်ကာ လှမ်းမေးသည်။

"ဗိုက်ခွဲပြီးပြီ၊ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ဗိုက်ထဲက ကလေးကိုဆွဲထုတ်ယူလိုက်"

ဟုပြောသဖြင့် ဗိုက်ထဲသို့ လက်ဖြင့်နှိုက်လိုက်သည်။

"အား..."

ပေတလူကလက်ကိုချက်ချင်း ပြန်ရုတ်လိုက်သည်။

"ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်လက်ကိုသွားနဲ့ ကိုက်တယ်"

သူ့လက်တွင် အကွင်းလိုက်ပြတ်နေသောနေရာကို အ
ပေါ်မှလူများမြင်သာအောင် မြှောက်ပြသည်။

"သူ့ကိုရအောင်ဆွဲထုတ်၊ ဒီအတိုင်းထားခဲ့ရင် မကြာခင်
မင်းတို့တစ်ရွာလုံး ကုန်လိမ့်မယ်"

"ဘယ်လိုလုပ်ရမလဲ"

"လက်ကိုအဝတ်ထူထူနဲ့ပတ်ပြီး ရအောင်ဆွဲထုတ်လာ
ခဲ့..."

ဟုပြောတော့မှ လက်ကိုအဝတ်များဖြင့်ပက်ကာ ဗိုက်
ထဲမှကလေးကိုဆွဲထုတ်လိုက်ရာ ခြေကားရား၊ လက်ကားရားဖြင့်
ပါလာလေတော့သည်။

အပေါ်သို့ယူလာပြီးကြည့်လိုက်တော့ နဖူးမောက်
မောက်၊ နှာရောင်ကောက်ကောက်နှင့် ပါးစပ်တွင်းမှ သွားနှင့်
အစွယ်များက အပြင်သို့ထွက်နေသော ဘီလူးလေးကိုတွေ့ကြ
ရလေသည်။

"ဟင်...ဘီလူးလေးပါလား"

"မင်းမိန်းမသေရတာလည်း သူ့ကြောင့်ပဲဖြစ်မယ်၊ ဗိုက်
ထဲကအသွေးအသားတွေ၊ အူတွေအသည်းတွေဘာမှ ကျန်
တော့မယ်မထင်ဘူး"

"တောက်...."

ပေတလူက တောက်ခေါက်လိုက်သည်။

ထိုသို့ဝိုင်းကြည့်နေစဉ်မှာပင် မျက်စိမှိတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးလေးက ဖျက်ခနဲမျက်စိဖွင့်ကြည့်လာသည်။

ငှင်းမျက်လုံးမှာ သာမန်မျက်လုံးများနှင့်မတူပေ။

အဖြူမပါဘဲ ဟင်္သာပြဒါးကဲ့သို့ နီရဲနေလေတော့သည်။ သူ့ကိုဝိုင်းကြည့်နေသည်ကိုမြင်တော့ ခွေးတစ်ကောင်မာန်ဖီသကဲ့သို့ သွားဖြဲပြသည်။

ထိုအခါမှ ပါးစပ်တွင်းမှာသွားအပြည့်ရှိနေရုံကပဲ အစွယ်လေးချောင်းကိုပါတွေ့ကြရလေသည်။

ထိုအခြေအနေကိုမြင်တော့ နံဘေးမှာရှိနေသောဆရာကြီးကပြောသည်။

"အဲဒါတခြားမဟုတ်ဘူး၊ ဘီလူးလို့ခေါ်တယ်၊ တကယ်လို့မသိပဲဒီအတိုင်းထားလို့ သူအရွယ်ရောက်လာရင် တားလို့ဆီးလို့ရတော့မှာမဟုတ်ဘူး၊ အဲဒီအချိန်ကျရင် မင်းတို့တစ်ရွာလုံးအကုန်သေပြီပေါ့ကွာ..."

"အခု ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ဒါမျိုးတွေက မြေမြှုပ်လို့မရဘူး၊ မြေမြှုပ်ရင် အသက်ပြန်ရှင်လာတာပဲ၊ ဒီတော့ အစပျောက်သွားအောင် မီးသာရှို့ပစ်လိုက်တော့၊ သူ့အပြင် ဟိုမြေတွင်းထဲက ဖုတ်ဝင်နေတဲ့ အလောင်းကိုပါ အပေါ်တင်ပြီး မီးရှို့လိုက်၊ ဒါမှစိတ်ချရမယ်"

ဟုပြောသဖြင့် မြေတွင်းထဲမှ မိနက်အလောင်းကိုပါအပေါ်သို့တင်ကာ ထားဖြင့်နှစ်ပိုင်းသုံးပိုင်းဖြတ်သည်။ ထိုသို့ ဖြတ်သောအခါ အသက်ရှင်နေသောလူတစ်ယောက်ကဲ့သို့ သွေးများပန်းထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးလေးကိုလည်း ဓားဖြင့်ပိုင်းဖြတ်ကြသည်။

ထို့နောက် ကနုတ်ထင်းများပေါသောအရပ်ဖြစ်သဖြင့် ထင်းခြောက်များစုပုံကာ အလောင်းများကို မီးရှို့လိုက်တော့မှ ပြာအဖြစ်ရောက်သွားလေတော့သည်။

ညအချိန်ရောက်တော့ တစ်နေရာမှ အသံနက်ကြီးဖြင့် အော်နေသောအသံကို ရွာသူရွာသားအချို့ကြားကြရလေသည်။

နောက်ပိုင်းတော့ သရဲချောင်းရွာမှာ အနှောက်အယှက်များကင်းသွားပြီး ပုံမှန်အတိုင်းပင် ပြန်လည်နေထိုင်ကြလေသည်။

အထက်ပါမှတ်တမ်းများမှာ ကျွန်ုပ်ထံတွင် စုဆောင်းသိမ်းဆည်းထားသော မှတ်တမ်းများထဲမှ တစ်ခုဖြစ်ပြီး ဒေါက်တာမင်းထင်ကျော်အား ဖတ်ခိုင်းနေခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က လေ့လာကြည့်ရှုပြီး မှတ်ချက်ချလေသည်။

"ဘီလူးဝင်စားတဲ့ အဖြစ်အပျက်အကြောင်းအရာ အတော်များများကို ကျွန်တော်ဖတ်ဖူးတယ်၊ အတော်များများကတော့ အရွယ်မရောက်ခင်သေကြရတာပဲ၊ ဒါကလည်း ဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံမို့ နတ်ကောင်းနတ်မြတ်တွေက ကူညီစောင့်ရှောက်ပေးကြလို့ သိတာပဲ ဖြစ်မှာပေါ့နော်..."

"အမှန်ပေါ့ မောင်ထင်ကျော်ရယ်၊ ဘုရားမရှိ တရားမရှိပဲ မကောင်းတဲ့သူဆီမှာ ဘီလူးစတဲ့ မကောင်းတဲ့မိစ္ဆာတွေ ပူးကပ်ဝင်စားလို့ရပေမယ့်၊ ကျွန်တော့်သူအတော်များများက ဘုရားတရား



www.burmeseclassic.com

www.burmeseclassic.com



ကို ယုံကြည်ကိုးကွယ်ကြတယ်လေ၊ အနည်းဆုံးတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဂုဏ်ကိုအာရုံပြုကြတဲ့သူတွေ များပါတယ်၊ ဒီလူတွေအတွက်တော့ အိမ်စောင့်နတ်၊ ရွာစောင့်နတ်တွေက ကူညီပေးကြရတာပေါ့"

ဒေါက်တာမင်းထင်ကျော်က မှတ်တမ်းများကို ပြန်ပေးရင်းပြောသည်။

"ဒီအတိုင်းဆိုရင်တော့ ဆရာပြောသလို ဆေးဝါးအစီအရင်ကြောင့်ဖြစ်တဲ့ ဘီလူးမျိုးရှိသလို သဘာဝအတိုင်းဖြစ်တဲ့ ဘီလူးတွေလည်းရှိနိုင်တာပဲ၊ အခုပေါ်နေတဲ့ ဘီလူးမျက်နှာနဲ့လူဆိုတာ ဘယ်လိုအမျိုးအစားကြောင့်ဖြစ်တဲ့ ဘီလူးမျိုးဖြစ်မလဲ မသိဘူး"

"ဒါကတော့ မောင်ထင်ကျော်စိတ်ဝင်စားရင် စုံထောက်ကျော်စွာတို့နဲ့ ပူးပေါင်းပြီး လေ့လာစုံစမ်းကြည့်ရင် သိရမှာပါ၊ တကယ်လို့ သိရပြီဆိုရင်လည်း ဝတ္ထုဇာတ်လမ်းလေးဘာလေး ရေးလို့ရအောင် လာပြောပြပါဦး"

"စိတ်ချပါဆရာ၊ တစ်ခုခုသိရပြီဆိုတာနဲ့ ကျွန်တော် ဆရာ့ဆီလာပြီး ပြောပြပေးပါ့မယ်"

ထိုသို့ပြောဆိုပြီး ဒေါက်တာမင်းထင်ကျော်လည်း ကျွန်ုပ်အားနှုတ်ဆက်ကာ ပြန်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

# ဘီလူးနှင့်တွေ့သော ဂျပန်အရာရှိ

အချိန်က ညနေပိုင်းအချိန်သို့ ရောက်နေပေပြီ။ ဗဟာန်းတစ်ပိုက်မှာ ထိုအချိန်မျိုးရောက်လာလျှင် လူစည်ကားစပြုလာချေပြီ။ အထူးသဖြင့် ကန်တော်ကြီးစောင်းတစ်ပိုက် ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံများနှင့် နီးသောနေရာတစ်ပိုက်တွင် ပို၍လူများလေသည်။

အစားအသောက်လာစားသူများ၊ ပစ္စည်းဝယ်ရန်.. ရောင်းရန်လာကြသူများ၊ ပြဇာတ်နှင့် ရုပ်ရှင်ကြည့်ရန်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သူများ၊ အခြားအပျော်အပါးအတွက် လာရောက်ကြသူများဖြင့် များစွာစည်ကားလှပေသည်။

ထိုအချိန်မျိုးရောက်လာလျှင် ငနိကနှင့် မိဝေမာတို့ မောင်နှမနှစ်ယောက်မှာ သင့်တော်သောနေရာထိုင်ကာ... တောင်းရမ်းကြလေသည်။ ငနိက,က ဘင်ဂျိုတီးပြီး၊ အသံကောင်းသော မိဝေမာက သီချင်းဆိုလေသည်။

"ပုဗ္ဗေစ...အခြေမလှတဲ့သူကို
သဒ္ဒါတရား နည်းများမဆို
သနားသဖြင့် စွန့်ကြပေးစေလို
ကောင်းမှုတွေပို...."

ထိုသို့တီးပြီးတောင်းသောအခါတွင် လမ်းသွားလမ်းလာတို့က တစ်ပြားနှစ်ပြား၊ ငါးပြားဆယ်ပြားဆိုသလို ရှေ့မှာချထားသော ခွက်အတွင်းသို့ ပစ်ထည့်ပေးသွားကြလေသည်။

အနည်းငယ်မှောင်စပျိုးလာတော့ နှမဖြစ်သူ မိဝေမာက ပြောလေသည်။

"အစ်ကို သင့်တင့်သလောက်ရရင် ပြန်ကြရအောင် ကျွန်မတို့ပြန်မယ့်လမ်းဘက်က လူပြတ်တော့ သိပ်မှောင်လာရင် သွားလာလို့ မကောင်းတော့ဘူး"

ထိုသို့ပြောသောအခါ အစ်ကိုဖြစ်သူ ငနိက,ကပါ ခေါင်းညိတ်ပြရင်း ဆိုတီးနေခြင်းများကိုရပ်လိုက်ကြသည်။

ထိုသို့ရပ်ခြင်းကပင် သူတို့အတွက် အလုပ်သိမ်းခြင်းဖြစ်ပေသည်။ မိဝေမာက ခွက်ထဲမှ အကြွေစေ့များကိုသိမ်းနေရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ဟိုတစ်နေ့က လာသွားတဲ့ အစ်မကြီးနှစ်ယောက်လည်း မလာကြဘူးနော်"

ငနိက,ကတော့ ထွေထွေထူးထူးဘာမှ ပြန်မပြောပဲ ခေါင်းညိတ်ပြရုံသာပြုလေသည်။

ထိုအခိုက်မှာပင် သူတို့နှစ်ယောက်အနီးသို့ မြင်းလှည်း တစ်စီး ရပ်လာလေသည်။

"တစ်နေ့ကလာသွားတဲ့ အစ်မကြီးတွေက မင်းတို့နှစ် ယောက်ကို အခေါ်ခိုင်းလိုက်တယ်၊ မြင်းလှည်းပေါ်တက်ကြ"

ဟုလေသံမာမာဖြင့် လှမ်းပြောလေသည်။

"ကျွန်တော်တို့ ဘယ်နေရာကိုလိုက်ရမှာလဲဗျာ..."

"စကားများလိုက်တာကွာ။ ဟိုရောက်တော့ သိရမှာပေ့ါ၊ မင်းတို့လုပ်နေတာနဲ့ ပြန်တာနောက်ကျတော့မှာပဲ..."

ဟုပြောတော့မှ နှစ်ယောက်သား ကြောက်ကြောက်ရွံ့ရွံ့ ဖြင့် မြင်းလှည်းပေါ်တက်ကြလေသည်။ သူတို့နှစ်ယောက် မြင်း လှည်းပေါ်ရောက်သည်နှင့် မြင်းလှည်းကမောင်းထွက်သွားလေ တော့သည်။

ညဦးပိုင်းအချိန်ရောက်နေပြီမို့ လမ်းများပေါ်မှာ လူသွား လူလာရှင်းလင်းနေသည်။ မြင်းလှည်းအချို့လောက်သာရှိတော့ သည်။

မြင်းလှည်းပေါ်မှာပါလာသော မောင်နှမနှစ်ယောက်က တော့ ငနိက,က သူမှာပါလာသော လွယ်အိတ်နှင့် ဘင်ဂျိုကို



www.burmeseclassic.com

www.burmeseclassic.com


ကျစ်ကျစ်ပါအောင်ကိုင်ထားပြီး မိဝေမာကတော့ အစ်ကိုဖြစ်သူ လက်မောင်းကိုကိုင်ထားလေသည်။

မြင်းလှည်းက ကန်တော်ကြီးစောင်းအတိုင်း မောင်းလာပြီး စတော့ကိတ်လမ်း(ယခုသိမ်ဖြူလမ်း)သို့ ဖြတ်ဆင်းသည်။

စတော့ကိတ်လမ်းမှတဆင့် မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း)ရောက်အောင် မောင်းသည်။

စတော့ကိတ်လမ်းနှင့် မောင်ဂိုမာရီလမ်းဆုံရောက်သောအခါမှာတော့ ကရစ်လမ်းနှင့် မဝေးတော့ပေ။

မြင်းလှည်းသမားက ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း မောင်းသွားပြီး ကရစ်လမ်းရောက်သောအခါ ချိုးကွေ့ဝင်လာလေသည်။ ထိုလမ်းဘက်ရောက်တော့ ညအချိန်ရောက်နေပြီဖြစ်သောကြောင့် လူသွားလူလာမရှိတော့ပေ။ ထိုလမ်းထဲရောက်တော့ ရှေ့မှာထိုင်ပြီး မြင်းလှည်းမောင်းနေသူကပြောသည်။

"မင်းတို့က ညအချိန်မတော်သွားလာနေကြတဲ့ သူတွေဆိုတော့ အခုတစ်လော နာမည်ကြီးနေတဲ့ ဘီလူးမျက်နှာနဲ့လူနဲ့ တွေ့မှာမကြောက်ဘူးလား"

"ဟင့်အင်း၊ မကြောက်ပါဘူး"

"အတော်ကြောက်စရာကောင်းတယ်လို့ ပြောတယ်၊ ငါတောင်ညဘက်တွေ မြင်းလှည်းထွက်ရတာ ခပ်လန့်လန့်ပဲ၊ မတော် သူနဲ့တွေ့ပြီး လူရောမြင်းပါ သတ်စားသွားရင်တော့ အခက်ပဲ"

ထိုစကားကြားတော့ နောက်ဘက်တွင် ထိုင်နေသော


www.burmeseclassic.com

www.burmeseclassic.com



ငနိကက ရယ်လိုက်သည်။

"မကြောက်ပါနဲ့ဗျာ၊ သူက လူကောင်းတွေကိုဘာမှ မလုပ်ပါဘူး၊ လူဆိုးတွေနဲ့တွေ့ရင်သာ သတ်တာပါ"

"ဟင်...မင်းကဘယ်လိုသိတာလဲ"

"သိတာပေါ့ဗျ တလောက ကန်တော်ကြီးစောင်းမှာ ကျွန်တော်တို့ဆီက ပိုက်ဆံတွေကို လုသွားတဲ့ လူဆိုးတွေ ဘီလူးမျက်နှာနဲ့လူနဲ့တွေ့ပြီးတော့ တစ်ယောက်သေသွားတယ်လေ"

"အေး...သတင်းတော့ကြားလိုက်မိတယ်၊ မင်း သူ့မျက်နှာကိုတွေ့လိုက်သလား"

"တွေ့ရတယ်။ ကိုယ်ခန္ဓာက လူဆိုပေမယ့် မျက်နှာက ဘီလူးမျက်နှာဖြစ်နေတာဗျ"

"ပြောတာနဲ့တင် အတော်ကြောက်စရာကောင်းနေပြီ၊ တွေ့များတွေ့ရရင်တော့ ဘယ်လိုနေမယ်မသိဘူး"

ဟုစကားတပြောပြောဖြင့် မောင်းလာရာ နောက်တော့ ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့ ညီအစ်မနှစ်ယောက်နေသော တိုက်နီကြီးရှေ့သို့ ရောက်ကြလေသည်။

မြင်းလှည်းသံကြားသဖြင့် အိမ်ထဲမှ ခင်စိန်ကြည် ထွက်လာပြီး မြင်းလှည်းခပေးကာ သူတို့နှစ်ယောက်ကို အိမ်ထဲခေါ်သွားလေသည်။

ငနိကနှင့် မိဝေမာတို့ နှစ်ယောက်လည်း အိမ်ကြီးထဲ ရောက်သောအခါများစွာ ကြောက်ရွံ့နေသည့် အမူအယာရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ မင်းတို့မောင်နှမကို ဘာမှမလုပ်ပါဘူး"

"ကျွန်တော်တို့ကို ဘာကြောင့်ခေါ်တာလဲဟင်"

"တခြားတော့မဟုတ်ပါဘူး၊ ဒီတိုက်မှာဘယ်သူမှမရှိကြဘူး၊ ငါတို့ ညီအစ်မနှစ်ယောက်ပဲနေကြတယ်၊ ဒါကြောင့် မင်းတို့မောင်နှမ ငါတို့နဲ့နေရင် ခေါ်ထားပေးမယ်"

"ကျွန်တော်တို့က ဘာလုပ်ရမလဲ"

"ငါတို့အိမ်မှာ ယောက်ျားသားမရှိတော့ မင်းနေမယ်ဆိုရင် ငါစီးတဲ့မြင်းလှည်း မောင်းရမယ်၊ အိမ်ကိုဧည့်သည်တွေလာရင် ကြိုပြီး ဝေယျာဝစ္စလုပ်ပေးရမယ်"

"မြင်းလှည်းမောင်းတာကတော့ ထားပါတော့၊ ဧည့်သည်တွေကို ဘယ်လိုလုပ်ပေးရမှာလဲ"

"ဒါတွေက နောက်တော့ သင်ပေးရင်တတ်လွယ်ပါတယ်၊ မင်းနေနဲ့ လုပ်မလုပ်သာပြောပါ"

"ကျွန်တော်အတွက်တော့ ဟုတ်ပါပြီ၊ ကျွန်တော့်ညီမလေးကရောဘာလုပ်ရမလဲ"

"သူကတော့ အိမ်မှုကိစ္စလေးတွေ ကူညီပေးရုံပါပဲ၊ ဒါလည်း သင်ပေးရင်မခက်ပါဘူး၊ ငါတို့ညီအစ်မက မင်းတို့မောင်နှမကို မြင်တာနဲ့ သနားခင်မင်လို့ နတ်ပြည်တင်ပေးတာကိုဖြင်အေးတယ်ဆိုပြီး မနေချင်ရင်တော့လည်း မင်းတို့သဘောပေါ့"

ထိုသို့ပြောပြီး ခင်စိန်ကြည်က စီးကရက်တစ်လိပ်ကိုမီးညှိဖွာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငနီက,က နမဖြစ်သူကို တစ်ချက်ကြည့်လိုက်ပြီးတော့မှ ခေါင်းညိတ်ပြသည်။

"ကောင်းပါပြီ၊ ကျွန်တော်တို့လို လမ်းဘေးမှာ တောင်းရမ်းစားသောက်နေရတဲ့သူတွေကို ခေါ်ယူစောင့်ရှောက်ပေး တာကျေးဇူးတင်ပါတယ် အစ်မကြီး၊ ကျွန်တော်တို့ မောင်နှမ တတ်နိုင်သလောက်လုပ်ကြည့်ပါ့မယ်"

"အေး...ဒီလိုမှပေါ့၊ အခုအချိန်ကစပြီး ဘဝဟောင်းတွေကိုမေ့လိုက်တော့ နောက်တစ်နေ့ကစပြီး နှစ်ယောက်စလုံး စိတ်ရောလူပါ ပြောင်းပစ်ရမယ်..."

ထိုသို့ပြောပြီး ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့က သူတို့မောင်နှမကို ပြုပြင်ပြောင်းလဲပေးရာ အသွင်ပြောင်းလဲသွားလေသည်။

တကယ်တော့ ငနီကရော မိဝေမာပါ ရုပ်ဆင်းအင်္ဂါချောမောသူများဖြစ်သည်။ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်များနှင့် နေသောကြောင့်သာ မသိသာ မမြင်သာသော်လည်း ယခုကဲ့သို့ အဝတ်အစားသစ်သစ်လွင်လွင် ဝတ်ဆင်ပြီး ပြုပြင်လိုက်သောအခါ ကြည့်ပျော်ရှုပျော်ဖြစ်လာကြလေသည်။

ခင်စိန်ကြည်ကလည်း ကျေနပ်နေလေသည်။ ခင်စိန်ကြည်က ငနီကကို တွေ့ပြီး အကဲခတ်ကြည့်ကတည်းက ရုပ်ရည်ရော ပုံပန်းသဏ္ဌာန်ပါ မဆိုးလှဟုထင်နေရာ ယခုကဲ့သို့ ပြုပြင်လိုက်သောအခါ သူထင်တာထက် ပိုပြီးချောမောတင့်တယ်မှုရှိနေသည်ကိုတွေ့ရသောအခါ များစွာကျေနပ်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် တစ်ချက်ခုတ်နှစ်ချက်ပြန်ဆိုသလို ရုပ်ရည်ချော ပြီး ကိုယ်လုံးကိုယ်ထည်ပါ ဖွံ့ဖြိုးလှပသော မိဝေမာကိုလည်း တစ်နေ့ကျလျှင် သူတို့လုပ်ငန်းတွင် အသုံးချရန် ကြိုတင်ရည်ရွယ် ထားပြီးဖြစ်လေသည်။ ထိုသို့ရည်ရွယ်ထားသည်ကိုတော့ မောင် နှမနှစ်ယောက်က မသိကြပေ။

"မင်းတို့မောင်နှမက အခုလိုပြင်လိုက်တော့လည်း ရုပ် ရည်က မဆိုးလှဘူးပဲ၊ ဒါပေမယ့် အခုနာမည်တွေကတော့ ခေါ်ရတာလည်း ခက်တယ်၊ သိပ်လည်းမကောင်းလှဘူး၊ တခြား နာမည်ရော ရှိကြသေးသလား"

"ရှိပါတယ်၊ ကျွန်တော်နာမည်က မောင်သီဟ၊ သူ့နာ မည်က သီရိပါ"

"အေး...အဲဒါကောင်းတယ်၊ အရင်နာမည်တွေ ဖျောက် ပြီး ဒီနာမည်တွေပဲသုံးမယ်၊ ငါ့နာမည်က ခင်စိန်ကြည်၊ သူ့ နာမည်က ခင်စိန်ရီတဲ့၊ ငါတို့က မင်းတို့ထက် နည်းနည်းပဲ ပိုကြီး တော့...မမကြီး...မမလေး လို့ပဲခေါ်ကြပါ"

"ကောင်းပါပြီ ခင်ဗျာ..."

ဤသို့ဖြင့် မောင်သီဟနှင့် သီရိတို့နှစ်ယောက်မှာ ကံ ကောင်းထောက်မစွာဖြင့် သူတောင်းစားဘဝမှ လွတ်ကာ အိမ် ကြီးပေါ်သို့ ရောက်သွားကြလေသည်။

သီရိက အိမ်မှုကိစ္စများလုပ်ကိုင်ပေးရပြီး၊ မောင်သီဟ ကတော့ အပြင်အလုပ်များလုပ်ကိုင်ပေးရသည်။ ခင်စိန်ကြည် က မြင်းလှည်းတစ်စီးဝယ်ထားပေးသဖြင့် ထိုမြင်းလှည်းကို



www.burmeseclassic.com

www.burmeseclassic.com



မောင်းပြီး သွားချင်တာလိုက်ပို့ပေးရသည်။ ဧည့်သည့်များရောက်လာလျှင် ဆီးကြိုပြီး ဝေယျာဝစ္စများ ဆောင်ရွက်ပေးရလေသည်။

သည်တော့မှ ခင်စိန်ကြည်တို့ ညီအစ်မမှာ ပြည့်တန်ဆာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြမှန်း သိရပေတော့သည်။

သို့သော် မတတ်နိုင်တော့ပေ။

မောင်သီဟာအနေဖြင့် အခြားရည်ရွယ်ချက်များ ရှိနေသေးသောကြောင့် မသိဟန်ပြုပြီး နေမြဲနေလေသည်။ ဧည့်သည်များအတွက်လိုအပ်သော ကိစ္စများကိုတော့ မောင်သီဟ တစ်ယောက်တည်းပင် ဒိုင်ခံလုပ်ပေးလေသည်။

ထိုအိမ်မှာ ပြည့်တန်ဆာအလုပ်လုပ်နေသော်လည်း ပေါပေါ်ထင်ထင် ပေါပေါများများ လုပ်နေခြင်းမျိုးမဟုတ်ပေ။ တစ်နေ့လျှင် ဧည့်သည်တစ်ယောက် နှစ်ယောက်ထက်ပိုပြီး လက်မခံပေ။ တစ်ခါတလေ ဂျပန်အရာရှိများလာပြီး သောင်းကျန်းမှသာ နောက်ထပ်လက်ခံပေးရလေသည်။

ထို့ပြင် ၎င်းတို့ထံသို့လာသော ဧည့်သည်တို့မှာလည်း သာမန်လူတန်းစားများမဟုတ်ကြပေ။ သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစား၊ ဂျပန်အရာရှိများ အစိုးရဌာနတွင် အလုပ်လုပ်နေကြသော အရာရှိအရာခံများသာ ဖြစ်ပေသည်။

ထိုနေရာသို့ လာသူတို့မှာလည်း သာမန်ငွေကြေးရှိရုံဖြင့် လာ၍မရပေ။ ဂျပန်အရာရှိများမှလွဲပြီး အခြားလူများမှာ ငွေကြေးအမြောက်အများပေးပြီးမှ ဝင်ထွက်သွားလာနိုင်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဂျပန်အရာရှိများကတော့ သဘောကောင်းလျှင်ပေးပြီး သဘောမကောင်းသောအခါ မပေးပဲနေကြသည်။ မပေးသည့်အပြင် စိတ်မထင်လျှင် "ရူးရာဘတ်ကဲရိုး" ဟုပြောကာ ရိုက်ချင်နက်ချင်သေးသည်။ သည်တော့ ငွေရတာမရတာအသာထား အရိုက်အနက်မခံရအောင်ပင် သတိဖြင့်နေကာ လိုက်လျောပေးရလေသည်။

ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့အပြင် အိမ်မှာနေကြသော မောင်သီဟနှင့် သီရိတို့လည်း သတိဖြင့်နေထိုင်ကြရလေသည်။

ထိုအိမ်သို့လာကြသူများမှာ လူချင်းမတူ၊ အဆင့်အတန်းချင်းမတူကြသော်လည်း တူသောအချက်တစ်ခုတော့ ရှိကြလေသည်။ အခြားမဟုတ်ပေ။

လူသိမခံဝံ့သောအချက်ပင်ဖြစ်သည်။ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားကြီးများကလည်း မိသားစုများ သိမည်စိုးသဖြင့် အခြားပေါ်ပေါ်ထင်ထင်ဖွင့်ထားသော ဆောင်ကြာမြို့င်များသို့ မသွားဝံ့ပဲ ထိုနေရာသို့သာ တိတ်တဆိတ်လာရောက်ကြသည်။

ဂျပန်များ၊ အရာရှိအရာခံများကလည်း သူတို့အတွက် ဖွင့်လှစ်ပေးထားသော ဆောင်ကြာမြို့င်ရှိသည်။ ထိုဆောင်ကြာမြို့င်သို့ တစ်လတစ်ကြိမ်သာ သွားရောက်ခွင့်ရှိသည်။ ကျန်ရက်များမှာတော့ အထက်အရာရှိများမသိအောင် ထိုနေရာသို့ တိတ်တဆိတ်လာရောက်ကြခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခင်စိန်ကြည်တို့ထံသို့လာသော သူတို့မှာ လူသိမခံဝံ့သော အချက်များတူနေကြခြင်းဖြစ်သည်။

ဂျပန်များပင် ထိုနေရာသို့လာလျှင် ဝတ်စုံပြောင်းဝတ်ပြီးလာလေ့ရှိသည်။ တစ်နေ့တော့ ပြဿနာတစ်ခုပေါ်လာတော့သည်။

ညနေစောင်းအချိန်တွင် ဂျပန်အရာရှိတစ်ယောက် ရောက်လာလေသည်။ ထိုအချိန်တွင် ခင်စိန်ကြည်ရော ခင်စိန်ရီပါ ဧည့်သည်များနှင့် အသီးသီးရှုပ်နေကြသောကြောင့် ဧည့်မခံနိုင်ကြပေ။

ထိုအခါ ဂျပန်အရာရှိမှာ အတော်ပင် စိတ်တိုနေလေသည်။ ထို့ပြင် စိတ်မရှည်စွာ စောင့်ရင်းနှင့် အပေါ့အပါးသွားရန် အနောက်ဘက်သို့ ဝင်လာစဉ် အနောက်ဘက်အဆောင်တွင်နေကြသော မောင်သီဟနှင့် သီရိတို့ကိုတွေ့မြင်သွားလေတော့သည်။

"သူဘယ်သူလဲ..."

ဂျပန်အရာရှိက ချောမောလှပသည့် သီရိကိုမြင်သောအခါ မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ မေးလိုက်လေသည်။

"ကျွန်...ကျွန်တော်ညီမပါ"

မောင်သီဟက ဝင်ပြောလိုက်သည်။

"ငါသူ့ကိုသဘောကျတယ် ခေါ်သွားမယ်"

"မလုပ်ပါနဲ့ မာစတာ၊ တောင်းပန်ပါတယ်"

"ရူးရား ဘတ်ကဲရိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း၊ ဖြန်း၊ ဖြန်း"

ပြောလည်းပြော ရိုက်လည်းရိုက်သည်။

နောက်တော့ သီရိလက်ကိုဆွဲပြီး အပြင်ခေါ်ထုတ်သွားသဖြင့် မောင်သီဟက နောက်မှလိုက်သွားလေသည်။

"မင်းက ဘာလိုက်လုပ်တာလဲ"

"ကျွန်တော်က ဒီအိမ်ကမြင်းလှည်းမောင်းတဲ့သူပါ၊ မာစတာလိုတဲ့ နေရာလိုက်ပို့ပေးပါ့မယ်"

ဟုပြောဆိုကာ ဂျပန်အရာရှိနှင့် သီရိကိုမြင်းလှည်းပေါ်တင်ကာ ရေမြောင်းကြီးလမ်းအတိုင်း အနောက်ဘက်သို့ မောင်းလာလေသည်။ သူမောင်းလာသောဘက်တွင် လူမရှိပေ။ တစ်နေရာရောက်တော့ မြင်းလှည်းကရပ်တံ့သွားလေတော့သည်။

"ဘာဖြစ်လို့ရပ်တာလဲ"

ထိုသို့မေးလိုက်စဉ်မှာပင် မြင်းလှည်းပေါ်၌ ကြောက်စရာကောင်းသော ဘီလူးမျက်နှာနှင့်လူတစ်ယောက်ကိုတွေ့ရသဖြင့် မြင်းလှည်းပေါ်မှ ဆင်းပြေးရန်ကြိုးစားသော်လည်း မရတော့ပေ။

နောက်တစ်နေ့ရောက်တော့ လူသူမနီးသော ရေမြောင်းထဲတွင် ရုပ်ပျက်ဆင်းပျက်သေဆုံးနေသည့် ဂျပန်အရာရှိအလောင်းကို တွေ့ကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

# ဆောင်ကြာမြိုင်မှ သဲလွန်စများ

(၁၉၄၂-၄၃) ခုနှစ်လောက်က ဂျပန်များဝင်ရောက်လာပြီး အုပ်ချုပ်ရေးပိုင်းကို နေရာယူထားကြသော်လည်း၊ ရာဇဝတ်မှုများကိုင်တွယ် ဖြေရှင်းရာမှာတော့ ပုလိပ်အဖွဲ့ကိုပင် တာဝန်ပေးထားသည်။ အင်္ဂလိပ်လက်ထက်က ထားခဲ့သည့်အတိုင်း ပုလိပ်မင်းကြီးမှစပြီး ပုလိပ်များကိုသူ့အဆင့်နှင့်သူ၊ သူ့ရာထူးနှင့်သူ ပေးထားသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတော့ ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့နှင့်ပုလိပ် အဖွဲ့တို့ ဆက်ဆံရေးတင်းမာမှုများရှိကြသည်။

ထိုအချိန်က မြန်မာပြည် ပုလိပ်မင်းကြီးရုံး (I.G.P. Insepector General of Police) မှာ ဗဟန်းဘက်တွင်ရှိသည်။ ဗဟန်းမိုးညှင်းကျောင်းတိုက်နေရာ၌ ဖြစ်ပေသည်။

ဂျပန်ခေတ် (၁၉၄၂-၄၃) ခုနှစ်လောက်က ပုလိပ်မင်း ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူမှာ ဦးအုန်းကျော်ပင်ဖြစ် သည်။

(ထိုအချိန်က ပုလိပ်မင်းကြီး ဦးအုန်းကျော်၏ ကိုယ်ရေး အရာရှိမှာ အငြိမ်းစားရဲမင်းကြီး ဦးဘအေးပင်ဖြစ်၏)

ပုလိပ်မင်းကြီးရုံးမှာကြီးမားခန့်ထည်သည့် တိုက်တာမျိုး တော့မဟုတ်ပေ။ သစ်သားဖြင့် ဆောက်လုပ်ထားသော အိမ်ကြီး တစ်လုံးပင်ဖြစ်သည်။

ဘောင်ဒရီလမ်း (ယခုဓမ္မစေတီလမ်း) ပေါ်၌ရှိပြီး နောက်ပိုင်းကာလရောက်တော့ ထိုနေရာတွင် မိုးညှင်းကျောင်း တိုက်ကြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ပုလိပမင်းကြီးရုံးတွင် အလုပ်လုပ်သူတို့မှာ နံနက်(၉) နာရီခွဲ ရုံးရောက်အောင်လာကြရပြီး ညနေ(၄)နာရီ၌ ရုံးဆင်းကြ ရသည်။

ပုလိပ်မင်းကြီး ဦးအုန်းကျော်နှင့် ဦးဘအေးတို့မှာ မြန်မာ နိုင်ငံသားများဖြစ်ကြသဖြင့် မြန်မာလူမျိုးအချင်းချင်းကိုတော့ စောင့်ရှောက်ကူညီမှုပေးခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ခေတ်က ပုလိပ်များဝတ်သော ယူနီဖောင်းမှာ ကာကီအင်္ကျီလက်တို၊ ဘောင်းဘီတိုသာဝတ်ရပြီး အင်္ဂလိပ်ခေတ်ကကဲ့သို့ စလွယ်တပ်ဆင်ခြင်းမရှိတော့ပေ။ စလွယ်ရှိစဉ်က ခြောက်လုံးပြူးသေနတ်ထည့်ထားလျှင်ပင် မမြင်ရပြီ...။

ပုလိပ်အရာရှိများမှာ တစ်လက်မခွဲအရွယ်ခန့်ရှိသော တံဆိပ်ဝိုင်းကြီးများ တပ်ဆင်ရသည်။

ရာထူးအနေဖြင့် Dy.S.P ခေါ် ရာဇဝတ်ဝန်ထောက်အတွက် တပ်ဆင်ရသည်မှာ (Three Lines Three Stars) သုံးလိုင်းနှင့် ကြယ်သုံးပွင့်ဖြစ်သည်။ (Four Lines one star) ကတော့ D.S.P. ခရိုင် ရာဇဝတ်ဝန်ဖြစ်လေသည်။

(Three Lines Two Star) က I.P ခေါ် တိုက်ပိုင်၊ (Three Lines one Star) က I.P ရာဇဝတ်အုပ်ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

ထိုခေတ်အခါက အထက်အရာရှိများ မဆိုထားနှင့် ရာဇဝတ်အုပ်အဆင့်ပင်လျှင် ရပ်ရွာထဲတွင် ဩဇာအာဏာကြီးပြီး ကြောက်ရွံ့ကြရလေသည်။

ထိုထက် ရာထူးတစ်ဆင့်၊ နှစ်ဆင့်ပိုကြီးသော ပုလိပ်အရာရှိများဆိုပါက ပိုပြီးလေးစားကြောက်ရွံ့ကြရသည်။ ကြေးဝါတံဆိပ်ဝိုင်းကြီးများကို ယူနီဖောင်းအင်္ကျီ၏ လက်ဝဲဘက်အိတ်တွင် တပ်ဆင်ရသည်။ ကြယ်ပွင့်တွေ၊ လိုင်းတွေနှင့် ကြေးဝါတံဆိပ်ကြီးများ တပ်ဆင်ထားခြင်းပင် ကြောက်ရွံ့လေးစားမှုဖြစ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဗဟာန်းဂါတ်ထဲတွင် ရာဇဝင်အုပ် ဦးမင်းဒင် ရှိပြီး အမှုလိုက်စုံထောက်က ကျော်စွာဖြစ်သည်။

တစ်နေ့သ၌ ခရိုင်ရာဇဝတ်ဝန် ဦးဘကျော်က ဦးမင်းဒင်တို့ကို ခေါ်ပြီးပြောသည်။

"အခု ဗဟာန်းထဲမှာ ဘီလူးမျက်နှာနဲ့လူတစ်ယောက်ပေါ်ပြီး လူတွေလိုက်သတ်နေတာ ခင်ဗျားတို့မသိဘူးလား၊ သတင်းစာတွေ၊ ဂျာနယ်တွေကတောင် ဒီအကြောင်းတွေ ရေးနေကြပြီ"

"သိပါတယ် ခင်ဗျာ..."

"ခင်ဗျားတို့ကြည့်ရတာ အစိုးရလစာစားပြီး၊ ရုံးခန်းထဲမှာပဲ အေးအေးနေကြတယ်ထင်ပါရဲ့၊ အခုဂျပန်တွေနဲ့ ထိပ်တိုက်တိုးရမယ့် ပြဿနာပေါ်နေတာရောသိရဲ့လား"

ဦးမင်းဒင်က သူ့ဘာမှမသိသေးသောကြောင့် မျက်လုံးအပြူးသားနှင့် ခရိုင်ရာဇဝတ်ဝန်ကို ကြည့်နေလေသည်။

"ဒီကိစ္စတွေက ကျုပ်တာဝန်ယူထားရတဲ့ ခရိုင်နယ်မြေအတွင်းမှာ ဖြစ်တာဆိုတော့ ကျုပ်ခေါင်းပေါ်ကျနေတယ်၊ ရာဇဝတ်ဝန်ထောက်နဲ့၊ ပုလိပ်မင်းကြီးကပါ ဒီကိစ္စကိုမေးနေကြပြီ၊ တခြားမဟုတ်ဘူး မနေ့ညက ဂျပန်အရာရှိတစ်ယောက် ပျောက်နေတယ်၊ အဲဒါက သာမန်မဟုတ်ဘူး၊ ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့နဲ့ ကျုပ်တို့ပုလိပ်အဖွဲ့ ထိပ်တိုက်တွေ့ရမယ့် ပြဿနာပဲ"

ထိုစကားကြားတော့မှ ဦးမင်းဒင်မှာ များစွာအံ့သြသွားဟန်ရှိလေသည်။

အနားမှာရှိနေသော စုံထောက်ကျော်စွာကတော့ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်စွာနှင့်ပင် လေးလေးနက်နက်နားထောင်နေလေသည်။

"သာမန် အရပ်သားဆယ်ယောက်သေတာက အရေးမကြီးဘူး၊ ဂျပန်အရာရှိတစ်ယောက် ပျောက်နေတာကပိုပြီးပြဿနာကြီးတယ်၊ ဒီတော့ခင်ဗျားတို့ ဒီကိစ္စကို စုံစမ်းစစ်ဆေးပြီး ကျုပ်ဆီကို အစီရင်ခံစာပြန်တင်ပေးပါ"

"ကောင်းပါပြီဝန်ကြီး"

ထို့နောက် ဦးမင်းဒင်နှင့် စုံထောက်ကျော်စွာလည်း ခရိုင်ရာဇဝတ်ဝန်ကို အရိုအသေပေးကာ ရုံးခန်းထဲမှ ပြန်ထွက်လာကြလေသည်။

လင့်ရှိဘာကားဖြင့် ပြန်လာကြရာ ဗဟန်းဂါတ်တဲ ပြန်ရောက်တော့မှ ဦးမင်းဒင်က ထိုတာဝန်ကို စုံထောက်ကျော်စွာအား လွှဲပေးလေသည်။

"ကဲ...မောင်ကျော်စွာ ကြားတဲ့အတိုင်းပဲ၊ ယမ်းပုံမီးကျမယ့် ပြဿနာတစ်ခုတော့ ပေါ်ပြန်ပြီ၊ ဂျပန်တွေ ကျေနပ်အောင် ဖြေရှင်းပေးဖို့က ကျုပ်တို့မှ တာဝန်ရှိတယ်၊ မဟုတ်ရင် ကျုပ်တို့ ဗမာတွေအပေါ် အထင်အမြင်သေးလိမ့်မယ်၊ အဆဲအဆိုခံကြရလိမ့်မယ်"

"စိတ်မပူပါနဲ့ ဆရာ၊ ဒီကိစ္စအမြန်ဆုံးပေါ်ပေါက်အောင် ကျွန်တော် တာဝန်ယူစုံစမ်းပေးပါ့မယ်"

ဟုပြောဆိုကာ ဦးမင်းဒင်အား အရိုအသေပေးပြီး စခန်းမှထွက်လာလေသည်။

ထုံးစံအတိုင်း သူ့ဦးတည်ချက်ကတော့ ထိုကဲ့သို့ ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



သော ပြဿနာများကို စုံစမ်းဖြေရှင်းရာတွင် သူမတူအောင် ထူးချွန်သော ဒေါက်တာမင်းထင်ကျော်နေအိမ်ရှိရာသို့ ဖြစ်ပေသည်။

ဗဟန်းဂါတ်တဲနှင့် ဒေါက်တာမင်းထင်ကျော်နေသော ရွှေတောင်ကြား (ကုလားကုန်း)ဘက်တွင်ရှိသော အိမ်မှာမဝေးလှပေ။ ဒေါက်တာမင်းထင်ကျော်နေသောလမ်းဘက်မှ ဘောင်ဒရီလမ်းဘက်သို့ ထွက်လိုက်လျှင် လင့်လမ်းနှင့်မနီးမဝေး ယခုမိုးညှင်းကျောင်းတိုက်နေရာ၌ ရှိသော ပုလိပ်မင်းကြီးရုံးသို့ပင် မဝေးလှပေ။

စုံထောက်ကျော်စွာ ရောက်သွားသောအချိန်တွင် ဒေါက်တာမင်းထင်ကျော်ကို အဆင်သင့်ပင်တွေ့ရလေသည်။

"ဆရာ ခရီးထွက်နေတယ်ထင်လို့ စိတ်ပူနေတာ၊ အခုလိုတွေ့ရတော့မှပဲ စိတ်အေးရတော့တယ်"

"ဒီရက်ထဲမှာတော့ ဘယ်မှမသွားဖြစ်သေးပါဘူး၊ လာဗျာ ကိုကျော်စွာ၊ မတွေ့ရတာတောင် အတော်ကြာနေပြီ"

ဟု အိမ်ထဲသို့ဖိတ်ခေါ်ကာ လက်ဖက်ရည်၊ စီးကရက် စသည်တို့နှင့် ဧည့်ခံလေသည်။

"ကိုကျော်စွာတို့ ဘီလူးမျက်နှာနဲ့လူကို စုံစမ်းလို့ သိကြရပြီလား"

"မရသေးပါဘူး ဆရာရယ်၊ မရသေးတဲ့အပြင် အခုနောက်ထပ် ခေါင်းခဲရမယ့် အမှုတစ်ခု ထပ်ပေါ်လာလို့ဆရာ့ကို အကူအညီတောင်းဖို့လာခဲ့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအမှုလဲဗျ..."

"မနေ့ညက ဂျပန်အရာရှိတစ်ယောက် ပျောက်နေလို့တဲ့၊ အဲဒါ စုံစမ်းပေးရမယ်"

"ပျောက်ကြားတွေနဲ့ တွေ့လို့အသက်ခံရတာများလား"

"ဒါလည်း မသိရသေးဘူး၊ အခုမှ အစကနေစုံစမ်းကြည့်ရတော့မှာပဲ"

"ဒီတော့လည်း သွားကြတာပေါ့"

ဟုပြောကာ အဝတ်အစားလဲပြီး၊ သေနတ်ကိုပါ တစ်ပါတည်းထည့်ယူလာပြီးနောက် စုံထောက်ကျော်စွာနှင့်အတူ အပြင်သို့ထွက်ခဲ့ကြလေသည်။

စုံထောက်ကျော်စွာက ကာကီရောင်ဘောင်းဘီတို၊ အကျီလက်တိုနှင့်ဖြစ်သော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ ဘောင်းဘီရှည်၊ အကျီလက်ရှည်အပြင် သားရေဂျာကင်တစ်ထည်ကိုပါ အပေါ်မှထပ်ဝတ်ထားသည်။

အတွင်းအိတ်၊ အပြင်အိတ်များလှသော ဂျာကင်အိတ်များတော့ သေနတ်နှင့် အခြားအသုံးအဆောင်အတော်များများထည့်ထားသည်။ ဦးခေါင်းပေါ်မှာတော့ သက္ကလပ်ဦးထုပ်ပျော့တစ်လုံးကို ဆောင်းထားလေသည်။

ဦးစွာဂျပန်ကင်ပေတိုင်ရုံးသို့ဝင်ပြီး ပျောက်နေသောဂျပန်အရာရှိ၏ ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များကို ယူကြရသည်။

ပျောက်နေသော ဂျပန်အရာရှိမှာ ဗိုလ်မှူးကြီးအဆင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူ တာမူရာ (Tamura) ဆိုသူဖြစ်ပြီး စစ်ရေးတာဝန်ခံ တစ်ဦးလည်းဖြစ်သည်။ ၄င်းသည် အသက်(၄၀)ဝန်းကျင်အရွယ်ခန့်သာ ရှိသေးပြီး မိန်းမလိုက်စားတတ်သူတစ်ဦးဖြစ်ကြောင်း မှတ်တမ်းများ၌တွေ့ရသည်။

ထိုမှတ်တမ်းကိုရသည်နှင့် ကင်ပေတိုင်ရုံးမှ ပြန်ထွက်လာပြီး ဂျပန်စစ်သားများအတွက် တရားဝင်ဖွင့်လှစ်ပေးထားသော ဆောင်ကြာမြိုင်ရှိရာသို့ သွားကြလေသည်။ ဆောင်ကြာမြိုင်ကို အုပ်ချုပ်နေသည်မှာ ကြီးကြပ်ရေးမှူးရဲဘော်တစ်ဦး ဖြစ်ပေသည်။

၄င်းမှာမျက်စိတစ်ဖက်ပျက်နေသောကြောင့် "ကာဏရိဋ္ဌ"ဟု ခေါ်ဝေါ်ကြသည်။ သူ့ခေတ်သူ့အခါမှာတော့ ဆောင်ကြာမြိုင်ကို စီမံအုပ်ချုပ်သော ထိုစစ်သားပင် သူ့နေရာနှင့်သူ ဩဇာအာဏာရှိပေသည်။

ဆောင်ကြာမြိုင်သို့လာသော ရဲဘော်တို့မှာ ၄င်းအား ဒုက္ခိတတစ်ယောက်ဖြစ်သော်လည်း မလေးမစား မဆက်ဆံဝံ့ကြပေ။ သူ့ကိုတွေ့သည်နှင့် ရိုကျိုးလေးစားသော အမူအယာဖြင့် ဆက်ဆံကြရသည်။ အရာရှိပင်ဖြစ်လင့်ကစား အနည်းဆုံးတော့ မျက်နှာချိုသွေးကြရသည်။

သူနှင့် အဆင်မပြေပါက ထိုနေ့အဖို့ တာဝန်ကျသော ဆောင်ကြာမြိုင် မင်းသမီးများအနက် ဆက်ဆံရေးမကောင်းသော၊ အပေးအယူမတည့်သော၊ ကိုယ်လုံးကိုယ်ထည် အချိုးကျသော မင်းသမီးနှင့်သာ နှစ်ပါးသွားကြရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရေစက်ဆုံသည့်တိုင် သတ်မှတ်ထားသောအချိန် (ပထမ ၁၅-မိနစ် သတ်မှတ်ပြီး၊ နောက်တော့ မိနစ် ၃၀-အချိန် သတ်မှတ်ပေးထားသည်)

မတိုင်ခင် အနောက်အယှက်အမျိုးမျိုးဖြင့် ကြုံတွေ့ရမည်ဖြစ်ပေသည်။

ထို့ကြောင့် ဆောင်ကြာမြိုင်သို့သွားသော ရဲဘော်များမှာ ဒုက္ခိတပုံဖြစ်စေကာမူ ထိုကြီးကြပ်ရေးမှူးအား တွေ့သည်နှင့် အလွန်ရိုကျိုးသော အမူအယာမျိုးဖြင့် ဆက်ဆံကြရလေသည်။

ငှင်းနှင့်ခင်မင်ရင်းနှီးအောင် ပြုလုပ်ထားကြရသည်။

သူ့ရှေ့သို့ရောက်သောအခါ မခုတ်တတ်သောကြောင် မျက်နှာမျိုးဖြင့် ခွင့်ပြုချက်လက်မှတ်ကိုထုတ်ပြရသည်။

ကြီးကြပ်ရေးမှူးထံတွင် ဆောင်ကြာမြိုင် မင်းသမီးများ နာမည်ရေးထားသည့် တူချောင်းကလေးများရှိသည်။ ထိုတူချောင်းကလေးများကို ဝါးကျည်တောက်အတွင်းထည့်ကာ မဲခေါက်သကဲ့သို့ ကြိမ်ဖန်များစွာခေါက်ပြီးမှ ရဲဘော်အား တစ်ခုဆွဲစေသည်။

မိမိဆွဲသော တူချောင်းကလေး၌ ရေးထားသောနာမည်ပါသောအခန်းသို့ သွားရပေလိမ့်မည်။

အကယ်၍ ရဲဘော်သည်ဆက်ဆံရေးကောင်းပြီး ကြီးကြပ်ရေးမှူးနှင့် ခင်မင်သူဖြစ်ပါက သင်ပုန်းဇယားပေါ်မှာ နာမည်ရေးထားသော ဆောင်ကြာမြိုင်မင်းသမီးထဲမှ မိမိနှစ်သက်သော နာမည်တစ်ခုကို လက်ညှိုးထောက်ပြရုံနှင့်ပင် ထိုနာမည်ပါသော



www.burmeseclassic.com

www.burmeseclassic.com



တူရှောင်းကလေးက သူ့လက်တွင်းသို့ အလိုအလျောက် ရောက်လာပေလိမ့်မည်။

ငှင်းနှင့်အဆင်မပြေပါက ကံစမ်းမဲနှိုက်သည့်တိုင် ဘယ်သောအခါမှ ကောင်းသောဆောင်ကြာမယ်ကို ရနိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကြီးကြပ်ရေးမှူးက တူများကို အားလုံးမှတ်မိနေသဖြင့် မကောင်းသောတူ လက်ထဲရောက်လာစေရန် နည်းအမျိုးမျိုးဖြင့် လုပ်နိုင်သောကြောင့်ပင်ဖြစ်သည်။

အမည်ပါသော တူကိုရပြီးနောက်မှပင် သက်ဆိုင်ရာအဆောင်သို့ သွားခွင့်ရမည်ဖြစ်ပေတော့သည်။

မည်သည့်နေရာမဆို သူ့နေရာနှင့်သူ၊ သူ့လူနှင့်သူ ပြေလည်အောင် ပေါင်းသင်းတတ်မှ အဆင်ပြေမည်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ဆောင်ကြာမြိုင်သို့ ရောက်သွားသောအခါ မျက်စိတစ်ဖက်လပ်နေသည့် ကြီးကြပ်ရေးမှူးနှင့်တွေ့ရလေသည်။

သူက ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကို မြင်သောအခါ တစ်မျိုးသဘောပေါက်သွားဟန်ဖြင့် ဤသို့ပြောလေသည်။

"ဒီဆောင်ကြာမြိုင်မှာ အပြင်ကလူတွေ ဝင်ထွက်သွားလာခွင့်မရှိပါဘူး"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က အသင့်ပါလာသော စီးကရက်ဗူးကို သူ့ရှေ့သို့ချပေးလိုက်တော့ အံ့သြစွာ ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ပါ၊ ကျွန်တော်တို့က ဒီအတွက်လာကြတာ မဟုတ်ပါဘူး"

"ဘာအတွက်လဲ"

"သိချင်တာရှိလို့ လာကြတာပါ"

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျွန်တော်နာမည်က ဒေါက်တာမင်းထင်ကျော်၊ သူက ကိုကျော်စွာပါ ပုလိပ်မင်းကြီးရုံးကလာကြတာပါ"

ဒီတော့မှ မျက်နှာအမူအယာပြောင်းသွားပြီး၊ ဒေါက်တာမင်းထင်ကျော်ချပေးသော စီးကရက်ဘူးထဲမှ တစ်လိပ်ယူကာ မီးညှိပြီးဖွာနေလေသည်။

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲတွင် အသင့်ထည့်ယူလာသော ဓာတ်ပုံတစ်ပုံကို ချပြလိုက်သည်။

"သူ့ကိုသိတယ်မဟုတ်လား"

ထိုဓာတ်ပုံကိုမြင်သောအခါ ကြီးကြပ်ရေးမှူးမှာပျာပျာသလဲဖြစ်သွားလေသည်။

"သိတယ်၊ သိတယ်၊ ဒါ စစ်ရေးတာဝန်ခံ ဗိုလ်မှူးကြီး တာမူရာပဲ၊ သူဘာဖြစ်လို့လဲ"

"သူ ဒီအဆောင်ကို ဘယ်ရက်ကလာသွားသလဲ"

"လဆန်းပိုင်းကလာတယ်၊ ဒီလအတွက် ခွဲတမ်းမကျန်တော့ဘူး"

"တခြားဘယ်နေရာတွေသွားတတ်သလဲ သိသလား"

"ငါတော့မသိဘူး၊ သူနဲ့ခင်တဲ့မိတ်ဆွေတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ရှိတယ်၊ သူက အပြင်မှာအလုပ်လုပ်တယ်၊ သူ့ဆီမှာ မေး ကြည့်ရင်သိနိုင်တယ်"

ဟု နာမည်နှင့်လိပ်စာတစ်ခုကို ပြောပြလေသည်။

အေးဝမ်းရုပ်ရှင်ကုမ္ပဏီတွင် အသံဖမ်းအင်ဂျင်နီယာ အဖြစ် တာဝန်ယူဆောင်ရွက်နေသော ဂျပန်လူမျိုး မစ္စတာ ဝါတာနာဘီပင်ဖြစ်သည်။

ဝါတာနာဘီမှာ ဂျပန်လူမျိုးပင်ဖြစ်သော်လည်း မြန်မာ လူမျိုးတို့နှင့် ရင်းနှီးကျွမ်းကျင်သူဖြစ်သည်။ သူက ရုပ်ရှင်ခြဲ့ဦပင် နေသောကြောင့် လိပ်စာအတိုင်းသွားရောက် စုံစမ်းသောအခါ အဆင်သင့်ပင်တွေ့ရလေသည်။

မစ္စတာ ဝါတာနာဘီနှင့်တွေ့သောအခါ သတင်းတစ်ခု သိရလေသည်။

"သူက မိန်းမလိုက်စားတာဝါသနာပါတယ်၊ ဆောင်ကြာ မြိုင်အပြင် သူသွားလာနေတဲ့တခြားနေရာတွေရှိသေးတယ်"

"ဘယ်နေရာတွေလဲ"

"ကရစ်လမ်း အောက်ပိုင်းဘက်မှာ ရှိတဲ့အိမ်တစ်အိမ်ပဲ၊ နာမည်တော့ ငါမသိဘူး"

"ဒီလောက်သိရရင် ကျေးဇူးတင်ပါတယ်"

သို့ကြောင့် နှစ်ယောက်သား ကရစ်လမ်းဘက်သို့ မောင်း လာကြလေသည်။ အချိန်ကလည်း မွန်းလွဲပိုင်းအချိန် ကျော် နေပြီဖြစ်သော်လည်း နံနက်စာ မစားကြရသေးသောကြောင့် ရေကျော်ဈေးနားမှာဖွင့်ထားသော ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်စားသောက်ကြသည်။

ထမင်းဟင်း ချက်ထားပုံမှာ သာမန်ပင်ဖြစ်သော်လည်း ဗိုက်ဆာနေသောကြောင့် စားသောက်ရတာ အဆင်ပြေသည်။ စားသောက်ပြီးတော့ စားပွဲထိုးကောင်းလေးကိုခေါ်ပြီး စုံစမ်းကြည့်တော့ ပြည့်တန်ဆာအလုပ်လုပ်နေသည့် အိမ်ကိုလမ်းညွှန်ပေးသည်။

စားသောက်ပြီး ထိုအိမ်သို့သွားရောက်စုံစမ်းသောအခါ ဒေါ်မြလေးနှင့်တွေ့ရသည်။

"ဒီနေရာကိုတော့ ဂျပန်စစ်သားတွေ စစ်ဗိုလ်တွေ လာတာမရှိဘူး၊ တစ်နေရာတော့ရှိတယ်"

ဒေါ်မြလေးက ဆက်မပြောသေးဘဲ ဆေးပေါ့လိပ် ဖွာနေသောကြောင့် ဒေါက်တာမင်းထင်ကျော်ကပြောလိုက်လေသည်။

"ပြောသာပြောပါ၊ ကျွန်တော်တို့က သူတို့ကိုအနှောက်အယှက်ပေးဖို့ သွားမှာမဟုတ်ပါဘူး၊ သိချင်တာလေးတွေကိုမေးမြန်းရုံပါပဲ"

ဟုပြောပြီး ဒေါ်မြလေးလက်ထဲသို့ ငွေအနည်းငယ်ထည့်ပေးလိုက်တော့မှ ကရစ်လမ်း (အချို့ကလည်း ခရစ်လမ်းဟုခေါ်သည်။) အောက်ပိုင်းတွင်ရှိသော လိပ်စာတစ်ခုကို ပြောပြလေသည်။

ထို့နောက်တွင်တော့ ဒေါ်မြလေးအိမ်မှ ထွက်ခဲ့ကြပြီး ကရစ်လမ်းအောက်ဘက်ဘလောက်သို့ ဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရစ်လမ်းသည် လမ်းကျယ်သော်လည်း လမ်းနှစ်ဘက်စလုံး လူနေအိမ်မရှိပေ။

အောက်ပိုင်းဘက်ရောက်တော့ အရှေ့အခြမ်း၌သာ လူနေအိမ်များရှိသော်လည်း အနောက်ဘက်ခြမ်းမှာတော့ ရေမြောင်းကြီးသာရှိသည်။ ထိုရေမြောင်းကြီးမှာ မြစ်အထိ ပေါက်လေသည်။

အလယ်သဘောက်ကျော်လာတော့ အောက်ဘက်သို့ သွားနေကြသောလူများ၊ လံချားနှင့် မြည်းလှည်းများကိုတွေ့ရသဖြင့် ကားကိုရပ်တံ့ပြီး မေးမြန်းစုံစမ်းကြည့်ကြရသည်။

"အောက်ပိုင်းဘက်က ရေမြောင်းထဲမှာ အလောင်းတစ်လောင်းတွေ့လို့တဲ့"

ဟု တစ်ယောက်ကပြောသွားသည်။

"ကိုင်း ဒီလိုဖြင့် အဲဒီနေရာကိုပဲ အရင်သွားကြည့်ကြရအောင် ကိုကျော်စွာရေ..."

ဟုပြောဆိုကာ ကားကို လူအများဝိုင်းအုံကြည့်နေကြသည့် နေရာရောက်သည်အထိ မောင်းလာကြလေသည်။ သူတို့ရောက်သွားတော့ ကားကိုမြင်ကတည်းက ပုလိပ်အဖွဲ့မှ အသုံးပြုသောကားမှန်းသိသဖြင့် လမ်းဖယ်ပေးကြလေသည်။

ကားကိုရေမြောင်းထိပ်နားမှာပင်ရပ်တံ့ကာ ကားပေါ်မှ ဆင်းကြသည်။

ရေမြောင်းကအတော်ပင်ကျယ်ဝန်းသည်။ ရေကျချိန်ဖြစ်သောကြောင့် ရေနည်းနည်းသာရှိနေသဖြင့် အတော်ပင်



www.burmeseclassic.com

www.burmeseclassic.com



နက်နေသည်။ အောက်ဖက်ခရာချုံများနံဘေးမှာတော့ မှောက်လျက်အနေအထားဖြင့် သေဆုံးနေသော အလောင်းတစ်လောင်းကိုလှမ်းမြင်ရသည်။ သေဆုံးတာမကြာသေးဟန်ဖြင့် အခြေအနေမပျက်ပင် ရှိနေသေးသည်။ ထိုအလောင်းကို ကုလားအလုပ်သမားများခေါ်ပြီး အပေါ်ရောက်အောင် တင်ခိုင်းရသည်။

ရေကျချိန်လည်းဖြစ်၊ ရွှံ့နွံများကလည်း ရှိနေသောကြောင့် ခက်ခက်ခဲခဲနှင့်ပင် အပေါ်ရောက်အောင် တင်ကြရသည်။ ကမ်းပေါ်ရောက်လာပြီး အလောင်းကိုစစ်ဆေးကြည့်သောအခါမှာတော့ ပျောက်နေသော ဂျပန်စစ်ဗိုလ် တာမူရာ၏ အလောင်းဖြစ်သည်ကိုတွေ့ကြရလေသည်။

ထို့ကြောင့် ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်များကို စစ်ဆေးကြည့်သောအခါ မျက်နှာနှင့်လည်ပင်းတစ်ဝိုက်တွင် လက်သည်းဖြင့်ကုတ်ခြစ်ထားသော ဒဏ်ရာများ၊ အစွယ်ဖြင့်သော်လည်းကောင်း၊ သွားများဖြင့်သော်လည်းကောင်း ကိုက်ဖြတ်ထားသောကြောင့် ဟောင်းလောင်းပေါက်ကြီးများဖြစ်နေသည်ကိုတွေ့ရသည်။ ထိုဒဏ်ရာတို့မှာ သွေးများဒရဟော ထွက်သွားသောကြောင့် အဝတ်အစားနှင့် တစ်ကိုယ်လုံးတွင် သွေးများစွန်းပေနေလေသည်။

"ဒဏ်ရာတွေကြည့်ရတာတော့ သတ္တဝါတစ်ကောင်ကိုက်သွားတာမျိုးဖြစ်မယ်…"

"မကြာသေးခင်ကမှ ဒီလိုဒဏ်ရာမျိုးတွေနဲ့ သေတဲ့လူတစ်ယောက်ကို တွေ့ဘူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"တစ်လောက ကန်တော်ကြီးစောင်းမှာ သေသွားတဲ့ လူမိုက်သန်းရွှေပဲ၊ သူ့အလောင်းကိုစစ်ကြည့်တုန်းကလည်း အခု လို ဒဏ်ရာမျိုးတွေ တွေ့ရတယ်"

"ဒါဖြင့် ဘီလူးမျက်နှာနဲ့လူရဲ့ လက်ချက်ပဲဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် စုံထောက် ကျော်စွာက လေးလေးနက်နက်စဉ်းစားနေလေသည်။

"ကဲ...ကျန်တာတွေ နောက်မှလုပ်ကြတာပေါ့၊ အခုတော့ အလောင်းကို ဆေးရုံကြီးပို့ဖို့အရင်လုပ်ကြရအောင်"

ဟုပြောဆိုကာ အလုပ်သမားများကိုခေါ်ပြီး အလောင်း ကို ဆေးရုံပို့ရန် ပြင်ရပေတော့သည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၉ )

# ဒဏ္ဍာရီထဲမှ ဘီလူးများအကြောင်း

အလောင်းကို ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ပေးလိုက်ပြီးနောက် မှုခင်းဆရာဝန်က ခွဲစိပ်ကြည့်ရှုပြီး မှတ်ချက်ရေးပေးလေသည်။ မှုခင်းဆရာဝန်ကြီး ဦးမင်းဟန်မှာ ဒေါက်တာမင်းထင်ကျော်တို့နှင့် ခင်မင်ရင်းနှီးသူတစ်ဦးဖြစ်သဖြင့် သိသင့်သော အကြောင်းအရာများ သိကြရလေသည်။

အလောင်း၌ တွေ့ရသောဒဏ်ရာမှာ ပွန်းပဲ့ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစား၌ပါဝင်သည်။

ပွန်းပဲဒဏ်ရာ (Abrasion) အမျိုးအစားတွင် လက်သည်းချွန်ဖြင့်ကုတ်ခြစ်ခြင်း၊ သွားချွန်၊ အစွယ်ချွန်တို့ဖြင့် အကိုက်ခံရသော ဒဏ်ရာများအပါအဝင် ဖြစ်ပေသည်။

ထိုဒဏ်ရာများမှာ အဝတ်နှင့်ကင်းကွာသော မျက်နှာလည်ပင်းစသော နေရာတစ်ဝိုက်တွင် တွေ့ရမှုများပြီး ဒဏ်ရာမှာ အဝိုင်းသို့မဟုတ် လခြမ်းကွေးပုံးသဏ္ဌာန်ရှိပေသည်။ အတွင်းတစ်ရှူးများ၌ သွေးခြည်ဥနေတတ်သည်။

သွား၊ အစွယ်တို့ဖြင့် အကိုက်ခံရသဖြင့် ရရှိသောဒဏ်ရာများကတော့ ဘဲဥပုံသဏ္ဌာန်၊ သို့မဟုတ် စက်ဝိုင်းပုံသဏ္ဌာန်ရှိပြီး အပေါ်အောက်သွားနှင့် အစွယ်များကြောင့် အပေါက်များဖြစ်နေတတ်သည်။ ကိုက်အားများသောကြောင့် အကွင်းလိုက်ပြတ်ထွက်သွားသည်မျိုးလည်းရှိသည်။

သွားနှင့်အစွယ်ဒဏ်ရာတို့တွင် အတွင်းကြေဒဏ်ရာများ ဖြစ်နေတတ်သည်။

လူတစ်ယောက်အသက်ရှင်နေစဉ်တွင် ပွန်းပဲ့ဒဏ်ရာအမျိုးအစားဖြစ်လျှင် ထိုနေရာတစ်ဝိုက်တွင် သွေးများထွက်နေခြင်း၊ ကုတ်ခြင်းရာများပေးနေခြင်း၊ သွေးခဲအဖြစ် အနီရောင်ဖုံးနေခြင်းမျိုးတွေ့ရပေမည်။

သေပြီးနောက်မှရသောဒဏ်ရာများကတော့ ညိုမှောင်သောအရောင်ရှိကာ သွေ့ခြောက်နေမည်ဖြစ်သည်။ သွေးများစိမ့်ထွက်နေခြင်းမျိုးလည်း ရှိတော့မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"သေတဲ့လူရဲ့ ကိုယ်ခန္ဓာပေါ်က ဒဏ်ရာတွေကြည့်ရတာတော့ မသေခင် ပြင်းပြင်းထန်ထန် အတိုက်အခိုက်ခံရပြီးမှ ချွန်ထက်တဲ့သွား၊ အစွယ်တွေနဲ့ ကိုက်ဖြတ်ခံရလို့ သေခဲ့ရတာပဲ"

"ဘယ်လိုသတ္တဝါမျိုး ဖြစ်မလဲဆရာ"

"လူတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ၊ လူ့တစ်ယောက်ရဲ့ ပါးစပ်ပေါက်က ဒီလောက်လည်း မကျယ်ဘူး၊ အစွယ်လေးချောင်းကလည်းမပါဘူး"

ဦးမင်းဟန်က သူ့ရုံးခန်းထဲသို့ ခေါ်ကာရှင်းပြနေခြင်းဖြစ်လေသည်။

"ကျွန်တော်ရဲ့ ဆေးပညာရှုဒေါင့်နဲ့ကြည့်တာတော့ ဒီလောက်ပဲတွေ့တယ်ဗျ၊ ဒီဂျပန်ကို လူသတ်တာမဟုတ်နိုင်ဘူး၊ သတ္တဝါတစ်ကောင်ကောင်ကိုက်သတ်လို့ သေတာလို့ပဲပြောနိုင်မယ်၊ ခင်ဗျားတို့ စုံစမ်းလို့ရထားတဲ့ ထူးဆန်းတာလေးတွေ့ရှိရင်လည်း ပြောပါဦး"

ဟု ဦးမင်းဟန်က လက်ဖက်ရည်သောက်ရင်းနှင့် ရင်းရင်းနှီးနှီးပင် ပြောလိုက်လေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ယခုတစ်လောနာမည်ကြီးနေသော ဘီလူးမျက်နှာနဲ့လူအကြောင်းကို ပြောပြလိုက်ရာ ဦးမင်းဟန်က သေချာစွာပင် နားထောင်နေလေသည်။

"ဆရာ အယူအဆကရော ဘယ်လိုရှိသလဲ"

ထိုသို့မေးသောအခါ ဒေါက်တာဦးမင်းဟန်က သူ့အယူအဆကိုပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးတွေက ဗမာပြည်မှာသာမကဘူး၊ ကမ္ဘာ့နေရာအနှံ့အပြားတွေမှာလည်း ရှိနေတာပါပဲ၊ လူကနေ အသွင်းပြောင်းလဲသွားတဲ့ သတ္တဝါတွေအများကြီးရှိပါတယ်၊ သွေးစုပ်ဖုတ်ကောင်၊ သမန်းဝံပုလွေ၊ သမန်းကျား၊ ထမန်းမိကျောင်း စတာတွေဟာ လူကနေအသွင်းပြောင်းနိုင်တဲ့ သတ္တဝါတွေပါပဲ"

"မှန်ပါယ တချို့လည်း အသွင်မပြောင်းပဲ ဟစ်စတီးရီးယားလို့ခေါ်တဲ့ စိတ်နှီးကြွမှုကြောင့်ဖြစ်တဲ့ တိုတစ်ဝါဒတွေလည်း ရှိပါတယ်၊ ကျားတိုတမ်ဝါဒ၊ ခြင်္သေ့တိုတမ်ဝါဒ၊ မိကျောင်းတိုတမ်ဝါဒ၊ သစ်ပင်တိုတမ်ဝါဒ၊ ဝက်ဝံတိုတမ်ဝါဒဆိုတာတွေရှိပါတယ်၊ အခုတော့ ဒီမှာ ဘီလူးတိုတမ်ဝါဒ ဒါမှမဟုတ် သမန်းဘီလူးဆိုတာများ ပေါ်နေပြီလား မသိတော့ပါဘူး ဆရာရယ်"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် ဦးမင်းဟန်က သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဒါကတော့ မဖြစ်နိုင်ဘူးလို့တော့ ပြောလို့မရပေဘူး၊ ကမ္ဘာမှာလည်း ဘီလူးနဲ့ပတ်သက်တဲ့ အယူအဆတွေ အမျိုးမျိုးရှိနေတာပဲ"

ဒေါက်တာဦးမင်းဟန်က ဘီလူးနှင့်ပတ်သက်သော မှတ်တမ်းအချို့ကိုပါ ပြောပြလေသည်။

ကမ္ဘာဦးသတ္တဝါကြီးများနည်းတူ ကမ္ဘာ့ရှေးဟောင်းစာပေတို့တွင် ဖော်ပြထားသော လူသားမျိုးနွယ်စုတစ်စုသည်လည်း ဒဏ္ဍာရီဆန်လှသည်။

ယင်းမျိုးနွယ်စုမှာ ဂျိုင်းယင့် (Giant) ခေါ် လူ့ဘီလူးမျိုး



www.burmeseclassic.com

www.burmeseclassic.com



နွယ်စု တစ်စုပင်ဖြစ်သည်။

ယင်းမျိုးနွယ်စုတို့သည် လူသားများနှင့် ပုံစံတူဖြစ်သော်လည်း အလွန်ကြီးမားသော ကိုယ်ခန္ဓာ၊ အရပ်အမောင်းပိုင်ဆိုင်ကြပြီး သက်တမ်းအားဖြင့်လည်း အလွန်ရှည်လျားသော လူမျိုးများဖြစ်သည်ဟု အဆိုရှိသည်။

အဆိုပါလူ့ဘီလူးမျိုးနွယ်စုများအကြောင်းကို သမ္မာကျမ်းစာအပါအဝင် ဘာသာရေးစာပေများနှင့် ရှေးခေတ်လူမျိုးအတော်များများ၏ ဒဏ္ဍာရီတွင် ထည့်သွင်းဖော်ပြထားခဲ့ကြသည်။

သမ္မာကျမ်းစာထဲမှ ဒေးဗစ်နှင့် လူ့ဘီလူးကြီး ဂေါလစ်(သ) (David and Goliath) တို့အကြောင်း ဇာတ်လမ်းအနှစ်ချုပ်ကို ဖော်ပြပါဦးမည်။

ဖီလီစတိုင်း (Philistine) အမည်ရှိ လူမျိုးစုတို့၏ တပ်မတော်သည် အစ္စရေး (Israel) လူမျိုးစုတို့နှင့် စစ်ခင်းရန်အကြောင်းဖန်လာခဲ့သည်။

တပ်မတော်နှစ်ခုတို့သည် မတ်စောက်သော တောင်ကြားတစ်ခုအတွင်း မျက်နှာချင်းဆိုင်ရောက်နေခဲ့သည်။ ဖီလီစတိုင်း တပ်မတော်ကြီးတွင် ပါဝင်သော လူ့ဘီလူးကြီး ဂေါလစ်(သ)သည် အရပ်(၉)ပေရှိပြီး လက်နက်တန်ဆာ အပြည့်အစုံ တပ်ဆင်ထားသည်။ ယင်းလူ့ဘီလူးကြီး ဂေါလစ်(သ)သည် နေ့စဉ်နေ့တိုင်း တပ်၏မျက်နှာစာသို့ထွက်ခါ အစ္စရေးတပ်အား လှောင်ပြောင်ခြင်း၊ စိန်ခေါ်ခြင်းများကို ရက်ပေါင်း (၄၀)ဆက်တိုက်ပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေခဲ့သည်။

အစ္စရေးဘုရင်ဖြစ်သော ဆော(လ) (Saul) နှင့် တပ်မတော်တစ်ခုလုံးသည် လူ့ဘီလူးကြီးအား ကြောက်လန့်နေခဲ့ကြသည်။

ထိုအချိန်တွင် ဂျက်ဆီ (Jesse) အမည်ရှိ သာမန်လယ်သမားတစ်ဦး၏ သားဖြစ်သူ ဒေးဗစ် (David) သည် ဖခင်နိုင်းစေမှုအရ ရှေ့တန်းစစ်မျက်နှာမှ စစ်သတင်းများရယူရန် စစ်တပ်များ စခန်းချနေသော တောင်ကြားဒေသသို့ ရောက်ရှိလာခဲ့သည်။

ဒေးဗစ်သည် ထိုအချိန်က ဆယ်ကျော်သက်အရွယ်သာရှိနေခဲ့သေးသည်။ ဒေးဗစ်သည် ဂေါလစ်(သ)၏ကြွမ်းတမ်းစွာ အော်ဟစ်စော်ကားနေမှုများ၊ စိန်ခေါ်မှုများကို ကြားရသောအခါ…

"ဘုရားသခင်၏ တပ်မတော်အား ရိုင်းစိုင်းစွာ စော်ကားနေသူသည် ဘယ်သူနည်း"

…ဟု ကြုံးဝါးလိုက်ကာ ဂေါလစ်(သ)အား ရင်ဆိုင်ရန် ဘုရင်မင်းမြတ်ထံ ခွင့်ပန်ခဲ့သည်။

အတားအဆီးများရှိသော်လည်း နောက်ဆုံးတွင် ဒေးဗစ်အား ရင်ဆိုင်ရန် ခွင့်ပြုခဲ့ရသည်။

ဒေးဗစ်သည် သာမန်အဝတ်အစားနှင့် သိုးကျောင်းရာတွင် အသုံးပြုသည့် ကျောက်ခဲအိတ်နှင့် လောက်လွှဲတစ်ခုကိုသာ ယူဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂေါလစ်(သ)သည် ဒေးဗစ်အားသတ်ရန် အတင်းပြေးလာခဲ့သည်။ ဒေးဗစ်ကမူ သူမြင်တွေ့ရသော ဂေါလစ်(သ)၏ ဦးခေါင်းချပ်ဝတ်တန်ဆာမှ အပေါက်နေရာအား ကျောက်ခဲတစ်လုံးကို နှိုက်ယူလျက် လောက်လွှဲတွင်ထည့်၍ ပစ်လိုက်သည်။ ဂေါလစ်(သ)၏ ဦးခေါင်းအား ကျောက်ခဲထိမှန်၍ မြေသို့လဲကျလေတော့သည်။

ထိုအခါမှ ဒေးဗစ်သည် ဂေါလစ်(သ)အား သတ်၍ ဦးခေါင်းအားဖြတ်လိုက်လေတော့သည်။ ကျန်သောစစ်သည်တို့မှာလည်း သူတို့၏ သူရဲကောင်းကျဆုံးပြီဖြစ်သည့်အတွက် ထွက်ပြေးကြလေတော့သည်။

ဤကားသမ္မာကျမ်းစာတွင်ဖော်ပြထားသော လူ့ဘီလူးကြီးပါဝင်သည့် အဖြစ်အပျက်တစ်ခုဖြစ်သည်။

သမ္မာကျမ်းစာများတွင် လူ့ဘီလူးကြီးများအကြောင်းဖေါ်ပြထားသကဲ့သို့ ဟိန္ဒူဘာသာရေးစာမျက်နှာများတွင်ကား အတိအကျပင်ဖော်ပြထားရှိသည်။

ဟိန္ဒူဘာသာအရ ကမ္ဘာကြီးပေါ်တွင် အချိန်ပိုင်းအခြားကြီး (၄)ခုသည် အလှည့်ကျဖြစ်ပေါ်နေသည်ဟုဖော်ပြသည်။

ယင်းအချိန်အပိုင်းအခြားကြီးများအား ယုဂ(Yuga) ဟုခေါ်ပြီး မြန်မာအခေါ်အရ "ယုဂ်" ဟုခေါ်သည်။

အဆိုပါ ကာလအပိုင်းအခြားကြီးတို့မှာ ကတယုတ် (Satya Yuga)၊ တြေတာယုဂ် (Treta Yuga)၊ ဒွါပရာယုဂ် (Dvapara Yuga)၊ ကလိယုဂ် (Kali Yuga) တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကာလအပိုင်းအခြားကြီးလေးခုသည် အလျည့်ကျ တစ်ယုဂ်ပြီးတစ်ယုဂ်ဖြစ်ပေါ်နေခဲ့သည်ဟုဆိုသည်။

အဆိုပါကာလအပိုင်းအခြားကြီးမှ တစ်ခုဖြစ်သော ကတယုဂ်ကာလအပိုင်းအခြားတွင် လူတို့သည် တရားစောင့်ကြပြီး အလွန်သာယာဝပြောသော လောကကြီးဖြစ်သည်ဟုဆိုသည်။

ထိုကာလသည် လူသားတို့အတွက် ရွှေခေတ်ဖြစ်ပြီး လူသားတို့၏ အရပ်အမောင်းမှာလည်း မြင့်မားကြီးထွားလှသည်။ ယင်းကာလအပိုင်းအခြားကြီးတွင် လူသားတို့၏အရပ်အမောင်းသည် (၂၁)ကျူဗစ် (21 cubits) ရှိပြီး လူ့သက်တမ်းမှာ အနှစ်တစ်သိန်းရှိသည်ဟု ဖော်ပြထားသည်။

ကျူဗစ် (Cubit) ဆိုသည်မှာ ရှေးခေတ်အတိုင်းအတာဖြစ်ပြီး မြန်မာအတိုင်းအတာနှင့်ဆိုပါက တစ်တောင်ဟုယူဆရမည်ဖြစ်သည်။ သို့အတွက် လူသားတို့အရပ်အမောင်းသည် ထိုအချိန်က (၂၁)တောင်ရှိရာ ယနေ့ခေတ်အခါနှင့်ယှဉ်လိုက်ပါက လူ့ဘီလူးကြီးများအရွယ်အစားပင်ဖြစ်ပေသည်။

အလွန်ရှေးကျသော အမေရိကန်တိုင်းရင်းသားတစ်မျိုးဖြစ်သော ပိုင်းယုတ် (Paiute) မျိုးနွယ်စုတို့၏ ပါးစပ်ရာဇဝင်အရ စီတဲ့ကက်(ချ) (Si- Te-Cah) ဟူသော ထူးဆန်းလှသည့် မျိုးနွယ်စုတစ်ခုသည် အမေရိကတိုက်တွင် တည်ရှိခဲ့သည်ဟုဆိုသည်။

အဆိုပါမျိုးနွယ်စုတို့သည် ဆံပင်အနီရောင်ရှိကြပြီး ဂျိုင်ယင့်ခေါ် လူ့ဘီလူးကြီးများဖြစ်ကြသည်ဟုဆိုသည်။ တရှေး



www.burmeseclassic.com

www.burmeseclassic.com



ဝင်မဟုတ်သော လက်ဆင့်ကမ်းပြောစကားများအရ ယင်းတို့၏ ရုပ်ကြွင်းများကို (၁၉၁၁)ခုနှစ်တွင် နီဗားဒါးပြည်နယ်ရှိ လပ်ဗလော့(ခ)အမည်ရှိ ဂူတစ်ခုအတွင်း လင်းနို့ချေးများအောက်တွင် မိုင်းတူးသမားများက တွေ့ရှိခဲ့သည်ဟုဆိုသည်။

ထို့ပြင် ပိုင်းယုတ်၏ ဖန်ဆင်းခြင်းဆိုင်ရာ ဒဏ္ဍာရီများတွင် "တင့်တယ်သော လူ့ဘီလူးများ" အမည်ရှိ မျိုးနွယ်စုသည် တစ်ချိန်တုန်းဆီက ဆိုင်းရာနီဗားဒါးနှင့် ရော့ကီးတောင်တန်း (Sierra nevada and the Rocky) တောင်တန်းများကြားတွင် နေထိုင်ခဲ့သည်ဟုဆိုသည်။

တစ်ခါသော် ယင်းမျိုးနွယ်စုအတွင်းတွင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကလေးတစ်ယောက် မွေးဖွားခဲ့သည်ဟုဆိုသည်။

ထိုအခါ ယင်းမျိုးနွယ်စုအတွင်းရှိ လူ့ဘီလူးကြီးများသည် မွေးဖွားလာသည့်ကလေးအား အလွန်ရက်စက်စွာ ပြုမူခဲ့ကြသည်။

ယင်းဖြစ်စဉ်အား "မဟာဝိညာဉ်တော်ကြီး" (Great spirit) က သိရှိသွားသောအခါ ယင်းမျိုးနွယ်စုအား ပြင်းထန်စွာ ဒဏ်ခတ်ခဲ့လေတော့သည်။

ဝိညာဉ်တော်ကြီးမှ ယင်းတို့နေထိုင်ရာ အရပ်ကို အလွန်ပူပြင်းလာစေခဲ့ပြီး တိတ်ဆိတ်ခြောက်ကပ်စေခဲ့သည်။

ထို့အပြင် ယင်းမျိုးနွယ်စု၏ ရန်သူများကိုလည်း ယင်းမျိုးနွယ်စုအား အောင်မြင်စေရန် လုပ်ဆောင်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ယင်းမျိုးနွယ်စုဝင်များသည် သေဆုံးကုန်ခဲ့ကြပြီး ပိုင်းယုတ်မျိုးနွယ်စုခေါင်းဆောင်နှင့် သူ၏ဇနီးသာ ကျန်ရစ်ခဲ့ပြီး အသားများလည်း အညိုရောင်ပြောင်းလဲခါ သဲကန္တာရအတွင်း တစ်သက်လုံးနေထိုင်သွားခဲ့ရသည်ဟု ဆိုသည်။

ဂရိဒဏ္ဍာရီများတွင်လည်း လူ့ဘီလူးမျိုးနွယ်စုများ အကြောင်းဖော်ပြချက်များတည်ရှိသည်။

ဂရိဒဏ္ဍာရီအလိုအရ ယင်းမျိုးနွယ်စုကို ဂိုက်ဂင်တီ (gigantes) များဟု အမည်ရှိသည်။

ယင်းတို့သည် ကောင်းကင်ပင်ယူရေးနပ်(စ) (Uranus) နှင့် မြေကမ္ဘာဂေးအ (Gaea) တို့၏ သားသမီးများဖြစ်ကြသည်။

သူတို့သည် အိုလံပီယာတောင်တွင် နေထိုင်ကြသော နတ်ဘုရားများနှင့် တိုက်ပွဲများဖြစ်ပွားတိုက်ခိုက်ခဲ့ကြသည်။

ယင်းစစ်ပွဲတွင် အင်စီလားဒပ်(စ) (Encleadus)အမည်ရှိ ဘီလူးကြီးသည် အေသင်နာ(Athena) အမည်ရှိ နတ်ဘုရားမနှင့် ယှဉ်ပြိုင်ရာ ရှုံးသည့်အတွက် စစ်စလီကျွန်း အက်(ထ)နာ (Etna) တောင်တန်းအောက်တွင် မြေကြီးတွင်းသို့ မြှုပ်နှံခံရသည်ဟု ဆိုသည်။

သို့အတွက် ရှေးခေတ် ဂရိတို့မှ လူ့ဘီလူးမျိုးနွယ်စုတို့သည် အင်စီလားဒပ်(စ)ကဲ့သို့ မြေအောက်တွင်တည်ရှိနေကြသည်ဟု ယူဆကြသည်။ ထိုကဲ့သို့ တည်ရှိနေသည့်အတွက် ကြောင့်ပင် ကမ္ဘာပေါ်တွင် ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းတို့ဖြစ်ပေါ်လာသည်ဟု ယူဆကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နော့(စ)ဒဏ္ဍာရီတွင် ဂျိုတန် (Jotun) သည် ဘုရားသခင်များနှင့် အမြဲတန်းဆန့်ကျင်နေလေ့ရှိသည်။

ယင်းဂျိုတန်အား ဘာသာပြန်ရပါက လူ့ဘီလူးကြီး (giant) ဟု အဓိပ္ပါယ်ရှိသည်။ နော့(စ)တို့၏ ဒဏ္ဍာရီတွင် ထူးခြားသည်မှာ လူ့ဘီလူးမျိုးနွယ်အများအပြား ကွဲလျက်တည်ရှိနေခြင်းပင်ဖြစ်သည်။

အချို့သည် သာမန်လူအရွယ်အစားသာရှိကြသော်လည်း အချို့မှာမူ လူသားများထက် ကြီးမားကြသည်။ ထို့အပြင် နှင်းတောထဲတွင်နေသော လူ့ဘီလူးမျိုးနွယ်စု (frost giants)၊ မီးလူ့ဘီလူးကြီးများ (fire giants)၊ တောင်နေ လူ့ဘီလူးမျိုးနွယ်စု (mountain giants) စသည်ဖြင့် အမျိုးအစားများလည်း ကွဲပြားလျက်ရှိသည်။

ထို့ပြင် လူ့ဘီလူးမျိုးနွယ်စုတို့၏ မူလအစမှာလည်း အမျိုးမျိုးသောသတ္တဝါကြီးများနှင့် ဆက်နွယ်လျက်ရှိသည်။

လူ့ဘီလူးကြီးများ ပျက်စီးသွားရသောအကြောင်းမှာလည်း ရက်နရော့ (Ragnarok) ခေါ် အဆက်မပြတ်ဖြစ်ပေါ်နေသော စစ်ပွဲတစ်ခုတွင် လူ့ဘီလူးအနွယ်များသည် ဘုရားသခင်များနေထိုင်သည့် ကမ္ဘာတစ်ခုဖြစ်သည့် အက်(စ)ဂါ့(ဒ) (Asgard) ကိုသိမ်းပိုက်တိုက်ခိုက်ခဲ့သည်။

ယင်းအတွက် အားလုံးသေဆုံးကုန်ခဲ့ပြီး လူ့ဘီလူးမျိုးနွယ်အနည်းငယ်သာ ကျန်ရစ်သည်ဟုဆိုသည်။ ထို့နောက်တွင် ဘုရားသခင်အနွယ်တော်တို့နှင့် လူ့ဘီလူးများ လက်ထပ်ပြီး လူ့



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမျိုးနွယ်စုများ ဆက်လက်ရှင်သန်ခဲ့သည်ဟုဆိုသည်။

ဥရောပတိုက်တစ်ဝှမ်းလုံးရှိ ဒဏ္ဍာရီများတွင် လူ့ဘီလူးမျိုးနွယ်စုများသည် ကမ္ဘာမြေပေါ်တွင် တစ်ချိန်က တည်ရှိခဲ့ပြီး ယနေ့ခေတ်တည်ရှိနေသော အလွန်ကြီးမားလှသော ရှေးခေတ်ဟောင်းအဆောက်အအုံတို့မှာ လူ့ဘီလူးကြီးတို့တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။

ဆက်ဆိုဂရမ်မတီးယပ်(စ) (Saxo Grammaticus) အမည်ရှိသော ဒိန်းမတ်လူမျိုးစာရေးဆရာ၊ သမိုင်းဆရာတစ်ဦးက ယနေ့တည်ရှိနေသော ကြီးမားလွန်းသည့် နံရံကြီးများ၊ ကျောက်တုံးအဆောက်အအုံကြီးများ၊ ရုပ်တုကြီးများနှင့် ရှေးမရှေးဟောင်းအဆောက်အအုံတို့မှာ ထိုလူ့ဘီလူးများ တည်ထားခဲ့ခြင်းဖြစ်သည်ဟု သူ၏အယူအဆကို ထုတ်ဖော်ခဲ့သည်။

ထို့အတူ ရှေးဟောင်းအင်္ဂလိပ်ကဗျာ တစ်ပုဒ်ဖြစ်သည့် သင်္ဘောသား (Seafarer) တွင်လည်း မြင့်မားသော ရှေးခေတ်ကျောက်တုံး နံရံတည်ဆောက်သူတို့သည် လူ့ဘီလူးမျိုးနွယ်စုများသာဖြစ်သည်ဟု ဖော်ပြထားသည်။

ထို့ပြင် မြောက်အိုင်ယာလန်ကမ်းခြေတွင်ရှိသော သဘာဝဖြစ်တည်မှုတစ်ခုဖြစ်သည့် ဂျိုင့်ယင့်ကော့(စ်)ဝေး (Giant's Cause way) ခေါ် ဆဋ္ဌဂံပုံ မီးသင့်ကျောက်များဖြစ်တည်၍ လမ်းသဖွယ်ဖြစ်ပေါ်နေမှုကိုလည်း လူ့ဘီလူးကြီးများက ဖန်တီးခဲ့သည်ဟု ယူဆထားကြသည်။

အင်္ဂလန်နိုင်ငံ၊ ဝေလနယ်၊ စကော့တလန်၊ အိုင်ယာ



www.burmeseclassic.com

www.burmeseclassic.com



လန်တို့၏ ဒဏ္ဍာရီများတွင် လူ့ဘီလူးမျိုးနွယ်စုများပါဝင်သော တိုက်ပွဲအကြောင်းအရာများမှာ အများအပြားပါဝင်လျက်ရှိသည်။

စကော့တလန်နိုင်ငံမှ ကင်းလော့(ချ)ရန်နို့(ချ) (Kinloch Rannoch) ရှိ ရွာငယ်တစ်ရွာနားတွင် တောင်ကုန်းတစ်ခုတည်ရှိနေသည်။

ယင်းတောင်ကုန်း၏ပုံစံမှာ လူတစ်ဦးအိပ်နေသည့်ပုံစံအတိုင်း ခေါင်းပိုင်းပခုံးနှင့် ခါးပိုင်းများကို ထင်ထင်ရှားရှား တွေ့ရသည်။ ယင်းတောင်ကုန်းအား ဒေသခံများက "အိပ်ပျော်နေသော လူ့ဘီလူးကြီး" (the sleeping giant) ဟုခေါ်ဝေါ်ကြသည်။

ထို့ပြင် ယင်းအိပ်ပျော်နေသော လူ့ဘီလူးကြီးသည် သင့်တော်သော တူရိယာပစ္စည်းတစ်ခုတီးမှုတ်ပါက အိပ်စက်နေရာမှ နိုးထလာလိမ့်မည်ဟု အယူအဆရှိကြသည်။

အင်္ဂလိပ်လူမျိုးတို့၏ ရှေးဟောင်းပုံပြင်များတွင် လူ့ဘီလူးကြီးတို့ကို သူတို့၏မိုက်မဲမှု(အသိဉာဏ်မဲ့မှု) များအား ရှေ့တန်းတင်ကာ ဖော်ပြလေ့ရှိသည်။

ပုံပြင်တစ်ခုတွင် လူ့ဘီလူးကြီးတစ်ကောင်သည် ရှရူးဗယ်ရီအမည်ရှိ မြို့တစ်မြို့၏ မြို့စားတစ်ယောက်နှင့် လမ်းတစ်ခုတွင် ရန်ဖြစ်ကြသည်ဟုဆိုသည်။

လူ့ဘီလူးကြီးက မခံနိုင်ဖြစ်ခါ ရှရူးဗယ်ရီမြို့ကြီးအား အညစ်အကြေးများဖြင့် ဖုံးလွှမ်းမည်ဟု အကြံဖြစ်ပေါ်ခဲ့သည်။

သို့သော် လူ့ဘီလူးကြီးက ရှရူးဗယ်ရီမြို့သည် အနီး



www.burmeseclassic.com

www.burmeseclassic.com



အနားတွင်ရှိသော်လည်း မည်သည့်နေရာတွင်တည်ရှိသည်ကို မသိပါဟုဆိုသည်။

လူ့ဘီလူးကြီးက ရှုရှုးဗယ်ရီမြို့ကြီး၏ တည်နေရာကို မေးရာ ဖိနပ်ချုပ်သမားက "ရှုရှုးဗယ်ရီမြို့ကြီးသည် အလွန်ဝေးကြောင်း၊ သူပင်လျှင် ယင်းမြို့ကြီးသို့ ယခုကဲ့သို့လာရာတွင် လမ်းခရီး၌ ဖိနပ်တစ်ရံပြီးတစ်ရံစီးကာ ခရီးဆက်ရမည်ဖြစ်သည့်အတွက် ဖိနပ်အများအပြား ယူဆောင်လာခြင်းဖြစ်ကြောင်း" ယုံအောင်ပြောခဲ့သည်။

ဘီလူးကြီးသည် ရှုရှုးဗယ်ရီမြို့သည် အလွန်ဝေးကွာသည်ဟု ထင်မြင်သည့်အတွက် အညစ်အကြေးများနှင့် ဖုံးအုပ်မည့် သူ့အကြံကို လက်လွှတ်ခဲ့သည်ဟု ဆိုသည်။

အခြားအင်္ဂလိပ်ပုံပြင်တစ်ပုဒ်တွင် လူ့ဘီလူးကြီးတို့သည် အလွန်မိုက်မဲသူများဖြစ်ပြီး အမြဲခိုက်ရန်ဖြစ်ပွားနေကြကာ တစ်ဦးနှင့်တစ်ဦး ကျောက်တုံးများနှင့် ပစ်ပေါက်နေကြသည်ဟုဆိုသည်။ သို့အတွက် ကမ္ဘာပေါ်တွင် ပြန့်ကျဲနေသော ကျောက်တုံးအမြောက်အများကို တွေ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

အထက်တွင် ဖော်ပြထားချက်များသည် ရှေးခေတ်စာပေအရေးအသားများတွင် ဖော်ပြထားသော လူ့ဘီလူးနှင့် ပတ်သက်သည့် အကြောင်းအရာများမှ အချို့ကို ဖော်ပြထားခြင်းဖြစ်သည်။

ထိုကဲ့သို့ တကမ္ဘာလုံး၏ ရှေးဟောင်းစာပေများတွင် လူ့ဘီလူးအကြောင်းဖော်ပြချက်များရှိခဲ့သည့်အတွက် ရှေးဆိုနစ်တစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုံး အချို့သောရှေ့ဟောင်းသုတေသနပညာရှင်များက လူ့ဘီလူးကြီးများ၏ ကျောက်ဖြစ်ရုပ်ကြွင်းနမူနာများ ရရှိစေရန်ကြိုးစားရှာဖွေခဲ့ကြသည်။

ယင်းတို့အထဲမှ သိပ္ပံပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များမှ တညီတညွတ်တည်း မှန်ကန်ပါသည်ဟု အတည်ပြုမထားသော်လည်း လူ့ဘီလူးကြီးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရပါသည်ဟု ထုတ်ဖော်ပြောဆိုထားသော တွေ့ရှိမှုအချို့ရှိနေခဲ့သည်။

ပထမတစ်ခုမှာ (၁၈၉၀)ခုနှစ် ဆောင်းရာသီတွင် ပြင်သစ်နိုင်ငံ ကက်စတယ်နော့လီလက်(ဇ)(Castelnau-Le-Lez) အရပ်ရှိ ကြေးခေတ်သင်္ချိုင်းတစ်ခုတွင် မနုဿဗေဒပညာရှင် ဂျော့(ချ)ဗက်ချာဒီလပေ့(ချ) (Georges Vacher de Lapouge) က (၁၁)ပေ (၆)လက်မရှိသော လူ့ဘီလူးအရိုးစုတစ်ခုကို တွေ့ရှိခဲ့သည်ဟု ကြေညာခဲ့သည်။

(၁၈၉၄)ခုနှစ်တွင် ပြင်သစ်နိုင်ငံရှိ မွန့်(ထ)ပီလာ (Montpellier) အရပ်ရှိ သမိုင်းမတင်မီခေတ်က သင်္ချိုင်းတစ်ခုတွင် ဦးခေါင်းခွံအပိုင်း (၂၈၊ ၃၁၊ ၃၂)လက်မရှိသော ဦးခေါင်းခွံများကို တွေ့ရှိခဲ့ပြီး အချို့တွက်ချက်မှုများအရ ယင်းဦးခေါင်းပိုင်ရှင်များသည် (၁၀)ပေမှ (၁၅)ပေအတွင်း အရပ်အမောင်းရှိကြမည်ဟု တွက်ချက်ခဲ့ကြသည်။ ယင်းအရိုးများအား ပဲရစ်အကယ်ဒမီ (Paris Academy) သို့ အခြားလေ့လာမှုများပြုလုပ်ရန်ပေးပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးမင်းဟန် ပြောပြသော ဒဏ္ဍာရီထဲမှ ဘီလူးကြီးများအကြောင်းမှာ လူသားတို့၏ သမိုင်းကြောင်းများထဲ၌ ဆက်စပ်ပါဝင်လျက်ရှိနေကြပေသည်။

"ဒီတော့ အခုသတင်းထွက်နေတဲ့ ဘီလူးမျက်နှာနဲ့လူ ဆိုတာလည်း မဖြစ်နိုင်ပါဘူးလို့တော့ အတပ်ပြောလို့မဖြစ်ပေဘူး၊ ဘာပဲဖြစ်ဖြစ်ပေ့ါ ဒီလိုကိစ္စမျိုး စုံစမ်းရင်တော့ သတိဝိရိယရှိဖို့ တော့အရေးကြီးတယ်ဗျ"

"အခုလိုသတိပေးတာရော သိချင်တာတွေကို ပြောပြ ပေးတာပါ ကျေးဇူးတင်ပါတယ်ဆရာ"

ထိုသို့ပြောပြီး ဦးမင်းဟန်အား နှုတ်ဆက်ပြီး နှစ်ယောက်သား ဆေးရုံကြီးမှ ပြန်ထွက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၀ )

# ခင်စိန်ကြည်နှင့် ထူးဆန်းသောမြင်ကွင်း

အချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်သော ကြောင့် လမ်းအတွင်း၌ လူသွားလူလာရှင်းပြီး တိတ်ဆိတ်ငြိမ်သက်နေလေပြီ။ ကရစ်လမ်းအောက်ပိုင်းမှာ အစကတည်းက လူသွားလူလာနည်းသောလမ်းဖြစ်ရာ ယခုလို ညအချိန်ရောက်သောအခါတွင် လမ်းထဲမှာနေထိုင်သူအချို့လောက်သာ တစ်ခါတစ်ရံ အသွားအလာရှိပြီး အတော်များများကတော့ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ကာလအခြေအနေမကောင်းလှသောကြောင့် ညအချိန်ရောက်သည်နှင့် အသွားအလာသိပ်မရှိတော့ပေ။

ကရစ်လမ်းထဲမှာ နေထိုင်သူများမှာ သာမန်တော့မဟုတ်ကြပေ။ ပစ္စည်းဥစ္စာပြည့် စုံသူများနှင့် အငြိမ်းစားယူထားသော ပင်စင်စားကြီးများသာ များပေသည်။ အစိုးရဌာနတွင် ရာထူးကြီးကြီးယူထားပြီး၊ အခွင့်အရေးများများရစဉ်က ရသမျှယူထားပြီး အေးအေးချမ်းချမ်းရှိလှသော ထိုလမ်းမျိုး၌ အိမ်ဝယ်ထားသောကြောင့် အကြံတူနေကြရာ ထိုလမ်းထဲတွင် အငြိမ်းစားယူထားသော အရာရှိ အရာခံများ ပေါများနေခြင်းဖြစ်သည်။

ထိုလမ်းထဲတွင် အနည်းငယ်လူအဝင်အထွက်များသောအိမ်မှာ ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့ နှစ်ယောက်နေသော တိုက်နီကြီးပင်ဖြစ်သည်။

ခင်စိန်ကြည်တို့မှာ သေဒသခံမဟုတ်ပဲ နယ်ဘက်မှ ပြောင်းရွှေ့လာသူများဖြစ်သောကြောင့် လမ်းထဲ၌ အသိအကျွမ်းမရှိပေ။

နေထိုင်ကြသူများကလည်း စပ်စပ်စုစုမရှိကြပဲ ကိုယ့်အိမ်တံခါးကိုယ်ပိတ်ပြီး နေကြသူများဖြစ်ကြသဖြင့် သူမတို့နှစ်ယောက်တို့လည်း မသိပေ။ သူတို့ဘာလုပ်နေသည်ကိုလည်း ဂရုမစိုက်ပဲရှိကြလေသည်။

ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့ ညီအစ်မနှစ်ယောက်မှာ အသက်(၃၀)ပတ်ဝန်းကျင်သာရှိသေးသော အရွယ်ကောင်းများဖြစ်ကြပြီး ကိုယ်ခန္ဓာအချိုးအဆစ်ပြေပြစ်ကာ ရုပ်ရည်သည်း



www.burmeseclassic.com

www.burmeseclassic.com



ချောမောကြသူများဖြစ်ကြသည်။

စစ်ဘေးစစ်ဒဏ်ကြောင့် နယ်ဘက်မှာရှိသော ပစ္စည်းများကိုထုခွဲရောင်းချကာ ရန်ကုန်တက်လာကြပေရာ ရောက်စက ဘာလုပ်ရမှန်းမသိကြသဖြင့် ပါလာသောပစ္စည်းများကိုသာ ချိုးခြံစွာဖြင့် သုံးစွဲကြရလေသည်။

နောက်တော့ ရေကျော်ဈေးဘက်မှ ဒေါ်မြလေး၏ တိုက်တွန်းခြင်းကြောင့် ပြည့်တန်ဆာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြလေသည်။ ပထမတော့ ခင်စိန်ကြည့်တစ်ယောက်တည်းပြုလုပ်သော်လည်း နောက်ပိုင်း ငွေရလွယ်မှန်းသိသောအခါ ခင်စိန်ရီပါပြုလုပ်လေသည်။

သို့သော် သူတို့နှစ်ယောက်မှာ ဘဝပျက်နေသူများမဟုတ်ကြသဖြင့် စည်းကမ်းမဲ့လက်ခံခြင်းမျိုးတော့ လုပ်ကြပေ။ ထို့ပြင် လူတိုင်းကိုလည်း လက်မခံပေ၊

အရာရှိများ၊ ကုန်သည်ပွဲစားများ၊ သူဌေးသူကြွယ်စသောငွေကြေးတတ်နိုင်သူများလောက်သာ ရွေးချယ်၍ တစ်နေ့လျှင် တစ်ဦးနှစ်ဦး ဆိုသလိုလက်ခံကြလေသည်။

ငွေကြေးချမ်းသာပြီး အပျော်အပါးဝါသနာပါသူတို့ကလည်း ခင်စိန်ကြည်တို့ ညီအစ်မကို နှစ်သက်သဘောကျကြလေသည်။

ထိုကိစ္စများကို ဝါသနာပါပြီး လူသိမခံလိုသော အချို့ပုဂ္ဂိုလ်တို့ကလည်း ထိုနေရာကို သဘောကျကြသဖြင့် လာကြသည်။ သို့ကြောင့် လအနည်းငယ်အတွင်းမှာပင် စိတ်ချရသော



www.burmeseclassic.com

www.burmeseclassic.com



ဖောက်သည်များရကာ စီးပွားရေးလည်းအဆင်ပြေလာလေသည်။

ထိုနေရာသို့ တစ်ခါတစ်ရံ ဂျပန်စစ်ဗိုလ်များ၊ အရာရှိများလာရောက်လေ့ရှိကြသည်။ ငွေရသည့်အခါမျိုးရှိသလို မရသည့်အခါလည်းရှိသည်။

မရလည်းကိစ္စမရှိပေ၊ ဂျပန်စစ်ဗိုလ်နှင့် အရာရှိများလာသောနေရာသို့ အခြားသာမန်အဆင့်သာရှိကြသည့် ဂျပန်စစ်သားများမလာဝံ့ကြသဖြင့် အကာအကွယ်ရပြီးသား ဖြစ်ပေသည်။

ခင်စိန်ကြည်တို့က ထိုအလုပ်ကိုလုပ်နေသော်လည်း လူအဝင်အထွက်မများသောကြောင့် လမ်းအတွင်းမှာ နေကြသူများပင် သိပ်မသိကြပေ။

တစ်နေ့တော့ ညီအစ်မနှစ်ယောက် ကန်တော်ကြီးစောင်း၌ရှိသော ပြဇာတ်ကသောရုံသို့ ပြဇာတ်ကြည့်ရန် သွားကြစဉ် လမ်းနံဘေးမှာ တောင်းရမ်းနေသော သူတောင်းစား မောင်နှမကို သတိပြုမိသွားကြလေသည်။ နှစ်ယောက်စလုံး ရုပ်ဖျက်ထားကြသော်လည်း ရုပ်ရည်ချောမောသူများဖြစ်ကြောင်း နှစ်ယောက်စလုံးက သိကြလေသည်။

ထို့ကြောင့် နောက်တစ်ရက်တွင် အိမ်သို့ခေါ်လာစေပြီး အခြေအနေကြည့်သောအခါ နှစ်ယောက်စလုံး ရုပ်ရည်ချောမောသူများဖြစ်ကြောင်း သိရသဖြင့် မိမိတို့အိမ်မှာပင် ခေါ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆည်မှာတော့ သီဟာကို ညှော်သည်များလာလျှင်ကြိုဆိုဖို့နှင့် အိမ်မှာရှိသော မြင်းလှည်းကိုမောင်းနှင်ရန်အတွက်ဖြစ်သည်။ မြင်းကိုစောင့်ရှောက်ပြီး အစာရေစာကျွေးမွေးရန်လည်းပါလေသည်။ သီရိကိုတော့ အိမ်မှုကိစ္စများစေခိုင်းထားသည်။

ခင်စိန်ကြည်၏ ရည်ရွယ်ချက်က ထိုမျှလောက်တော့ မဟုတ်သေးပေ။ ရုပ်ရည်ချောသော သီရိကို တဖြည်းဖြည်းနှင့် သိမ်းသွင်းနားချကာ သူတို့လုပ်ငန်းထဲသို့ အသုံးချရန်အတွက်ဖြစ်ပြီး၊ သီဟာကိုတော့ ညီအစ်မနှစ်ယောက်စလုံးအတွက် အပါးတော်မြဲထားရန် ရည်ရွယ်ထားခြင်းဖြစ်ပေသည်။

ရောက်စရက်ပိုင်းမှာတော့ ဘာပြဿနာမှ မပေါ်ပေ။ သီရိကလည်း သူလုပ်ရမည့်တာဝန်တို့ကို ကျေပွန်အောင် လုပ်ပေးပြီး သီဟာကလည်း မြင်းလှည်းမောင်းခြင်းအလုပ်အပြင် အခြားအလုပ်များကို အေးအေးချမ်းချမ်းပင် လုပ်ကိုင်ပေးသည်။

ဟိုတစ်ရက်က သူတို့နှင့်ပတ်သက်ပြီး ပြဿနာတစ်ခုဝင်လာသည်၊ သူတို့ဆီလာသော ဂျပန်စစ်ဗိုလ် တာမူရာသေဆုံးသွားသော ပြဿနာဖြစ်သည်။

သူတို့နေအိမ်တွင် သေဆုံးခြင်းမဟုတ်သော်လည်း သူတို့ထံလာနေကျလူတစ်ယောက် ဖြစ်သောကြောင့် ပြဿနာကလာရောက်ပတ်သက်နေလေသည်။

ဒီကနေ နေ့လည်ပိုင်းကပင် ဂျပန်စစ်ဗိုလ်တစ်ယောက်နှင့် စစ်သားများရောက်လာပြီး သူတို့ကိုမေးမြန်းစုံစမ်းသွားကြ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ နောက်ထပ်လည်း ရောက်လာကြပေလိမ့်ဦးမည်။ ထို့ကြောင့် ညအချိန်ရောက်သောအခါ တံခါးပိတ်လိုက်ပြီး သီဟနှင့် သီရိတို့ မောင်နှမနှစ်ယောက်တို့အား ခေါ်ကာ တိုးတိုးတိတ်တိတ်မေးမြန်းစစ်ဆေးကြရပေသည်။

"ရေမြောင်းထဲမှာ ကျသေတဲ့အလောင်းက ဂျပန်မာစတာ တစ်ယောက်အလောင်းလို့ပြောကြတယ်၊ သူဒီအိမ်ကို ရောက်လာသေးတယ်မဟုတ်လား"

သီဟက ခေါင်းညိတ်ပြလိုက်သည်။

"ငါတို့နဲ့တော့မတွေ့လိုက်ရဘူး၊ ဘယ်လိုဖြစ်တယ်ဆိုတာ အမှန်အတိုင်းပြောပြစမ်း"

"သူက ဒီအိမ်ရောက်လာပြီး ကျွန်တော့်ညီမလေး သီရိကိုအတင်းခေါ်သွားပါတယ်၊ ကျွန်တော်ကို ရိုက်နှက်ပြီးတော့ မြင်းလှည်းနဲ့လိုက်ပို့ခိုင်းပါတယ်"

"ဟင်…နောက်…နောက်တော့ ဘယ်လိုဖြစ်တာလဲ"

"ဒီကနေ မောင်းသွားလိုက်တာ…ဟို…ဘက် ရေမြောင်းကြီးနားရောက်တော့ ဘီလူးမျက်နှာနဲ့လူက မြင်းလှည်းပေါ်ခုန်တက်လာပြီး သူ့ကိုသတ်ဖြတ်သွားတာပါ"

ထိုစကားကြားသောအခါ ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေသည်။

"ဒါဖြင့် ဘီလူးမျက်နှာနဲ့လူကို နင်တို့တွေ့လိုက်ရတာပေါ့"

"တွေ့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက်ကိုတော့ ဘာမှမလုပ်ဘူးလား"

သီဟက ခေါင်းခါပြလိုက်သည်။

"အံ့ဩစရာပဲ ဘာပဲဖြစ်ဖြစ် ဒီပြဿနာကတော့ အေး မှာမဟုတ်ဘူး၊ ဂျပန်တွေ ပုလိပ်တွေလာကြဦးမှာပဲ၊ မြင်းလှည်း ပေါ်မှာ သတ်သွားတာဆိုတော့ သွေးတွေစွန်းပေမနေဘူးလား၊ တကယ်လို့ စွန်းပေနေရင် ပြောင်စင်အောင်ဆေးထား၊ တော် ကြာဂျပန်တွေက မသင်္ကာရင် ကင်ပေတိုင်ရုံးခေါ်သွားပြီး နှိပ် စက်ကြလိမ့်မယ်…"

သီဟကတော့ ခေါင်းညိတ်ပြရုံပြလေသည်။

ထိုအခါ ခင်စိန်ရီက ဝင်ပြောလေသည်။

"ဘီလူး မျက်နှာနဲ့လူက ဒီလမ်းထဲတောင်ရောက်နေပြီ ဆိုတော့ ကြောက်စရာပဲနော်…"

"သိပ်မကြောက်ပါနဲ့ ဘီလူးမျက်နှာနဲ့လူက အပြစ်မရှိ တဲ့သူတွေဆိုရင် ဘာမှမလုပ်ပါဘူး"

"မင်းက ဘယ်လိုသိနေတာလဲ"

"အရင်တစ်ခါ ကျွန်တော်တို့ ဒုက္ခရောက်နေတုန်းက လည်း သူရောက်လာပြီး ကူညီပေးသွားခဲ့သေးတယ်၊ ဒီတစ်ခါနဲ့ ဆိုရင်…နှစ်ခါတွေ့ပြီးပါပြီ…"

"မင်းကသိလို့လား၊ သူ့ကိုရောသိသလား"

"သိပါတယ်…တကယ်လို့မမကြီးတို့တွေ့ချင်ရင် ခေါ်လာ ပေးပါ့မယ်"

"မလုပ်ပါနဲ့ မောင်သီဟရယ်၊ ဘီလူးနဲ့တွေ့တော့ သတ်



www.burmeseclassic.com

www.burmeseclassic.com



သွားရင် မခက်ပေဘူးလား"

"မခက်ပါဘူး၊ မမကြီးကြည့်ချင်ရင် ကျွန်တော်ခေါ်ပြပါ့မယ်၊ သူကလူကောင်းတွေကိုဘာမှမလုပ်ပါဘူး၊ ဒုက္ခရောက်နေရင် အကူအညီတောင် ပေးပါသေးတယ်"

သီဟာက ထိုသို့ပြောသောကြောင့် ခင်စိန်ကြည်တို့ ညီအစ်မလည်း စိတ်ဝင်စားသွားကြသည်။

"မင်းတကယ်ခေါ်လို့ရရင်တော့ ခေါ်ပြပါဦး၊ မြင်ဖူးတယ်ရှိအောင်ကြည့်ရတာပေါ့"

ဟုပြောသဖြင့် သီဟာလည်း တံခါးဖွင့်ကာ အပြင်ဘက်သို့ထွက်သွားလေတော့သည်။ တိုက်အတွင်းမှာတော့ ခင်စိန်ကြည်တို့ညီအစ်မနှစ်ယောက်နှင့် သီရိသာကျန်နေခဲ့ကြသည်။

အချိန်အတော်ကြာသည်အထိ ဘာမှမထူးခြားပဲ တိတ်ဆိတ်ငြိမ်သက်နေရာမှ နောက်တော့အပြင်ဘက်မှ ခွေးဟောင်သံများကြားလာရသည်။ မရှေးမနှောင်းမှာပင် အိမ်ရှေ့မှ စေ့ထားသောတံခါးမှာ "ကျွီ"ကနဲမြည်ကာ ပွင့်သွားပြီးနောက် အရိပ်မည်းကြီးတစ်ခုအရင်ပေါ်လာသည်။

နောက်မှ တဖြည်းဖြည်းနှင့် အဝတ်မည်းကြီးခြုံထားသောလူတစ်ယောက် အိမ်ထဲသို့ဝင်လာလေတော့သည်။

ခင်စိန်ကြည်တို့ကတော့ ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။ ခဏကြာတော့ အဝတ်မည်းကြီးခြုံထားသောလူက အတွင်းသို့လျှောက်လာပြီး သူတို့သုံးယောက်နှင့် မနီးမဝေးနေရာသို့ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ ထွန်းထားသော မီးရောင်ကြောင့် ၄င်း၏ ပုံပန်းသဏ္ဌာန်ကို မြင်နေရသော်လည်း မျက်နှာကိုတော့ မတွေ့ရသေးပေ။

မနီးမဝေးရောက်တော့ ထိုသူက မျက်နှာပေါ်မှာ ခြုံထားသည့် အဝတ်မည်းကြီးကို လက်ဖြင့်ဖယ်ချလိုက်သည်။

"အမယ်လေး ကြောက်စရာကြီး"

"ဘီ...ဘီလူး၊ ဘီလူး"

ဟူသော ကြောက်လန့်တကြား ရေရွတ်သံများပေါ် ထွက်လာလေသည်။

"မကြောက်ပါနဲ့ အန္တရာယ်မပေးဖို့လာတာမဟုတ်ပါဘူး၊ မြင်ဖူးတွေ့ဖူးအောင်လာပြတာပါ၊ ဒါပေမယ့် ဒီအကြောင်းကို တော့ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးရမယ်"

"မ...မပြောဝံ့ပါဘူး"

"ကောင်းပြီး ကတိမတည်ရင်တော့ အသက်နဲ့ခန္ဓာ အိုးစားကွဲပြီလို့သာမှတ်ထားပါ၊ ငါကလာချင်ရင်ဘယ်နေရာမဆို လာလို့ရတယ်"

ခင်စိန်ကြည်က ကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းညိတ်ပြလိုက်သည့်အခါ နီရဲနေသော မျက်လုံးပြူးပြူးကြီးနှင့် စိုက်ကြည့်နေပြီးတော့မှ အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

ထိုညအဖို့ကတော့ ခင်စိန်ကြည်တို့ ညီအစ်မအတွက် ကြောက်လွန်းသဖြင့် အိပ်မပျော်နိုင်သော ညတစ်ညဖြစ်ခဲ့ရပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်တစ်နေ့နံနက်ပိုင်း အချိန်ကျော်သော အခါမှာတော့ ကရစ်လမ်းအတွင်းသို့ လင့်ရှိဘာကားတစ်စင်း ဖြေးဖြေးမှန်မှန်မောင်းဝင်လာလေသည်။

တစ်နေရာ ရောက်တော့ ကလေးတစ်စုကိုမြင်သဖြင့် ကားရပ်ပြီး ဒေါက်တာမင်းထင်ကျော်က မေးလေသည်။

"ခင်စိန်ကြည်တို့အိမ်ဘယ်နားမှာလဲ"

"ခင်စိန်ကြည်"

ခေါင်းညိတ်ပြလိုက်သည်။

ခင်စိန်ကြည်ဟူသောအသံကြားသောအခါ ကလေးများက သံပြိုင်ဆိုကြလေသည်။

"ခင်စိန်ကြည်၊ ခင်စိန်ကြည် လင်ယူပက်စက်သည်၊ မာစတာတွေက ဂျပန်ပြန်၊ ဗိုက်တစ်လုံးနဲ့ကျန်၊ မွေးပြန်တော့လည်း ဒီကလေး အဖေမပေါ်ပဲမွေး၊ ယောရောရှိ ၊ ယောရောရှိ"

ထိုသို့အော်ဟစ်နေသည်ကို ကားပေါ်မှာရှိနေသော ဒေါက်တာမင်းထင်ကျော်က နားထောင်ရင်း လေးလေးနက်နက် စဉ်းစားနေလေသည်။

ထိုသို့အော်ဟစ်ဆိုပြီးတော့မှ ကလေးတစ်ယောက်က တိုက်နီကြီးရှိသော ဘက်သို့ လက်ညှိုးထိုးပြသောကြောင့် ကားကို ရှေ့ဆက်မောင်းလာကြသည်။

ကားပေါ်တွင် စုံထောက်ကျော်စွာက ကားမောင်းပြီး ဒေါက်တာမင်းထင်ကျော်က နံဘေးမှ ထိုင်လိုက်လာခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒါဟာ အတိတ်နိမိတ်တစ်ခုလည်း ဖြစ်နိုင်တယ်"

"ဘယ်လိုကြောင့်လည်း ဆရာရဲ့"

"ကလေးသူငယ်စကား၊ အရူးစကား၊ သဘင်သည်တွေ ပြောတဲ့စကားတွေဟာ ကောက်ယူတတ်ရင် အတိတ်နိမိတ် ကောက်ယူနိုင်တဲ့ တဘောင်စကားတွေဖြစ်တတ်တယ်"

"ဆရာဘယ်လိုသဘောရသလဲ"

"ခင်စိန်ကြည်နဲ့ ပတ်သက်ရင် လေးလေးနက်နက် စဉ်းစားသုံးသပ်ရလိမ့်မယ်ထင်တယ်"

ဟုပြောရင်းနှင့် မောင်းလာရာ...တိုက်နီကြီးရှေ့သို့ ရောက်သောအခါ ကားကိုရပ်တံ့လိုက်သည်။

သူတို့ကားရပ်သောအခါ တိုက်အတွင်းမှ လူတစ်ယောက်ထွက်လာပြီး အကျိုးအကြောင်းမေးသည်။

"ဘာကိစ္စရှိလို့ပါလဲဗျာ..."

"ခင်စိန်ကြည်နဲ့ တွေ့ရအောင်လာတာပါ၊ ဒါ ခင်စိန်ကြည် တို့အိမ်ဟုတ်တယ်မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်..."

ထွက်လာသောသူမှာ သီဟဖြစ်ပြီး ဒေါက်တာမင်းထင်ကျော်တို့ကို အကဲခတ်သလို ကြည့်နေလေသည်။

"သူရှိတယ်မဟုတ်လား၊ ငါတို့က တခြားကိစ္စနဲ့လာကြတာမဟုတ်ပါဘူး၊ အမှုကိစ္စနဲ့ပတ်သက်ပြီး မေးချင်မြန်းချင်လို့ လာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သဘောပေါက်သွားကာ ခြံတံခါးကိုဖွင့်ပေးပြီး အိမ်ထဲသို့ခေါ်သွားလေသည်။ သူတို့နှစ်ယောက် ဧည့်ခန်းရောက်သောအခါ ခင်စိန်ကြည်ရော ခင်စိန်ရီပါ ထွက်လာပြီး ဧည့်ခံကြလေသည်။

နှစ်ယောက်စလုံးမှာ ဒေါက်တာမင်းထင်ကျော်တို့နှင့် သက်တူရွယ်တူသာရှိကြလေသည်။

"ဘာကိစ္စများရှိလို့ပါလဲ၊ ကျွန်မက ခင်စိန်ကြည်ပါ သူက ကျွန်မရဲ့ ညီမ ခင်စိန်ရီလို့ ခေါ်ပါတယ်"

"တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်က ဒေါက်တာမင်းထင်ကျော်၊ သူကစုံထောက်ကျော်စွာလို့ ခေါ်ပါတယ်၊ လာတာကတော့ သိချင်တာလေးတွေ ရှိလို့ပါ"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော် ဓာတ်ပုံတစ်ပုံကို ထုတ်ပြီး ခင်စိန်ကြည်ရှေ့သို့ချပေးလိုက်သည်။

"ဒီဓါတ်ပုံရှင်ကို သိတယ်မဟုတ်လား"

ခင်စိန်ကြည်က ဓာတ်ပုံကိုကောက်ယူပြီး မှန်မိဟန်ရှိသော်လည်း စကားကို မတင်မကျပြောလိုက်သည်။

"မြင်ဖူးသလိုတော့ရှိပါတယ်၊ ကျွန်မတို့က အသိမိတ်ဆွေတွေများတော့ ဇဝေဇဝါတော့ဖြစ်နေတယ်"

ဒေါက်တာမင်းထင်ကျော်က ဓာတ်ပုံကိုပြန်ယူလိုက်သည်။

"သူ့နာမည်က တာမူရာလို့ခေါ်တယ်၊ သူက ဂျပန်လူမျိုးတစ်ယောက်ပါပဲ၊ ဂျပန်တပ်မှာ ဗိုလ်မှူးကြီးအဆင့်နဲ့ တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်နေတာပါ၊ သူက ခင်စိန်ကြည်တို့နဲ့ အဆက်အသွယ်ရှိပြီး ဒီအိမ်ကိုလည်း တစ်ပတ်တစ်ခါလောက် အဝင်အထွက်ရှိတယ်ဆိုတာ စုံစမ်းလို့ သိရပါပြီးပါပြီ…"

"ဒါ…ဒါကတော့…"

"ကျွန်တော်တို့လာတာ ခင်ဗျားတို့အလုပ်ကို အနှောက်အယှက်ပေးဖို့လာတာမဟုတ်ပါဘူး၊ သိချင်တာလေးတွေမေးကြည့်ချင်လို့ပါ"

"မေးပါရှင်၊ မေးပါ…သိတာရှိရင်တော့ ပြောပြပါ့မယ်"

"စောစောက တံခါးလာဖွင့်ပေးတဲ့သူက ဘယ်သူလဲ၊ ခင်စိန်ကြည်တို့နဲ့ ဘာတော်သလဲ"

"သူ့နာမည်က မောင်သီဟလို့ ခေါ်ပါတယ်၊ အိမ်မှာ မြင်းလှည်းမောင်းဖို့အတွက် ခေါ်ထားတာပါ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်လေသည်။

"မစွတာ တာမူရာနဲ့ ပတ်သက်ပြီး ခင်ဗျားသိသမျှ ပြောပြပေးပါ"

"သိပ်များများတော့ မသိပါဘူး၊ ဒီကိုတော့ တစ်ပတ်တစ်ခါလာပါတယ်"

"ဘယ်လိုလာပြီး ဘယ်လိုပြန်သွားသလဲ"

"သူလာရင် မြင်းလှည်းနဲ့လာပြီး ပြန်ရင်တော့ ဘယ်လိုပြန်သွားသလဲ မသိပါဘူး၊ သူဘာဖြစ်လို့လဲဟင်"

"သူသေသွားပါပြီ၊ သူ့အလောင်းကို ဟိုးအောက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



နားက ရေမြောင်းထဲမှာ မနေ့ကတွေ့ကြရတယ်”

“ဘယ်လိုကြောင့် သေတာလဲဟင်”

“ခုထိတော့ ဘာမှမသိရသေးပါဘူး၊ ဒါထက် သူဒီကို နောက်ဆုံးလာခဲ့တာ ဘယ်ရက်ကလဲ မှတ်မိပါသလား”

“ကျမ မှတ်မိသလောက်တော့ ဒီတစ်ပတ် သူမလာဘူး၊ အရင်တစ်ပတ်ကတော့လာသွားတယ်”

“ကျွန်တော်သိချင်တာက သူဘယ်အချိန်လာပြီး ဘယ်လိုပြန်သလဲဆိုတာ သိချင်တာပါ”

“လာရင်တော့ လူမသိအောင်မိုးချုပ်စအချိန်လောက် လာလေ့ရှိတယ်၊ ပြန်ရင်တော့ ဘယ်လိုပြန်သွားသလဲကျွန်မတို့ မသိပါဘူး”

ထိုစကားမှာ အမှန်အတိုင်းပြောနေခြင်းဖြစ်သည်ဟု ထင်မိလေသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ထည့်ထားလိုက်သည်။

“ဒီအိမ်မှာ ခင်ဗျားတို့ ညီအစ်မနဲ့ မောင်သီဟာ အပြင် တခြားဘယ်သူတွေရှိသေးသလဲ”

“မောင်သီဟာရဲ့ ညီမသီရိရှိပါသေးတယ်၊ သူကအိမ်မှာ ဝေယျာဝစ္စလုပ်ပါတယ်၊ ကျွန်မခေါ်ပေးပါ့မယ်”

ထိုသို့ပြောပြီး အသံပြုလိုက်ရာ နောက်ဘက်ခန်းမှ မိန်း ကလေးတစ်ယောက်ထွက်လာပြီး ခင်စိန်ကြည်နောက်တက်နား



www.burmeseclassic.com

www.burmeseclassic.com



မှာရပ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က သီရိကိုတစ်ချက်ကြည့်လိုက်ပြီး နေရာမှထလိုက်လေသည်။

"အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် ခင်စိန်ကြည်တို့ စီးတဲ့မြင်းလှည်းက ဘယ်နေရာမှာထားသလဲ"

"ဒီတိုက်ရဲ့ ခြေရင်းဘက်မှာထားပါတယ်။ မောင်သီဟ လိုက်ပြပေးပါလိမ့်မယ်ရှင်"

ခင်စိန်ကြည်က တုံရင်နေသည့်အသံကိုထိမ်းကာ ပြောလိုက်လေသည်။ ထို့နောက် စုံထောက်ကျော်စွာကိုခေါ်ပြီး အပြင်သို့ပြန်ထွက်လာကြသည်။ အပြင်ရောက်တော့ သီဟက မြင်းလှည်းထားသော နေရာသို့လိုက်ပို့ပေးသည်။


တိုက်ခြေရင်းဘက်တွင်ဖြစ်သည်။

ထိုနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က သီဟနှင့်ရပ်ကာ သီချင်တာများကို မေးမြန်းနေစဉ်မှာ စုံထောက်ကျော်စွာက မြင်းလှည်းပေါ်တက်ပြီး စေ့စေ့စပ်စပ်ကြည့်ရှုနေလေသည်။ စိတ်ကျေနပ်လောက်အောင် ကြည့်ရှုစစ်ဆေးပြီးတော့ နှစ်ယောက်သား ထိုအိမ်မှ ပြန်ထွက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ )

# နဂါးစော်ဘွားနှင့် ဆန်းကြယ်သောစလော့ထုံးစံ

**တစ်**နေ့သ၌ ထိုခေတ်အချိန်က ထုတ်ဝေသော သတင်းစာနှင့်ဂျာနယ်များတွင် လူအများစိတ်ဝင်စားလောက်သည့် သတင်းတစ်ပုဒ်ပါလာလေသည်။

သတင်းမှာ အခြားမဟုတ်ပေ...။

ချင်းပြည်နယ်ဘက်တွင် ချင်းလူမျိုးတို့၏ အကြီးအကဲဖြစ်သူ နဂါးစော်ဘွားတစ်ဦး ရန်ကုန်မြို့သို့ ကြွရောက်လာမည့်



www.burmeseclassic.com

www.burmeseclassic.com



သတင်းပင်ဖြစ်ပေသည်။

ငှင်းမလာမီ (၁၅)ရက်ခန့်ကပင် ရှေ့တော်ပြေးများက ရန်ကုန်မြို့သို့ရောက်လာကြပြီး၊ စော်ဘွားရောက်လာသောအခါ တည်းခိုနေထိုင်ရန်အတွက် နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ကြရပေသည်။

ထိုသို့ရောက်ရှိနေသော သတင်းကို သတင်းစာတိုက်မှ သတင်းထောက်များကြားသိရသဖြင့် ၎င်းတို့တည်းခိုနေထိုင်ရာသို့သွားရောက်တွေ့ဆုံကာ သိလိုသောအကြောင်းအချက်များကို မေးမြန်းစုံစမ်းပြီး သတင်းစာ၌ သတင်းအဖြစ်ရေးသား ဖော်ပြထားသောသတင်းမှာ ...

"နဂါးလူမျိုးတို့၏ အကြီးအကဲဖြစ်သော ဩရီသောသည် မကြာမီရက်အတွင်း ရန်ကုန်မြို့တော်ကြီးသို့ လာရောက်ပေလိမ့်မည်။

လာရောက်သောအကြောင်းရင်းမှာ ပီအောကုမ္ပဏီတွင် အပ်နှံမှာကြားထားသော ပတ္တမြား သရဖူကို လာရောက်ရွေးယူခြင်းဖြစ်ပေသည်။ သရဖူမှာ စိန်၊ ပတ္တမြား၊ နီလာ စသော တန်ဖိုးရှိသည့် တွင်းထွက်ရတနာများဖြင့် စီခြယ်ပြုလုပ်ထားသည် ဖြစ်သောကြောင့် တန်ဖိုးကြီးသော သရဖူတစ်ခုဖြစ်ပေလိမ့်မည်။

ထို့ပြင် သရဖူတစ်ခုလုံးကိုလည်း ရွှေသားဖြင့်ပြုလုပ်ထားပြီး ရတနာပစ္စည်းမျိုးစုံတို့ဖြင့် စီခြယ်ထားကြောင်း သိရလေသည်။ အခြားသိရသောအချက်မှာ နဂါးစော်ဘွား အပ်နှံထားသော ကျောက်မျက်ရတနာတို့ကို မသမာသောနည်းဖြင့် ရယူ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးစားသူတို့မှာ မြွေစသော အန္တရာယ်များဖြင့် တွေ့ကာ သေရသဖြင့် မကြံစည်ဝံ့တော့ပဲ ကုမ္ပဏီမှ နဂါးစော်ဘွားအပ်နှံထားသည့်အတိုင်း ပြုလုပ်ပေးခဲ့ရသည်ဟုလည်း သိရပေသည်။

နဂါးစော်ဘွားသည် ရန်ကုန်မြို့၌ ရက်အတော်ကြာအောင် နေထိုင်မည်ဖြစ်ပြီး ၄င်းနေထိုင်တည်းခိုမည့်နေရာမှာ ချာချီလမ်း ယခုကိုယ်မင်းကိုယ့်ချင်းလမ်း)၌ရှိသော စော်ဘွားတစ်ဦးပိုင်ဆိုင်သည့် စံအိမ်တော်ကြီး၌ပင်ဖြစ်ပေသည်။

ထိုစံအိမ်တော်ကြီးကိုလည်း သက်ဆိုင်ရာများထံမှ တစ်လစာအခငွေကြေးပေး၍ ငှားရမ်းထားပြီးဖြစ်ပါကြောင်း ကြိုတင်ရောက်ရှိနေသူများထံမှ 'စုံစမ်းသိရပါကြောင်း"

ဟူ၍ ရေးသားဖော်ပြထားရာ သတင်းစာဖတ်ရှုသူများ စိတ်ဝင်စားကြလေသည်။ စိတ်ဝင်စားကြသော အကြောင်းများထဲတွင် နဂါးစော်ဘွားထက် ဗီအောကုမ္ပဏီတွင် အပ်နှံထားသော ပတ္တမြားသရဖူကြီးကို ပို၍စိတ်ဝင်စားကြလေသည်။

ဆင်းရဲကျပ်တီးမှုများသော ဂျပန်ခေတ်အချိန်ကာလတွင် ပတ္တမြားသရဖူမှ ကျောက်ကောင်းတစ်လုံးလောက်ရလျှင် အဘယ်လောက်ကောင်းမည်လဲဟုတွေးသူကတွေးကာ စိတ်ကူးယဉ်ကြသည်။

နဂါးစော်ဘွားမရောက်ခင်ကတည်းကပင် ပုလိပ်နှင့် စုံထောက်များကလည်း ကြိုတင်ပြင်ဆင်စရာရှိသည်တို့ကို ကြိုတင်ပြင်ဆင်ကြရလေသည်။

နဂါးစော်ဘွားရောက်လာလျှင် တည်းခိုမည့်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကျော်စွာ ရုံးထိုင်သော ဗဟန်းဂါတ်တဲနှင့် မျက်နှာချင်း ဆိုင်အနေအထားလောက်သာရှိသောကြောင့် ရာဇဝတ်ဦးမင်း ဒင်မှာ များစွာခေါင်းခဲရလေသည်။

အကယ်၍ သူပိုင်နက်ထဲတွင် ပြဿနာတစ်ခုခုပေါ် ပေါက်ပါက သူ့ခေါင်းပေါ်ကျလာမည်ဖြစ်သောကြောင့် ကြိုတင် ပြင်ဆင်မှုများပြုလုပ်နေရခြင်းဖြစ်ပေသည်။

ဦးမင်းဒင် စိုးရိမ်မည်ဆိုက စိုးရိမ်စရာလည်းဖြစ်ပေ သည်။ ယခုတစ်လော ဗဟန်းနယ်အတွင်းမှာ ဘီလူးမျက်နှာနှင့် လူသတင်းကလည်း ပြန့်နှံ့နေသောကြောင့် နဂါးစော်ဘွား ရောက်လာတော့မှ ထိုပြဿနာပေါ်မည်ကိုလည်း စိုးရိမ်နေရ ပေသည်။

"ဒီစော်ဘွားကလည်း ရန်ကုန်လာတာများမြို့လယ် ဘက်၊ ကမ်းနားလမ်းဘက်မှာရှိတဲ့ ဟော်တယ်တွေမှာ မတည်းပဲ ဒီလောက်ချောင်ကျတဲ့ နေရာမှာမှ တကူးတကလာတည်းရ တယ်လို့ဗျာ ငါတော့အလုပ်ရှုပ်ဦးတော့မှာပဲ..."

ဟု စိတ်ထဲမှ မကျေမနပ်တွေးနေမိလေသည်။

သူတွေးမည်ဆိုလျှင်တွေးလောက်စရာပင်ဖြစ်လေ သည်။ ထိုအချိန်က ကမ်းနားလမ်းနှင့် မြို့လယ်တစ်ဝိုက်တွင် ဟော်တယ်အချို့ရှိပေသေးသည်။ အချို့ဗုံးဒဏ်ကြောင့် ပျက်စီး သွားကြပြီဖြစ်သော်လည်း အချို့ကျန်နေသေးသည်။ တစ်ခု တော့ရှိပေသည်။

မြို့လယ်ဘက်၌ရှိကြသော အဆောက်အအုံများက



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရွေးပုံးကျနိုင်သောကြောင့် စိတ်မချရပေ။

ဗဟန်းနယ်အတွင်း၌ရှိသော ချာချီလမ်းတစ်ဝိုက်က တော့ သစ်တောများ၊ သစ်ပင်ဝါးပင်များ၊ ထူထပ်စွာရှိနေသဖြင့် ပုံးဒဏ်စိတ်ချရပေသည်။ ထို့ကြောင့် နဂါးစော်ဘွားက ထိုနေရာသို့ တကူးတကလာရောက်တည်းခိုခြင်းဖြစ်ပေလိမ့်မည်။

နဂါးစော်ဘွားအတွက် ကြိုတင်ငှားရမ်းထားသောအိမ်မှာ စုဖုရားလတ်နေထိုင်သွားခဲ့သော အိမ်ဖြစ်သည်။

ထို့ပြင် ကျိန်စာသင့်နေသော စံအိမ်၊ သရဲကြမ်းသည်ဟု နာမည်ကြီးနေသဖြင့် လူမနေဝံ့သော ရှေးဟောင်းစံအိမ်တစ်လုံးလည်းဖြစ်သည်။

ထိုအိမ်ကြီးကို မူလပိုင်ဆိုင်သူမှာ ရှမ်းစော်ဘွားတစ်ဦးဖြစ်ပြီး ထိုအိမ်ပေါ်ရောက်သည်နှင့် စော်ဘွားရော် စော်ဘွားကတော်မှာ တပြိုင်နက် သေဆုံးသွားကြလေသည်။ နောက်ထပ်နေကြသူတို့မှာလည်း မြဲသည်မရှိကြပေ။

သေသူသေ ပြေးသူပြေးရသောကြောင့် ခိုက်သည်၊ ပုဏ္ဏကတိုက်သည်ဟု နာမည်ကြီးကာ မနေဝံ့ကြတော့ခြင်းဖြစ်ပေသည်။

ရတနာဂီရိ၌ သီပေါဘုရင်နတ်ရွာစံခဲ့ပြီးနောက် (၁၉၁၉) ခုနှစ်တွင် မိဖုရားခေါင်ကြီး စုဖုရားလတ်သည် မြန်မာပြည်သို့ ပြန်လာသည်။ အင်္ဂလိပ်တို့ မန္တလေးမှာနေလျှင် ဆူပူအုံကြွမှုများဖြစ်မည်စိုးသဖြင့် ရန်ကုန်သို့ခေါ်လာပြီး ထိုအိမ်ကြီးအား တစ်လငွေ (၅၀၀)ဖြင့် တစ်နှစ်စာငှားယူပြီး ထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၂၂)ခုနှစ်ရောက်သောအခါ ထိုအိမ်ကြီးမှာ မနေလို တော့သဖြင့် အခြားနေရာသို့ ထပ်မံရွှေ့ပြောင်းနေထိုင်လေ သည်။ ခိုက်သည်၊ ပုဏ္ဏကတိုက်သည်ဟု နာမည်ကြီးသော အိမ် ကြီးမှာ နောက်ပိုင်းနေဝံ့သောသူမရှိတော့သဖြင့် ဒီအတိုင်းသာ တံခါးပိတ်ထားရလေသည်။

ယခုအခါ နဂါးစော်ဘွား ခေတ္တလာရောက်စဉ် နေထိုင် ရန်အတွက် လချုပ်နှင့် ငှားရမ်းကြခြင်းဖြစ်လေသည်။

ထိုသတင်းကြားပြီးနောက်တွင် စုံထောက်ကျော်စွာက ဒေါက်တာမင်းထင်ကျော်အား အပူကပ်ရပြန်လေသည်။

"ဆရာရေ ကျွန်တော်တို့မှာလည်း တစ်မှုကမပြီးသေး ဘူး၊ နောက်တစ်မှုက ပေါ်လာပြန်ပြီဗျ"

"နဂါးစော်ဘွားရောက်လာမှာကို ပြောတာမဟုတ်လား"

"ဟင် ဆရာကဘယ်လိုသိနေတာလဲ"

"အခြေအနေတွေကို ဆက်စပ်ကြည့်ရင် သိနိုင်တာပဲ ကိုကျော်စွာရယ်၊ အခုတစ်လော ထုတ်ဝေနေတဲ့ သတင်းစာ တွေ၊ ဂျာနယ်တွေမှာ နဂါးစော်ဘွားရန်ကုန်လာမယ်ဆိုတဲ့ အ ကြောင်းပဲ သတင်းထူးလုပ်ပြီး ဖော်ပြနေကြတာမဟုတ်လား"

"အမှန်ပါပဲ"

"တကယ်တော့ လူတွေက သူ့အကြောင်းကို စိတ်ဝင် စားနေကြတာထက် သူလာယူမယ့် ပတ္တမြားသရဖူကြီးကို စိတ် ဝင်စားနေကြတာဗျ"

"ဟုတ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေက စိတ်ဝင်စားနေသလို ရန်ကုန်မြို့မှာရှိတဲ့ လူမိုက်ကြီးတွေ၊ လူဆိုးဂိုဏ်းတွေကစပြီး ဂျပိုး၊ သူခိုး၊ ခါးပိုက်နှိုက်တွေကလည်း သွားရေကျနေကြမှာအမှန်ပဲ"

"ဒါကတော့ သေချာသလောက်ပါပဲ၊ ဒီအထဲမှာဘီလူးမျက်နှာနဲ့ လူတောင်ပါချင်ပါနေလိမ့်မယ်"

"ဗဟန်းမြို့နယ်ထဲမှာဆိုတော့ သူလည်းပါချင်ပါလာနိုင်လောက်တာပေါ့၊ ချက်ကောင်းကိုစောင့်နိုင်ရင် ယုံထောင်ကြောင်မိဆိုသလို ကျွန်တော်တို့လိုချင်နေတဲ့ ဘီလူးမျက်နှာနဲ့လူကိုတောင် ရချင်ရနိုင်တယ်"

"ဒါကြောင့် ကူညီပေးလက်စနဲ့ အကူအညီပေးပါဦးလို့ ဆရာ့ကိုလာပြီး အကူအညီတောင်းရတာပေါ့"

"ဒီလောက်လည်း စိတ်မပူပါနဲ့၊ ဘီလူးမျက်နှာနဲ့လူကို ကျွန်တော်လည်း စိတ်ဝင်စားနေတာဆိုတော့ ကိစ္စပြီးတဲ့အထိတော့ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဒါထက်ဆရာနဲ့တွေ့တုန်း မေးရဦးမယ်၊ နဂါးစော်ဘွားဆိုတာ ဘယ်လိုမျိုးလဲ ကျွန်တော်တို့က ရှမ်းစော်ဘွားတွေ အကြောင်းလောက်ပဲ ကြားဖူးတာဆိုတော့ နဂါးစော်ဘွားဆိုတာ သိပ်မသိဘူးဖြစ်နေတယ်"

ကျော်စွာကမေးသဖြင့် ဒေါက်တာမင်းထင်ကျော်က သူမှတ်သားထားသော သမိုင်းအကြောင်းအချို့ကို ပြောပြသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက မြောက်ပိုင်းဒေသများမှ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နေထိုင်သောလူမျိုးစု



www.burmeseclassic.com

www.burmeseclassic.com



များရှိခဲ့ကြသည်။

ချင်း၊ ကချင် အုပ်စု၊ မြန်မာနှင့် ရှေးမြန်မာအနွယ်အုပ်စုနှင့် လိုလိုမှုဆိုးအုပ်စု စသည်တို့ဖြစ်ကြသည်။

ချင်းနှင့် ကချင်အုပ်စုဆိုသည် သံလွင်နှင့် ဗြဟ္မပုတ္တရမြစ်များအကြားရှိ မြင့်မားလှသော ရေခဲဖုံးတောင်တန်းကြီးများအားဖြတ်ကျော်ရန် ခဲယဉ်းသောကြောင့် ထိုတံတိုင်းကြီးများကိုကွေ့ရှောင်ရင်း အနောက်ဘက်သို့ လှည့်ကာ အာသံပြည်ဘက်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ကြပေသည်။ ထိုအုပ်စုတွင် ချင်းလူမျိုးတို့သည် ပထမဆုံး ဝင်ရောက်ခဲ့ခြင်းဖြစ်ရာ ချင်းတွင်းမြစ်ဖျားမှ အောက်ဖက်ဘင်္ဂလားပင်လယ်အော်ကမ်းခြေအထိ ရောက်သောအနောက်ဘက်ရိုးမတောင်တန်းကိုနေရာယူထားခဲ့ကြလေသည်။

ပထမပိုင်းတွင် ချင်းလူမျိုးများဟုသာခေါ်ဝေါ်ခဲ့ကြသော်လည်းနောက်ပိုင်းမှာတော့ အမည်နာမအမျိုးမျိုးကွဲပြားသွားသလို ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးစံများလည်း ကွဲပြားသွားကြသည်။

နတ်ယုံကြည်ကိုးကွယ်မှု၊ နဂါး၊ ကျား၊ မြွေ၊ သူယောင်မယ်၊ ကျောက်တုံး စသောယုံကြည်မှုများလည်း ရှိခဲ့ကြလေသည်။

နဂါးယုံကြည်ကိုးကွယ်သူများက ၄င်းတို့ကိုအုပ်ချုပ်သောသူကို နဂါးစော်ဘွား၊ နဂါးအရှင်သခင်ဟု ရှေးကခေါ်ဝေါ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးစော်ဘွားအုပ်ချုပ်သောနယ်တွင် နယ်သူနယ်သားများထံမှ အခွန်အကောက်သီးခြားကောက်ယူခြင်းမျိုးမရှိပဲ မိန်းမပျိုများထံမှသာ ကောက်ခံယူလေ့ရှိကြသည်။

ငှင်းနယ်တွင် ထူးဆန်းသောဓလေ့ထုံးစံတစ်မျိုးရှိသည်။ ထိုနယ်တွင် နေထိုင်ကြသော မိန်းမပျိုများသည် ယောကျ်ားယူတော့မည်ဆိုလျှင် နဂါးစော်ဘွားနှင့် သုံးရက်ကြာအောင် အတူလာရောက်နေထိုင်ရလေသည်။

ထိုကဲ့သို့ နေထိုင်ခွင့်ရမှ မိန်းမများအဖို့ ဂုဏ်ကျက်သရေတိုးပွားခြင်းဖြစ်သည့်အပြင် မျိုးနွယ်မြင့်မြတ်သူတို့၏ သွေးပါမည်ဟု ယုံကြည်လက်ခံထားကြလေသည်။

သို့သော်လည်း ထိုကဲ့သို့ စော်ဘွားနှင့်အတူနေခွင့်ရသောကိစ္စမှာ သာမန်တော့မရပေ…။

အမျိုးသမီးတို့၏ ဂုဏ်အဆင့်အတန်းအလိုက်၊ ငွေကြေးပြည့်စုံမှုအလိုက် စော်ဘွားအား ငွေကြေးလာဘ်လာဘများ ပေးကြရသည်။

တစ်ရာတတ်နိုင်သော အမျိုးသမီးက တစ်ရာပေးရပြီး ထို့ထက်တတ်နိုင်သော အမျိုးသမီးက ငါးရာတစ်ထောင်အထိပေးဆက်ကြရသည်။ ထို့ထက်ပိုပြီး ရွှေငွေကျောက်မျက်ရတနာများပေးနိုင်ကြသူများလည်းရှိသည်။

နည်းနည်းပေးနိုင်သော အမျိုးသမီးထက် များများပေးနိုင်သည့်အမျိုးသမီးကပိုပြီး ဂုဏ်ကျက်သရေရှိသည်ဟု အဆင့်အတန်းသတ်မှတ်ကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အချို့ဆင်းရဲသဖြင့် စော်ဘွားအား ငွေမပေးနိုင်ကြသည့် မိန်းမပျိုများလည်းရှိကြသည်။ ထိုမိန်းမပျိုများသည် နဂါးစော်ဘွားနှင့်အတူလာရောက်နေထိုင်ခွင့် မရကြပေ။ ထိုမိန်းကလေးများသည် တစ်သက်လုံး ဂုဏ်သိန်ညှိုးနွမ်းပြီး လူရာမဝင်သကဲ့သို့ ဖြစ်ကြရပေသည်။

အခြားသူများက အဖက်မလုပ်ချင်ကြသလို လက်ထပ်ချင်သူ ယောက်ျားများကလည်း ရှောင်ဖွယ်သွားတတ်ကြပေသည်။

ထိုဓလေ့ထုံးစံများမှာ နဂါးလူမျိုးတို့တွင် သာမကပဲ အခြား တိုင်းပြည်နှင့် လူမျိုးများ၌လည်း ရှိကြောင်း ရှေးဟောင်းစာပေများ၌ ဖော်ပြထားသည်ကိုတွေ့ရှိသည်။

ကာနရီကျွန်း၌ နေထိုင်ကြသော မျိုးနွယ်စုတို့သည် အမျိုးသမီးတစ်ယောက် အရွယ်ရောက်လာပြီး ယောက်ျားနှင့် လက်ထပ်တော့မည်ဆိုလျှင် အပျိုစင်ဘဝကိုယူမည့် (အပျိုပန်းဖောက်ပေးမည့်သူ) သူကိုရှာဖွေပြီး အပျိုပန်းဖောက်ထားပြီးမှ ယောက်ျားယူခွင့်ရှိသည်။ ယူမည့်ယောက်ျားကလည်း အပျိုပန်းမဖောက်ရသေးသည့်အပျိုစင်ဖြစ်နေသေးပါက လက်မထပ်ချင်ပေ။

တစ်ခါတစ်ရံ ထိုတာဝန်သည် တိုင်းပြည်အုပ်ချုပ်နေသည့် ဘုရင်အပေါ်၌ တာဝန်ကျလာသည်မျိုးလည်းရှိသည်။

အာစဘာပြည်မှ ကွန်ခါးဘာ ဘုရင်ကြီးသည် ထိုတိုင်းပြည်အတွင်း၌ရှိသော အပျိုစင်တိုင်းအား အပျိုပန်းဖောက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရသော တာဝန်ကိုလည်းယူရသေးသည်။

ရှင်ဘုရင်ကိုယ်စား အဆင့်အတန်းမြင့်သော မှူးမတ်သေနာပတိတို့က တာဝန်ယူပေးရသည်မျိုးလည်းရှိသည်။

ထိုတာဝန်ယူပေးရသော ယောက်ျားများအား မိန်မပျိုများက သင့်တော်သော လက်ဆောင်ပဏ္ဏာများ ပေးရသည်လည်း ရှိပေသည်။

နဂါးစော်ဘွားအုပ်ချုပ်သော ဒေသမှာလည်း ထိုဓလေ့မျိုးနှင့် ဆင်ဆင်တူပေသည်။

အိမ်ထောင်ပြုတော့မည့် အပျိုစင်တို့သည် နဂါးစော်ဘွားအား ငွေကြေးများ ဆက်သ၍ သုံးရက်အတူနေခြင်းမှာ ပုဂံခေတ်က ပုဂံပြည်တွင် အရည်းကြီးများကို မင်္ဂလာဆောင်မည့် မိန်းမပျိုအား ပန်းဦးလွှတ်ပေးရသည်နှင့် အတူတူပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာရောက်တော့ စကားကိုခေတ္တရပ်လိုက်လေသည်။

စီးကရက်သောက်ရင်းနားထောင်နေသည့် ကျော်စွာက မှတ်ချက်ချလိုက်သည်။

"တော်တော့်ကို တရားနည်းလမ်းမကျတဲ့ ယုတ်မာတဲ့ဓလေ့မျိုးတွေပဲ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ပြုံးနေလေသည်။

"အဲဒါမျိုးက တစ်ဦးတစ်ယောက်တည်းမှာ အပြစ်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ကိုကျော်စွာရဲ့ ပြုတဲ့သူမှာအပြစ်ရှိသလို အပြုခံတဲ့သူတွေမှာလည်း အပြစ်မကင်းကြပါဘူး"

"ဘယ်လိုကြောင့်လည်းဆရာ"

"သူတို့က ငွေပေးပြီးတော့တောင် ကျေကျေနပ်နပ်နဲ့ ခွင့်ပေးခဲ့ကြတာမဟုတ်လား"

"လူတွေကလည်း အတော်ခက်ပါတယ်၊ ဂုဏ်ပကာသနအတွက်ဆိုရင် မှားတယ်မှန်တယ် မကြည့်တော့ဘူး၊ စိတ်ထင်ရာလုပ်ကြတော့တာပဲ"

"ဒါကလည်း သူတို့အပြစ်ချည်းတော့ မဟုတ်ပါဘူး၊ တကယ်ပြောရရင်တော့ ကြောက်စရာအကောင်းဆုံးကတော့ ယုံကြည်မှုနဲ့ အယူအဆလွဲမှားမှုတွေက အဓိကတရားခံလို့ပဲ ပြောပြရမှာပဲ…မှားနေတဲ့ အယူအဆတစ်ခုတောင် ကြာလာရင် အမှန်ဖြစ်သွားတတ်ပါတယ်"

"နဂါးစော်ဘွားတွေက နယ်သူနယ်သားတွေဆီက အခွန်တော်မကောက်ဘူးလို့ကြားမိတယ်၊ ဒီလောက်တန်ဖိုးရှိတဲ့ ပတ္တမြားသရဖူလိုမျိုးလုပ်တာ ဘယ်ကရွှေငွေတွေနဲ့ လုပ်တာလဲ မသိဘူး"

"ကျွန်တော်သိရသလောက်တော့ နဂါးစော်ဘွားတွေဟာ အမျိုးသမီးတွေနဲ့ အတူနေပေးခွင့်ကရတဲ့ အခွန်တော်လာဘ်သပ်ပကာတွေကပိုပြီးများတယ်၊ ကြားရသမျှတော့ တစ်နှစ်တစ်နှစ် ရွှေငွေကျောက်မျက်ရတနာတွေအပြင် ငွေသားချည်း နှစ်သောင်းသုံးသောင်းအထိ ရတယ်လို့ကြားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျလိုက်တဲ့အလုပ်ဗျာ၊ အစကတည်းက ပုလိပ်အလုပ်မလုပ်ပဲ နဂါးစော်ဘွားအလုပ်သွားလုပ်မိရင် ဒီလောက်ကြာရင် အတော်ချမ်းသာနေရော့မယ်..."

စုံထောက်ကျော်စွာ စကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်ကပါ သဘောကျစွာရယ်မောလိုက်လေသည်။

"ဒါထက် မေးရဦးမယ်...ဟိုတစ်နေ့က ခင်စိန်ကြည်တို့အိမ်ရောက်တော့ ဘယ်လိုသတိထားခဲ့မိသလဲ"

"သူတို့အမှုအယာတွေကြည့်ရတာ တစ်ခုခု ဖုံးကွယ်ထားတယ်ဆိုတာတော့ အကဲခတ်မိပါတယ်၊ မြင်းလှည်းကို သွားစစ်ကြည့်တော့ ထူးခြားတာအချို့တွေ့ခဲ့ရတယ်"

"ဘာတွေ့လဲ..."

"သူတို့က မြင်းလှည်းကိုဆေးကြောသန့်စင်ထားပေမယ့် တစ်နေရာမှာ စွန်းပေနေတဲ့ သွေးကွက်တွေ့ခဲ့ရတယ်၊ နောက်ပြီး တွန်းထိုးကန်ကျောက်ထားတဲ့ လက္ခဏာတွေလည်း တွေ့ခဲ့ရတယ်"

"ဒီလိုဆိုရင် သဲလွန်စက မဝေးတော့ပါဘူး၊ ဒီရက်ထဲမှာ ကိုကျော်စွာလုပ်ရမှာက ခင်စိန်ကြည်တို့နေအိမ်မှာ ရောက်နေတဲ့ သီဟနဲ့ သီရိတို့မောင်နှမနှစ်ယောက်ရဲ့ နောက်ကြောင်းရာဇဝင်ကိုသိအောင်စုံစမ်းပေးပါ"

"ကျွန်တော်စုံစမ်းထားပြီးပါပြီ"

"ဘာတွေထူးသလဲ"

"သူတို့နှစ်ယောက်က ကန်တော်ကြီးစောင်းဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းရမ်းစားသောက်နေတဲ့ မောင်နှမနှစ်ယောက်ပါ၊ ခင်စိန်ကြည်တို့က အိမ်မှာခိုင်းစေဖို့ခေါ်ထားတာ မကြာသေးဘူး"

"ခိုင်းဖို့အပြင် တခြားရည်ရွယ်ချက်လည်းရှိပါလိမ့်မယ်"

"သူတို့နဲ့ပတ်သက်ပြီး ဆက်စပ်မှုတစ်ခုတော့ရှိတယ်။ တစ်ယောက်က ကန်တော်ကြီးစောင်းမှာ အသတ်ခံလိုက်ရတဲ့ လူမိုက်သန်းရွှေသေတဲ့အချိန်က သူတောင်းစားမောင်နှမနဲ့ ပတ်သက်နေတယ်၊ သန်းရွှေတို့က ကောင်မလေးကိုဆွဲခေါ်သွားတဲ့အချိန်မှာ ဘီလူးမျက်နှာနဲ့လူရောက်လာပြီး သတ်သွားတယ်လို့ အစီရင်ခံစာထဲမှာ တွေ့လိုက်တယ်"

"ဒီလိုဆိုရင်တော့ စိတ်ဝင်စားစရာကောင်းလာပြီပေါ့။ သွေးစားဘီးလူးက သူတောင်းစားမောင်နှမနဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်မှုရှိနိုင်တယ်၊ ဒီတော့ သူတို့နှစ်ယောက်ရဲ့ လှုပ်ရှားသွားလာမှုတွေနဲ့ ခင်စိန်ကြည်တို့အိမ်က လူအဝင်အထွက်တွေကို တော့ မျက်ခြည်မပြတ်အောင် ကြည့်ရှုထားရမယ်"

"စိတ်ချပါဆရာ အဲဒီရက်ကတည်းက အဲဒီနားတစ်ဝိုက်မှာ ဆားဗုလင်းတွေလွှတ်ပြီး ကြည့်ခိုင်းထားပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဒါထက် နဂါးစော်ဘွားရောက်လာရင် ကျွန်တော်က ဘယ်လိုအကူအညီပေးရမလဲ"

"ဒီဗဟန်းနယ်မြေက လူဆိုးလူမိုက်တွေများတဲ့အပြင် အခု ဘီလူးမျက်နှာနဲ့လူကပါ တစ်မျောင့်ပူနေတော့ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



နေလို့မရတော့ဘူး၊ ဒီနယ်မြေက ကျွန်တော်တို့တာဝန်ယူနေရတဲ့နယ်မြေဖြစ်နေတော့ တကယ်လို့ တစ်ခုခုဖြစ်လာရင် ပြဿနာအားလုံးက ကျွန်တော်တို့ခေါင်းပေါ် ရောက်လာမှာ အသေအချာပဲ၊ ဒီတော့ နဂါးစော်ဘွား ရန်ကုန်ရောက်လာရင် ကျွန်တော်တို့နဲ့အတူ ဆရာပါလာပြီး စောင့်ကြည့်ပေးပါဦး"


"စိတ်ချပါ ကိုကျော်စွာ၊ တွေ့ခွင့်ရရင် နဂါးစော်ဘွားနဲ့လည်းတွေ့ကြတာပေါ့"

ဟုပြောလိုက်ရာ စုံထောက်ကျော်စွာလည်း ကျေနပ်သောအမူအယာဖြင့် နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

# စောမြဒေဝီနှင့်တွေ့ကြရခြင်း

**နော**က်ထပ် (၁၀)ရက်ခန့်ကြာသောအခါမှာတော့ နဂါးစော်ဘွားသြရှိသော ရန်ကုန်မြို့သို့ဆိုက်ရောက်လာလေသည်။ ၎င်းရောက်လာမည့်သတင်းများအကြောင်းနှင့် ရောက်လာမည့် နေ့ရက်စသည်တို့ကို သတင်းစာနှင့် ဂျာနယ်တို့တွင် ကြိုတင် ဖော်ပြထားသောကြောင့် ရန်ကုန်မြို့၌ နေထိုင်ကြသူများက စိတ်ဝင်စားမှု ရှိကြလေသည်။

နဂါးစော်ဘွားနှင့် နောက်လိုက်နောက်ပါ ခြွေရံသင်းပင်း



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ မန္တလေးမြို့မှတစ်ဆင့် ရထားဖြင့်လာကြမည်ဖြစ်ရာ ရထားဆိုက်မည့်အချိန် မတိုင်ခင်ကတည်းက ကွမ်းခြံဘူတာကြီး စကြံန်များ၌ လူအတော်များများ ရောက်နေကြလေသည်။

အချို့က မိမိတို့နှင့်သက်ဆိုင်သူများကို လာရောက်ကြို ဆိုကြခြင်းဖြစ်သော်လည်း အချို့ကတော့ နဂါးစော်ဘွား ဩရိ ဘောအား တွေ့ဖူးမြင်ဖူးချင်သဖြင့် လာရောက်စောင့်ဆိုင်းနေ ကြခြင်းဖြစ်ပေသည်။

နံနက် (၉)နာရီခန့်တွင် မန္တလေးမှ လာသောရထား သည် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာလေသည်။

နဂါးစော်ဘွားလိုက်ပါလာသော တွဲမှာ သီးသန့်တွဲဖြစ် သည်။ တွဲတစ်တွဲလုံး ယူထားခြင်းဖြစ်ရာ ထိုတွဲ၌ အခြားခရီးသည် များမပါပေ။

နဂါးစောဘွား ဩရိဘော၊ နမတော်ဖြစ်သူ စောမြဒေဝီ နှင့် နောက်လိုက်နောက်ပါ အခြွေအရံသင်းပင်းတို့သာ လိုက် ပါလာကြသည်။

စုစုပေါင်း လူ (၂၀)ခန့်ပါလာလေသည်။

နဂါးစော်ဘွားဩရိဘောမှာ အသက် (၃၀)ဝန်းကျင် အရွယ်ခန့်သာရှိသေးပြီး မဟာရာဂျာ စော်ဘွားများဝတ်ဆင် သော ပိုးသားဖြင့်ပြုလုပ်ထားသော အဝတ်အစားများ ဝတ်ဆင် ထားသည်။ ဦးခေါင်းတွင် ဘောင်းထုပ်နှင့်တူသော အဆောင်း တစ်ခုကိုလည်း ဆောင်းထားသည်။

မျက်ခုံးကထူထူ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်း



www.burmeseclassic.com

www.burmeseclassic.com



မွေးများက မျက်နှာတစ်ဝက်လောက်အထိ ဖုံးအုပ်နေသော ကြောင့် မျက်နှာပုံပန်းသဏ္ဍာန်ကိုပင် မမြင်ကြရပေ။ သို့သော်လည်း ပုံပန်းသဏ္ဍာန်ကြည့်ရုံနှင့် ယောကျ်ားပီသသော လက္ခဏာမျိုးရှိကြောင်း သိသာလေသည်။

နဂါးစော်ဘွားတွင် ကြင်ယာတော်မပါပဲ နမတော်တစ်ဦးတော့ပါလာလေသည်။ သူမအမည်မှာ စောမြဒေဝီဖြစ်ပြီး ရုပ်ဆင်းရူပကာ ချောမောလှပသူဖြစ်ပေသည်။

စောမြဒေဝီမှာ အသက်(၂၇)နှစ်ဝန်းကျင်လောက်သာ ရှိသေးသောကြောင့် ပျိုမြစ်နုနယ်သောအရွယ်မျိုးလည်းဖြစ်သည်။ သူမသည် စော်ဘွားနန်းဆောင်တွင် ဝတ်ဆင်လေ့ရှိသော အဝတ်အစားများကိုပင် ရိုးရာမပျက် ဝတ်ဆင်ထားလေသည်။

စကြံနှလမ်းများတွင် ရောက်နေသော ပရိသတ်များမှာ ရထားဆိုက်ရောက်လာသည်နှင့် နဂါးစော်ဘွားကိုတွေ့မြင်ဖူးလိုသောဆန္ဒဖြင့် သူ့ထက်ငါ ရှေ့ရောက်အောင်တိုးဝှေ့ပြီး ကြည့်ရှုကြလေသည်။

တံကယ်တမ်းကျတော့ နဂါးစော်ဘွားထက် အတူပါလာသောနမတော် စောမြဒေဝီ၏ ချောမောလှပမှုများကို မြင်သောအခါ ပိုမိုစိတ်ဝင်စားကြလေသည်။

နဂါးစော်ဘွားရောက်သည့် ကွမ်းခြံဘူတာကြီး တစ်ဝိုက်မှာလည်း ပုလိပ်အချို့ရောက်နေကြလေသည်။

နဂါးစော်ဘွားအတွက် တစ်စုံတစ်ခုဖြစ်မည်စိုးသောကြောင့် လာရောက်စောင့်ကြည့်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးစော်ဘွားနှင့် အဖွဲ့သည် ဘူတာကြီးမှ ထွက်သော အခါ ကြိုတင်စီစဉ်ထားသော ရထားလုံများ၊ မြင်းလှည်းများနှင့် ချာချီလမ်းသို့သွားကြလေသည်။

ချာချီလမ်းမှ အိမ်ကြီး၌လည်း ဗဟန်းဂါတ်တဲမှ ပုလိပ်နှစ်ယောက်ကို အစောင့်ချထားပေးလေသည်။

ထိုနေရာသို့ ရောက်ပြီး နားနေကြစဉ် နေ့လည်ဘက် အချိန်ရောက်သောအခါ မော်တော်ကားဖြင့် ပီအောကုမ္ပဏီမှ ကိုယ်စားလှယ်များ ရောက်လာကြလေသည်။

ပီအောကုမ္ပဏီမှာ ကုလားလူမျိုးများ ပိုင်ဆိုင်သော ကုမ္ပဏီဖြစ်သဖြင့် ရောက်လာသော ကိုယ်စားလှယ်များမှာလည်း မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများဖြင့် ကုလားလူမျိုးများသာ ဖြစ်ကြလေသည်။

နဂါးစော်ဘွားက ၎င်းတို့အား ကောင်းမွန်စွာ ဧည့်ခံတွေ့ဆုံလေသည်။

"အခုလို စော်ဘွားကြီးနဲ့တွေ့ရတာ အများကြီးဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်တို့က ပီအောကုမ္ပဏီက ကိုယ်စားလှယ်တွေဖြစ်ပါတယ်၊ ကျွန်တော့်နာမည်က မစ္စတာဆင်း ဖြစ်ပါတယ်"

နဂါးစော်ဘွားက အသိအမှတ်ပြုသောအမူအယာဖြင့် ခေါင်းညိတ်ပြလေသည်။ နဂါးစော်ဘွား၏ နောက်ဘက်နားတွင် စောမြဒေဝီက ထိုင်နေရာ ကိုယ်စားလှယ်များက စော်ဘွားနှင့် စကားပြောဆိုနေကြသော်လည်း မျက်လုံးများက စောမြဒေဝီထံ



www.burmeseclassic.com

www.burmeseclassic.com



သို့သာ ရောက်နေကြသည်။

"ကျုပ်မှာကြားထားတဲ့ ပတ္တမြားသရဖူ ပြုလုပ်လို့ပြီးစီးကြပြီလား"

"ပြီးပါပြီခင်ဗျာ...၊ စောဘွားကြီးမှာကြားတဲ့အတိုင်း ပတ္တမြားနဲ့ ကျောက်မျက်ရတနာတွေကို ပြည့်စုံအောင် ထည့်သွင်းပြုလုပ်ထားပါတယ်၊ ရွှေသားနဲ့ပြုလုပ်ထားတဲ့ သရဖူမှာလည်း နဂါးရုပ်ထည့်ပေးထားပါတယ်"

နဂါးစော်ဘွားက ကျေနပ်သောအမူအယာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကျောက်မျက်နရတနာတွေ ရွှေတန်ဖိုး၊ ငွေတန်ဖိုးတွေနဲ့ ပြုလုပ်တဲ့ လက်ခကိုပေါင်းရင် ကျသင့်တဲ့တန်ဖိုးက ဘယ်လောက်ရှိပါသလဲ"

မစ္စတာဆင်းဆိုသူက ၄င်းလက်ထဲမှာပါလာသော ဖိုင်တွဲကိုဖွင့်ကြည့်ပြီးပြောသည်။

"ပတ္တမြား၊ နီလာ စတဲ့ကျောက်မျက်ရတနာတွေရဲ့ တန်ဖိုး၊ ရွှေတန်ဖိုး၊ ငွေတန်ဖိုးတွေနဲ့ လက်ခတန်ဖိုးပါ ပေါင်းတွက်ရင်း စုစုပေါင်း တစ်သိန်းနှစ်သောင်းငါးရာ ကျပါတယ် စော်ဘွားကြီး"

နဂါးစော်ဘွားကအတော်ကြာအောင် ငြိမ်ပြီးစဉ်းစားနေလေသည်။

ရွှေတစ်ကျပ်သားမှ (၁၀၀-၁၅၀)ထက်ပိုမပေးရသောခေတ်တွင် "၁၂၀၅၀၀" ကျပ်ဆိုသောတန်ဖိုးမှာ မနည်းလှပေ။

ထိုအချိန်က ရန်ကုန်တစ်မြို့လုံး ကြိုက်တဲ့နေရာ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုက်အိမ်ကိုဝယ်လျှင် ငါးထောင်၊ တစ်သောင်းထက် ပို မပေးရပေ။

ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ မြေနီကုန်း၊ ပုစွန် တောင်စသော မြို့စွန်ရပ်ကွက်များမှာဝယ်လျှင် မြေရောအိမ်ပါ လေးငါးရာထက်ပိုမပေးရပေ။

ထိုအချိန်က အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းလို နေရာမျိုး၊ အင်းလျားကန်ကိုမေးတင်နေသော မြေတစ်ကွက်ကို ကြိုက်တဲ့မြေကွက်ကိုယူ ခုနစ်သောင်း၊ ရှစ်သောင်းပေးလျှင် ရနိုင် သောအချိန်ဖြစ်သည်။

ထို့ကြောင့် (၁၂၀၅၀၀)ကျပ်ဆိုသော ပမာဏမှာ ရပ် ကွက်တစ်ခုလုံး ဝယ်ယူနိုင်သော ငွေပမာဏဖြစ်ပေသည်။

"ကောင်းပြီလေ...ခင်ဗျားတို့ကုမ္ပဏီက ပြုလုပ်ပြီးတဲ့ ပတ္တမြားသရဖူကို ကြည့်ချင်တယ်"

"စော်ဘွားကြီးကြည့်ချင်တယ်ဆိုရင်တော့ ပြပါ့မယ်၊ တန်ဖိုးရှိတဲ့ သရဖူဖြစ်တာကြောင့် လုံခြုံတဲ့တစ်နေရာမှာ သိမ်း ထားပါတယ်၊ စော်ဘွားကြီးကိုယ်တိုင် လိုက်ပြီးကြည့်နိုင်ပါတယ်"

ဟုပြောသဖြင့် နဂါးစော်ဘွားလည်း လိုက်ကြည့်ရန် ပြင် လေသည်။ လူများများခေါ်ရန် မသင့်သောကြောင့် အခြားသူများ ကို မခေါ်တော့ပဲ နမဖြစ်သူ စောမြဒေဝီတစ်ဦးကိုသာ ခေါ်သွား လေသည်။

မစ္စတာဆင်းက နဂါးစော်ဘွားတို့နှစ်ယောက်ကို ၄င်းတို့ စီးလာသော မော်တော်ကားနှင့်ပင် ခေါ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



၄င်းတို့ကို ခေါ်သွားသောနေရာမှာဝက်ပါလမ်းဘက်မှာရှိသော တိုက်ကြီးတစ်လုံးပင်ဖြစ်သည်။

"ကုမ္ပဏီက ဒီမှာလား"

"ကုမ္ပဏီက ဖရေဇာလမ်းမှာပါ၊ အရေးကြီးတော့ ပစ္စည်းကိုတော့ ဒီမှာထားပါတယ်"

ထိုသို့ပြောပြီး တိုက်ကြီးအတွင်းသို့ခေါ်သွားလေသည်။ တိုက်မှာအတော်ပင်ကျယ်ဝန်းပြီး ပြင်ဆင်ထားမှုမှာလည်း ခမ်းနားထည်ဝါလှလေသည်။

အိမ်ထဲရောက်တော့ မစ္စတာဆင်းကပြောသည်။

"ပစ္စည်းကအပေါ်ထပ်မှာထားပါတယ်၊ ဒါပေမယ့် စော်ဘွားကြီးတစ်ဦးတည်းသာ တက်ရောက်ကြည့်ရှုရမှာဖြစ်ပါတယ်"

ထိုစကားကြောင့် စောမြဒေဝီမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။ သို့သော် မတတ်နိုင်တော့ပေ။

သူတို့နေရာရောက်နေမှတော့ သူတို့ပြောသည့်အတိုင်းလုပ်ရုံသာရှိပေတော့သည်။

ထို့ကြောင့် စောမြဒေဝီက အောက်ထပ်ဧည့်ခန်းမှာနေခဲ့ရပြီး မစ္စတာဆင်းနှင့် နဂါးစော်ဘွားက အပေါ်ထပ်သို့တက်သွားကြလေတော့သည်။

စောမြဒေဝီကတော့ ဧည့်ခန်းတွင် တစ်ယောက်တည်း ကျန်နေခဲ့သဖြင့် အစ်ကိုတော်အတွက် စိတ်မဖြောင့်နိုင်ရှာပဲ ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ကြာတော့မှ အပေါ်ထပ်မှ နဂါးစော်ဘွားနှင့် မစ္စတာဆင်းတို့ ပြန်ဆင်းလာကြသည်။ ထိုအခါမှပင် စောမြဒေဝီမှာ သက်ပြင်းချနိုင်လေတော့သည်။

ထို့နောက်တွင် မစ္စတာဆင်းတို့က စော်ဘွားတို့ မောင်နှမအား တည်းခိုသောနေရာသို့ ပြန်ပို့ပေးလေသည်။

တည်းခိုဆောင်ရောက်တော့မှ စောမြဒေဝီက မေးသည်။

"အစ်ကိုတော် ပတ္တမြားသရဖူကို တွေ့မြင်ခဲ့ရပြီလား"

ခေါင်းညိတ်ပြလေသည်။

"ပြုလုပ်ထားတဲ့လက်ရာကိုရော သဘောကျနှစ်သိမ့်မှုရှိပါရဲ့လား"

"ရှိပါတယ်"

စောမြဒေဝီက နဂါးစော်ဘွားကို တစ်ချက်ကြည့်ရင်း မေးလိုက်သည်။

"အစ်ကိုတော် နေမကောင်းဘူးလား၊ အသံတွေလည်း တစ်မျိုးဖြစ်သွားသလိုပဲ"

"နေကောင်းပါတယ်၊ ခရီးပင်ပန်းနေလို့ပါ၊ အစ်ကိုတော် နားလိုက်ဦးမယ်"

ဟုပြောဆိုကာ ၄င်းအတွက်ပြင်ဆင်ပေးထားသော အခန်းတွင်းသို့ဝင်သွားလေသည်။

စောမြဒေဝီကတော့ အမူအယာပြောင်းလဲသွားသော နဂါးစော်ဘွားကိုကြည့်ကာ ဇဝေဇဝါဖြစ်နေလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နဂါးစော်ဘွားနှင့်အဖွဲ့တွင် ပတ္တမြားသရဖူရွေးရန် ငွေကြေးအမြောက်အများပါလာသည်ဖြစ်သောကြောင့် ၄င်းနှင့်အတူပါလာသော အဖွဲ့သားများအပြင် ဇဟာန်းဂါတ်တဲမှာ လွှတ်ပေးထားသော ပုလိပ်နှစ်ယောက်ကပါ ဂရုစိုက်ပြီး စောင့်ကြပ်ပေးကြရသည်။

ထိုညအဖို့တော ထူးထူးခြားခြားဘာမှမဖြစ်ပေ။ နောက်တစ်နေ့နံနက်လင်းသောအချိန်တွင် နဂါးစော်ဘွားတည်းခိုနေထိုင်သော အခန်းပေါက်ဝတွင် ထူးခြားမှုတစ်ခုရှိနေသည်ကို အစေအပါးများကတွေ့ကြရသဖြင့် နဂါးစော်ဘွားအား သတင်းပို့ပေးကြရသည်။

နဂါးစော်ဘွားဩရိဘောက အခန်းတွင်းမှထွက်လာပြီး ကြည့်သောအခါ စာရွက်တစ်ရွက်ပေါ်တွင် ရေးထားသော ဘီလူးမျက်နှာတစ်ခုကိုတွေ့ရသည်။

အောက်ဖက်၌လည်း လက်ရေးဖြင့် စာတစ်ကြောင်းရေးထားသည်။

"ပတ္တမြားသရဖူ ငါယူမည်"

ထိုစာကိုမြင်သောအခါ နဂါးစော်ဘွား ဩရိဘောမှာ မျက်လုံးပြူးသွားလေသည်။

"ဒါဘယ်သူရေးထားတာလဲ"

"မသိပါဘူး သခင်ကြီး၊ မနက်လင်းတော့မှသာ တွေ့ရတော့တာပါပဲ"

"မင်းတို့တယ်လည်း အစောင့်အကြပ်ပေ့ါလျော့ ကြသ



www.burmeseclassic.com

www.burmeseclassic.com



ကိုး"

ဟု အပြစ်တင်သောအသံဖြင့် ပြောနေစဉ်မှာ စောမြဒေဝီက အနားရောက်လာလေသည်။ ထိုစာရွက်ကို မြင်သောအခါ ပြောသည်။

"ဒါပေါ့ပေါ့နေလို့မဖြစ်ဘူး အစ်ကိုတော်...၊ ပတ္တမြားသရဖူလာမပို့ခင်မှာ လူဆိုးတွေရဲ့ရန်က အကာအကွယ်ပေးနိုင်မယ့်သူရှိဖို့လိုတယ်"

"ငါတို့မှာလည်း အစောင့်အကြပ်တွေပါလာတာပဲ မဟုတ်လား၊ သူတို့ရှိနေသားပဲ"

"သူတို့ရှိနေပေမယ့် အန္တရာယ်ပေးမယ့်ရန်သူက အစ်ကိုတော်အခန်းပေါက်ဝမှာတောင် ရောက်လာပြီး စာကပ်သွားတာဆိုတော့ သူတို့ချည်းအားကိုးနေလို့ကတော့ ဖြစ်မယ်မထင်ဘူး။ တစ်ခုခုတော့ ကြိုတင်စီစဉ်ထားရင်မမှားဘူး"

စိုးရိမ်သောကများနေသော ညီမဖြစ်သူကိုကြည့်ကာ သြရိဘောက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အစ်ကိုတော် သိပ်နေမကောင်းသေးလို့ ဒီစီစဉ်စရာတွေကို ညီမတော်ပဲ ကြည့်ပြီးစီစဉ်လိုက်ပါ"

ဟုပြောကာ အခန်းတွင်းပြန်ဝင်သွားလေသည်။

နောက်ထပ်အချိန် အနည်းငယ် ကြာသောအခါမှာတော့ ထိုအိမ်ကြီးသို့ လူနှစ်ယောက်ရောက်လာကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ပင် ဖြစ်ကြလေသည်။ ၄င်းတို့သည် ကားဖြင့်လာကြခြင်းဖြစ်ပြီး ကား



www.burmeseclassic.com

www.burmeseclassic.com



ကို ဆင်ဝင်အောက်မှာထားခဲ့ပြီး အိမ်တွင်းသို့ဝင်လာကြရာ အထဲ ရောက်တော့ စောမြဒေဝီနှင့် တွေ့ရလေသည်။

"ကျွန်မမှာလို့ ရောက်လာကြတာများလားရှင်"

"မှန်ပါတယ် ကျွန်တော်တို့ ဗဟန်းဂါတ်တဲက လာကြ တာပါ၊ သူက စုံထောက်ကျော်စွာ၊ ကျွန်တော်က ဒေါက်တာ မင်းထင်ကျော်ပါ"

"အခုလို တွေ့ရတာဝမ်းသာပါတယ်ရှင်၊ ကျွန်မက နဂါး စော်ဘွားရဲ့ညီမတော် စောမြဒေဝီပါ"

ဒေါက်တာမင်းထင်ကျော်ကတော့ ရုပ်ရည်ချော နာ မည်ပါ လိုက်ဖက်လှသည့် စောမြဒေဝီကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် စောမြဒေဝီက သူတို့ရောက်လာပြီးနောက် တွေ့ကြုံရသော အဖြစ်အပျက်တို့ကို အတိုချုပ်ပြီး ပြောပြလိုက် သည်။

"စာရွက်ကပ်ထားတာဘယ်နေရာမှာလဲ"

"အပေါ်ထပ်က အစ်ကိုတော်အိပ်တဲ့အခန်းပေါက်ဝ မှာပါ၊ အပေါ်တက်ကြည့်ကြပါ"

ဟု ပြောဆိုပြီး သူမကပါ လိုက်လာသဖြင့် အပေါ်ထပ်သို့ တက်ကြည့်ကြသည်။

နဂါးစော်ဘွားနေသော အခန်းမှာ တံခါးပိတ်ထားလေ သည်။ အခန်းပေါက်ဝမှာတော့ စာရွက်တစ်ရွက်ကပ်ထားသည်။ သိပ်တော့မကြီးလှပေ၊ စာရွက်ပေါ်မှာတော့ ဘီလူးမျက်နှာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပုံရေးဆွဲထားသည်။

သို့သော် ပန်းချီတတ်ကျွမ်းသောသူ ရေးဆွဲထားခြင်း မဟုတ်သဖြင့် မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနှင့် အစွယ်နှစ်ချောင်း ထွက်နေသောကြောင့်သာ ဘီလူးဟုသိသာသောပုံမျိုးဖြစ်သည်။

ထိုပုံ၏ အောက်ဘက်မှာတော့ စာကြောင်းတစ်ကြောင်း ရေးထားသည်။

"ပတ္တမြားသရဖူငါယူမည်"

ဟူသောစာပင်ဖြစ်၏။ ရေးထားပုံမှာ သေသေချာချာ ရေးထားခြင်းမဟုတ်သဖြင့် စားလုံးများကမညီမညာရှိနေလေ သည်။

"နဂါးစော်ဘွားက ဒီအခန်းထဲမှာ နေတာလား"

ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့်မေး လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုတော်က နေမကောင်းလို့ ပြန် အိပ်နေပုံရတယ်၊ နှိုးပေးရမလား"

"နေပါစေ သိချင်တာလေးတွေကို စောမြဒေဝီကို မေး ရင်လည်း ရတယ်မဟုတ်လား"

"ရပါတယ်ရှင် သိချင်တာသာမေးပါ"

ထို့နောက် အိမ်အပေါ်တစ်ပိုက်သို့လိုက်ကြည့်ကြသည်။ ပြတင်းပေါက်တိုင်းတွင် သံတိုင်ကြီးများစိုက်ထားသောကြောင့် လူ တစ်ယောက်ဝင်သာသောနေရာမျိုး မရှိပေ။

အပေါ်ထပ်တွင် အပြင်ဘက်ထွက်သော တံခါးတစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ လူတစ်ရပ်ကျော်ခန့်မြင့်ပြီး ထုထည်ကြီးလှသည်။

ကျွန်းသားဖြင့်ပြုလုပ်ထားကာ မှန်ချပ်များတပ်ထားသဖြင့် အပြင်ဘက်သို့ မြင်ရသည်။

ထိုတံခါးကိုဖွင့်ထွက်လျှင် ဆင်ဝင်အပေါ်မှာရှိသော လေသာဆောင်သို့ရောက်သွားလေသည်။ ထိုအဆောင်မှာ အတော်ပင်ကျယ်ဝန်းလေသည်။ သို့သော် အသုံးမပြုတာ ကြာပြီဖြစ်သောကြောင့် သမံတလင်းပြင်ပေါ်မှာ ရေညှိရေမှော်ပင် စိမ်းစိမ်းကလေးများပင် ပေါက်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်ပေါ်သို့ အသေအချာကြည့်ရှုစစ်ဆေးသည်။

ထိုကြမ်းပြင်ပေါ်တွင် ရေညှိရေမှော်ပင်များပေါက်နေလေရာ လူတစ်ယောက်နင်းလျှောက်သွားလျှင် ပိပြားနေနေပေလိမ့်မည်။ ယခု ထိုလေသာဆောင်ပေါ်မှာတော့ ထူးထူးခြားခြားဘာမှမတွေ့ရပေ။ ထို့ကြောင့်အတွင်းသို့ ပြန်ဝင်လာကြသည်။

နဂါးစော်ဘွားရှိနေသော အခန်းပေါက်ဝသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က အခန်းပေါက်ဝ၌ ကပ်ထားသော စာရွက်ကို ဂရုတစိုက်ဖြုတ်ယူလိုက်လေသည်။

နောက်တော့အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။ သူတို့ပြန်ဆင်းလာသည်အထိတော့ နဂါးစော်ဘွားရှိနေသော အခန်းမှာ တံခါးပိတ်ထားလေသည်။

အောက်ထပ်ရောက်တော့ စုံထောက်ကျော်စွာက အစောင့်ချထားသော ပုလိပ်များရှိရာသို့ ထွက်သွားသဖြင့် ညွှန်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတော့ ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်သာ ကျန်နေခဲ့တော့သည်။

"ဒီစာရွက်က ဘယ်သူလာကပ်သွားတာလဲ၊ ဘာသဘောလဲဟင်"

ဟု စောမြဒေဝီကမေးသည်။

"အခုတလော ဗဟန်းနယ်ထဲမှ ဘီလူးမျက်နှာနဲ့လူတစ်ယောက် သောင်းကျန်းနေတယ်"

"ဘီလူးမျက်နှာနဲ့ဆိုတော့ လူလား ဘီလူးလားဟင်"

"လူတော့လူပါပဲ၊ ဒါပေမယ့် သူက ဘီလူးအသွင်ပြောင်းလို့ရတာမျိုးဖြစ်မယ်ထင်ပါတယ်၊ ဒီစာရွက်ပေါ်မှာ ဘီလူးမျက်နှာမျိုးရေးထားတာဆိုတော့ သူ့လက်ချက်ဖြစ်မယ်လို့တော့ ထင်စရာရှိတယ်"

"သူက ဒီအိမ်ထဲကို ဘယ်လိုရောက်လာတာလဲဟင်"

"ကျွန်တော်လည်း သေသေချာချာတော့ မသိရသေးဘူး၊ ဒီမှာစောမြဒေဝီတို့နဲ့ပါလာတဲ့ အစောင့်အရှောက်တွေရောပုလိပ်နှစ်ယောက်ပါရှိနေရက်နဲ့ ဘယ်နေရာက ဝင်လာနိုင်သလဲ မသိဘူး"

"ဒီလိုဆိုရင်တော့ ဒီအိမ်ကြီးမှာနေရတာတောင် စိတ်မချရတော့ဘူး၊ ကျွန်မတော့ ကြောက်တောင်လာပြီ"

"ဒီလောက်လည်း မကြောက်ပါနဲ့၊ ကျွန်တော်တို့ တတ်နိုင်သလောက် ကူညီစောင့်ရှောက်မှုပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါထက် ဆရာက ပုလိပ်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလားဟင်""

"ကျွန်တော်က ပုလိပ်အဖွဲ့မှာ အမှုထမ်းနေတဲ့သူတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဝါသနာပါလို့ ဝင်ပြီး ကူညီပေးနေတာပါ"

"ဘာပဲဖြစ်ဖြစ် ဆရာတို့ရောက်လာတာတော့ အတော်ကလေး အားရှိစရာပါပဲ"

"ဒါထက် နဂါးစော်ဘွားက ပတ္တမြားသရဖူကို စပြီးမှာကတည်းကအကြောင်းတွေကို စောမြဒေဝီသိသမျှ ကျွန်တော့်ကို ပြောပြပေးပါ""

ထိုအခါ စောပြဒေဝီက သူသိသမျှသောအကြောင်းများကို အတိုချုပ်ကာ ပြန်လည်ပြောပြလေသည်။

နဂါးစောဘွားက ၄င်းထံတွင် ရွှေနှင့်ငွေများ၊ ပတ္တမြားစသောကျောက်မျက်ရတနာများ စုဆောင်းမိသောအခါ ပတ္တမြား သရဖူတစ်ခုလုပ်ရန် စီမံလေသည်။

ထိုသရဖူမျိုး နယ်မှာမလုပ်နိုင်သောကြောင့် အထောက်တော်များကို ရန်ကုန်မြို့သို့လွှတ်ပြီး စုံစမ်းစေသောအခါ မကိုင်၌ သရဖူ စသည်တို့ပြုလုပ်ရာတွင် နာမည်ကြီးသော ပီအောကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် ဆက်သွယ်မိလေသည်။

ပတ္တမြားသရဖူပြုလုပ်ရန် စီစဉ်ကြသောအခါ တန်ဖိုးအနေဖြင့် များပြားလှသောကြောင့် ပီအောကုမ္ပဏီမှ ကိုယ်စားလှယ်များကိုယ်တိုင် နဂါးစော်ဘွားရှိရာ ဟော်နန်းသို့ လိုက်လာပြီး ညှိနှိုင်းတိုင်ပင်ကြသည်။

နဂါးစော်ဘွားက ၄င်းမှာရှိသော ပတ္တမြား စသော...



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မျက်ရတနာများ အသုံးပြုပြီး သရုပ်ဖော်လုပ်ပေးရန် ပြောသော်လည်း ကုမ္ပဏီကလက်မခံပေ။

ကျောက်မျက်ရတနာများမှာ အများအယွင်းရှိတတ်သောကြောင့် စော်ဘွားအလိုရှိသော သရုပ်ဖော်ပုံစံ၊ ရွှေအလေးချိန် ကျောက်မျက်ရတနာစာရင်းကိုသာပေးရန်သာ တောင်းဆိုလေသည်။

စော်ဘွားကလည်း သဘောတူသဖြင့် ပတ္တမြားသရုပ်ဖော်လုပ်သည့်အခါ ပြီးနိုင်မည့်ရက်ချိန်း၊ ပြီးသောအခါ အကြောင်းကြားမည်ဖြစ်ပြီး စော်ဘွားကိုယ်တိုင် ရန်ကုန်မြို့သို့ဆင်းလာ၍ လက်ခံယူပါရန် ပြောဆိုမှာကြားပြီး ကိုယ်စားလှယ်အဖွဲ့က ပြန်သွားကြလေသည်။

"ဒါဖြင့် စောမြဒေဝီတို့ ရောက်လာတာ ကုမ္ပဏီက အကြောင်းကြားလို့လာကြတာလား"

"မှန်ပါတယ်၊ သူတို့က သရုပ်ဖော်လုပ်ပြီးစီးလို့ လာယူဖို့ အကြောင်းကြားတာနဲ့ လာကြတာပါ"

"ဒီရောက်တော့ ဘယ်လိုတွေ့ကြုံရပါသလဲ"

"မနေ့က ကုမ္ပဏီက လူသုံးယောက်ရောက်လာပြီး လာခေါ်တာနဲ့ ကျွန်မနဲ့အစ်ကိုတော်တို့ သရုပ်ကြည့်ဖို့အတွက် သူတို့ကားနဲ့လိုက်သွားကြပါတယ်"

"နှစ်ယောက်တည်းလိုက်သွားကြတာလား"

"ဟုတ်ပါတယ်၊ တခြားလူတွေ မခေါ်ခဲ့ဖို့ ပြောတာနဲ့ မောင်နှမနှစ်ယောက်တည်းလိုက်သွားကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က မျက်မှောင်ကျုံ့ပြီး လေးလေးနက်နက်စဉ်းစားနေပြီးမှ မေးသည်။

"ပီအောကုမ္ပဏီက မြို့လယ်က ဖရေဇာလမ်းပေါ်မှာရှိတယ်ထင်ပါရဲ့၊ အဲဒီကိုခေါ်သွားတာလား"

"မဟုတ်ဘူးရှင့်၊ ဒီနေရာကနေသွားရင် သိပ်မဝေးတဲ့ တိုက်ကြီးတစ်လုံးထဲကို ခေါ်သွားကြတာ..."

"ဟင်..."

ဒေါက်တာမင်းထင်ကျော်က များစွာအံ့သြသွားသော အမူအယာဖြင့် စောမြဒေဝီကိုကြည့်လိုက်လေသည်။

"စိတ်ဝင်စားစရာပဲ ဆက်ပြောပါဦး"

"အဲဒီတိုက်ကြီးထဲရောက်တော့ ကျွန်မကို အောက်ထပ်မှာထားခဲ့ပြီး အစ်ကိုတော်ကိုတော့ အပေါ်ထပ်ခေါ်သွားတာ အတော်ကလေးအချိန်ကြာတယ်"

"ဘယ်လောက်ကြာမယ်ထင်သလဲ"

"တစ်နာရီနီးပါးလောက်တော့ ကြာလိမ့်မယ်ထင်တာပဲ"

"အဲဒီနေရာကို စောမြဒေဝီမှတ်မိတယ်မဟုတ်လား"

"ဒီကနေကားနဲ့သွားရင်တော့ မှတ်မိမယ်လို့ ထင်ပါတယ်"

စောမြဒေဝီက ဒေါက်တာမင်းထင်ကျော်မေးသမျှကို စိတ်ရှည်လက်ရှည်နှင့်ပင် ဖြေကြားပေးလေသည်။

"ဒါထက်...ပတ္တမြားသရုပ်ဖူက ဘယ်တော့ယူမှာလဲ"

"အဲဒါတော့ကျွန်မလည်း မသိသေးဘူး၊ ကုမ္ပဏီကလူ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ သူတို့အချင်းချင်းတော့ ပြောနေကြတာပဲ"

ထိုအချိန်မှာပင် စုံထောက်ကျော်စွာ ပြန်ရောက်လာလေသည်။

"အခြေအနေထူးသလားကိုကျော်စွာ"

"ဒီမှာအစောင့်ချထားတဲ့ ပုလိပ်တွေကိုမေးကြည့်တော့ သူတို့ဒီမှာ အလှည့်ကျစောင့်နေကြတဲ့အချိန်မှာတော့ လူဝင်လူထွက် မသင်္ကာစရာ မတွေ့ရဘူးလို့ပြောတယ်"

"ဒီလိုဆိုတော့လည်း ဆက်ပြီး စုံစမ်းရမှာပေါ့၊ သွားကြရအောင်"

ဟုပြောဆိုကာ စောမြဒေဝီအား နှုတ်ဆက်ပြီး အပြင်သို့ ပြန်ထွက်လာကြသည်။

အပြင်ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်ကမေးသည်။

"ဒါထက် မနေ့ကလာတဲ့ ကားနံပါတ်ကိုရော မှတ်ထားလိုက်သေးလား"

"မှတ်ထားကြတယ်"

စုံထောက်ကျော်စွာက သူမှတ်ယူလာသော ကားနံပါတ်တစ်ခုကိုပြောပြသည်။

"အခုဘယ်သွားကြမလဲ ကိုကျော်စွာ"

"ပီအောကုမ္ပဏီကိုသွားကြမယ်ဆရာ၊ မနေ့ကလာတဲ့ကားက သူတို့ကုမ္ပဏီကလာတဲ့ကား ဟုတ်မဟုတ်၊ မနေ့ကကိုယ်စားလှယ်တွေလွှတ်တာဟုတ်မဟုတ် မေးမြန်းကြည့်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့၊ ပီအော့ကုမ္ပဏီက ဖရေဇာလမ်းပေါ်မှာ ရှိတာမဟုတ်လား၊ သွားကြရအောင်"

ဟုပြောဆိုကာ နှစ်ယောက်သား ကားဖြင့်ပြန်ထွက်လာကြလေတော့သည်။ သူတို့ကားထွက်သွားချိန်တွင် အပေါ်ထပ်၌ ရှိသောမှန်ပြတင်းပေါက်မှ တစ်စုံတစ်ယောက်က ချောင်းမြောင်း ကြည့်နေသည်ကိုတော့ မမြင်လိုက်ကြတော့ပေ...။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

# အန္တရာယ်ထောင်ချောက်

တစ်နေ့လုံးအပြင်ထွက်နေရသောကြောင့် ပင်ပန်းနေပြီဖြစ်သဖြင့် ရေချိုးအဝတ်အစားလဲနေချိန်မှာပင် ဆားပုလင်းတစ်ယောက်ရောက်လာလေသည်။

"ဘာကိစ္စရှိလို့လဲ မောင်ရွှေ"

"ကျွန်တော် နဂါးစော်ဘွားတည်းနေတဲ့အိမ်မှာ တာဝန်ကျနေတာပါ၊ အဲဒီအိမ်ကအမျိုးသမီးတစ်ယောက်က ဆရာကို စာပေးခိုင်းလိုက်လို့ပါ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီးစာရွက်ခေါက်တစ်ခု ထုတ်ပေးသဖြင့် ဖြန့်ကြည့်လိုက်သည်။

"ဆရာ...

တိုင်ပင်စရာရှိသဖြင့် အချိန်ရရင် ခဏလောက် လာတွေ့စေချင်ပါတယ်....

ဒေဝီ"

ဟုရေးထားလေသည်။

ထို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ ဆားပုလင်းမောင်ရွှေကိုပါခေါ်ပြီး ကားဖြင့်ထွက်လာလေသည်။ အချိန်က ညနေပိုင်းအချိန်ရောက်နေပြီဖြစ်သောကြောင့် သစ်ပင်ဝါးပင်များ ထူထပ်လှသော ချာချီလမ်းတစ်ဝိုက်မှာတော့ အမှောင်ရိပ်များသမ်းစပြုနေပေပြီ။ ဒေါက်တာမင်းထင်ကျော် ဂျာကင်အိတ်ထဲမှာတော့ သေနတ်တစ်လက်ပါလာလေသည်။

ဗဟန်းရွှေတောင်ကြားနှင့် ချာချီလမ်းမှာ မဝေးလှပေ၊ ညနေပိုင်းအချိန်ဖြစ်သဖြင့် လမ်းပေါ်တွင် သွားလာနေသော မြင်းလှည်းအချို့လောက်သာတွေ့ရပြီး ကားအသွားအလာမရှိသလောက်ရှင်းနေသောကြောင့်...ခဏချင်းပင် ရောက်သွားသည်။

နဂါးစော်ဘွားတည်းနေသော အိမ်သို့ရောက်သောအခါ အသင့်စောင့်နေသည့် စောမြဒေဝီကိုတွေ့ရသည်။ သူမက လူရှင်းသောဧည့်ခန်းတစ်နေရာသို့ ခေါ်သွားကာ အကျိုးကြောင်းပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ပြန်သွားပြီးမှ ဒီမှာအခြေအနေထူးနေတာတွေ့လို့ ပြောပြချင်တာနဲ့ ဆရာ့ကိုအခေါ်လွှတ်လိုက်တာပါ၊ အနောက်အယှက်ဖြစ်သွားသလား မသိဘူး"

"မဖြစ်ပါဘူး၊ ဒီမှာစောင့်ပေးနေတဲ့ ပုလိပ်တွေက ကျွန်တော်နေတဲ့ နေရာကိုသိကြပါတယ်၊ အကြောင်းကိစ္စရှိရင် လွှတ်ပြီး အပြောခိုင်းလို့ရပါတယ်၊ အခုအခြေအနေ ဘယ်လိုထူးနေသလဲ"

"မနေ့ကတည်းက အစ်ကိုတော်ကိုကြည့်ရတာ တစ်မျိုးထူးခြားနေတယ်"

"ဘယ်လိုထူးခြားနေသလဲ"

"စကားပြောတာရော အမူအယာရောတစ်မျိုးဖြစ်နေတယ်၊ နောက်ပြီး အခန်းထဲမှာပဲနေတယ်၊ ကျွန်မအပါအဝင် ဘယ်သူနဲ့မှ သိပ်မတွေ့ဘူး"

"နေမကောင်းလို့များလား"

"ကျွန်မလည်း အဲဒီလိုပဲထင်နေတာ၊ နေမကောင်းဖြစ်ရင်လည်း သမားတော်ပါလာတာပဲ"

ဒေါက်တာမင်းထင်ကျော်က အတော်ကြာအောင် စဉ်းစားနေပြီးမှ မေးသည်။

"မနေ့က ဟိုကပြန်လာပြီးကတည်းက ဟန်အမူအယာပြောင်းလဲသွားတာ မဟုတ်လား"

"ဟုတ်ပါတယ်..."

"ဒီလိုဆိုရင်တော့ သတိဝီရိယလေးထားပြီး နေစေချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒါထက် ကျွန်တော်မေးတာကို တစ်မျိုးတော့ မထင်ပါနဲ့"

"မေးသာမေးပါဆရာ"

"တခြားမဟုတ်ပါဘူး၊ ပတ္တမြားသရဖူရွေးဖို့ ငွေကြေးတွေရော တစ်ပါတည်းပါလာတယ်မဟုတ်လား"

"ရွှေရောငွေရော အပြည့်အစုံပါတဲ့အပြင် တန်ဖိုးရှိတဲ့ ကျောက်မျက်ရတနာတွေပါ အိတ်တစ်လုံးနဲ့ ထည့်ယူလာခဲ့ပါတယ်"

"အဲဒါတွေဘယ်မှာထားသလဲ"

"အစ်ကိုတော်က ပစ္စည်းတွေအားလုံး သူ့အခန်းထဲမှာပဲ ထားပါတယ်"

"ဒါထက် သရဖူရွေးရမယ့်ရက်က ဘယ်နေ့လဲ"

"မနက်ဖြန်ဆိုရင် ရက်ချိန်းစေ့ပါပြီ..."

ဟုပြောပြလေသည်။

"သိပ်တော့ မစိုးရိမ်ပါနဲ့ စောမြဒေဝီ၊ ကျွန်တော်တို့လည်း တတ်နိုင်သလောက်တော့ စောင့်ရှောက်ပေးကြမှာပါ၊ နောက်လည်း အခြေအနေထူးရင် ကျွန်တော်ဆီကို အချိန်မရွေး လူလွှတ်ပြီး အကြောင်းကြားနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်..."

ထိုသို့ပြောဆိုပြီး ဒေါက်တာမင်းထင်ကျော်လည်း ပြန်သွားလေတော့သည်။

စောမြဒေဝီသာ ဇဝေဇဝါအတွေးများဖြင့် ကျန်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ညအချိန်ရောက်တော့ အိမ်ကြီးပေါ်မှ ဆူးဆူးဝါးဝါးအော်သံကြားရသဖြင့် ပုလိပ်နှစ်ယောက်နှင့်အတူ ရှိသည့်လူများ အပေါ်ထပ်တက်ကြည့်ကြလေသည်။

စောမြဒေဝီတို့အပေါ်ထပ်ရောက်သွားတော့ ကြောက်စရာကောင်းသောမြင်ကွင်းကို တွေ့ကြရလေသည်။

အခြားမဟုတ်ပေ။ နဂါးစော်ဘွားက သွေးသံရဲရဲဖြစ်နေသောလူတစ်ယောက်ကို ပွေ့ပြီး ပြုစုနေသည်ကိုတွေ့ကြရလေသည်။

"အစ်ကိုတော်..အစ်ကိုတော် ဘယ်လိုဖြစ်တာလဲ"

"သူ့ကို ဘီလူးတစ်ကောင်ကိုက်သတ်သွားတာ ငါမြင်လိုက်ရတယ် ကြည့်ကြဦး"

ဟုပြောကာ ပွေ့ထားသောလူကို အောက်သို့ချလိုက်သည်။ ထိုလူမှာ နဂါးစော်ဘွား၏ အစေအပါးတစ်ဦးဖြစ်ပြီး လည်ပင်းတစ်ခုလုံး ပေါက်ပြဲထွက်နေကာ ထိုနေရာမှ သွေးများ ဒရဟောထွက်နေသည်။ ထိုသွေးများက နဂါးစော်ဘွားတစ်ကိုယ်လုံးကိုပင် စွန်းပေနေတော့သည်။ ဒဏ်ရာရသူမှာ အသက်မရှိတော့ပေ။

ထိုမြင်ကွင်းကြောင့် အားလုံးထိတ်လန့်ကြောက်ရွံ့နေကြလေသည်။ အတော်ကြာတော့ ဗဟန်းဂိတ်မှ စုံထောက်ကျော်စွာနှင့် ပုလိပ်အချို့ရောက်လာကြသည်။

မရှေးမနှောင်းမှာပင် ဒေါက်တာမင်းထင်ကျော်ပါ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့်ရောက်လာလေတော့သည်။

"ဒါ ဘီလူးမျက်နှာနဲ့လူရဲ့ လက်ချက်ပဲ၊ လူသတ်သမား က ဒီနေရာတစ်ပိုက်ကို ရောက်နေပြီထင်တယ်"

ဟု မှတ်ချက်ချကာ အလောင်းကို စစ်ဆေးကြည့်ရှုကြသည်။ သေပုံကတော့ လူမိုက်သန်းရွှေ၊ ဂျပန်းစစ်ဗိုလ် တာမူရာတို့ သေရသကဲ့သို့ပင် လည်ပင်းကိုအစွယ်ဖြင့် ကိုက်ဖြတ်သွားခြင်းပင်ဖြစ်သည်။

စုံထောက်ကျော်စွာနှင့် ပုလိပ်များက သေနတ်များကို အဆင်သင့်ကိုင်ဆောင်ကာ ပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြလေသည်။

နဂါးစော်ဘွားတည်းခိုနေသော အိမ်ကြီးမှာ ရှေးခေတ်အင်္ဂလိပ်လက်ထက်က ဆောက်ခဲ့သော အိမ်ပုံစံမျိုးဖြစ်သည်။ ဒုထည်ကြီးမားသော ကျောက်တိုင်ကြီးများဖြင့် နှစ်ထပ်ဆောက်ထားသည်။ လေသာဆောင်ကို သီးခြားထုတ်ထားပြီး အောက်ကိုမော်တော်ကားဝင်သောဆင်ဝင်အဖြစ် အသုံးပြုကာ အပေါ်ထပ်ကို လေသာဆောင်အဖြစ် အသုံးပြုသဖြင့် အမိုးချွန်နှင့် ဝရံတာများ တပ်ဆင်ထားသည်။

ခြံဝန်းထဲမှာတော့ အရှေ့ဘက်တွင် ဂငယ်ပုံသဏ္ဍာန်ကားအဝင်အထွက်ပြုသော ပတ်လမ်းရှိပြီး ပန်းခြံနှင့် အုန်းပင်၊ ကွမ်းသီးပင်အချို့ရှိသည်။

အနောက်ဘက်မှာတော့ သရက်ပင်၊ မရမ်းပင်စသော အပင်ကြီးများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ လူနေထိုင်မှုကျဲသဖြင့် သစ်ပင်ကြီးများ၊ ဝါးတောကြီးများ ရှိနေသော်လည်း ခြံဝန်းထဲမှာတော့မရှုတ်လှပေ။

စုံထောက်ကျော်စွာနှင့် ပုလိပ်များက အိမ်တွင်းအိမ်အပြင်ပါမကျန် ခြံဝန်းထဲအထိ နေရာအနှံ့လိုက်လံရှာဖွေကြသော်လည်း မသင်္ကာစရာတော့ မတွေ့ကြရပေ။

သို့ကြောင့် အလောင်းကို ဆေးရုံကြီးသို့ သယ်ယူသွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စောမြဒေဝီကိုပါခေါ်ပြီး နဂါးစော်ဘွားနေထိုင်သော အခန်းသို့သွားရောက် တွေ့ဆုံလေသည်။

ထိုအချိန်၌ နဂါးစော်ဘွားမှာ သူနေသောအခန်းတွင်းမှာပင်ရှိနေလေသည်။ သွေးစွန်းနေသောအဝတ်များကို လဲလှယ်ထားပြီး တစ်ကိုယ်လုံးလည်း ရေဖြင့်ဆေးကြောသန့်စင်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ဝင်သွားတော့ သူကခေါင်းရင်းဘက်၌ချထားသော ကုလားထိုင်တစ်လုံး၌ ထိုင်နေပြီး ဒေါက်တာမင်းထင်ကျော်တို့ကတော့ ခြေရင်းဘက်၌ချထားသော ကုလားထိုင်နှစ်လုံး၌ ထိုင်စေသည်။

၎င်းသည် ဥပဓိရုပ်ခန့်ညားသူတစ်ဦးဖြစ်သည်။ ညအချိန်ပင်ဖြစ်သော်လည်း ဦးခေါင်းပေါ်မှာ မဟာရာဂျာစော်ဘွားများဆောင်းလေ့ရှိသော ဘောင်းထုပ်မျိုး ဆောင်းထားပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး အမွေးပွအင်္ကျီရှည်ကြီးဝတ်ဆင်ထားသည်။ မျက်နှာပေါ်တွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး အရှည်များက ဖုံးနေသဖြင့် ပုံပန်းသဏ္ဍာန်ကို သဲသဲကွဲကွဲ မမြင်ရပေ။

"အခုဖြစ်တာ စိတ်မကောင်းပါဘူး၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ကျုပ်နာမည်က နဂါးစော်ဘွားသြရိဘောလို့ ခေါ်ပါတယ်၊ ကျုပ်က နဂါးလူမျိုးတွေ့ရဲ့ အကြီးအကဲပါပဲ"

"တွေ့ရတာဝမ်းသာပါတယ်၊ ဒါပေမယ့် ဒီရောက်နေတဲ့ အခိုက်အတန့်မှာ စိတ်အနှောက်အယှက်တွေနဲ့ တွေ့နေရတာကို တော့ တကယ်ပဲစိတ်မကောင်းပါဘူး"

"ဒါထက် မေးပါရစေဦး၊ ခင်ဗျားက ပုလိပ်အဖွဲ့ထဲကပဲလား"

"မဟုတ်ပါဘူး၊ အပြင်က အကူအညီပေးနေတာပါ"

"ဒီလိုဆိုရင်တော့ ပြောစရာရှိတာ ပြောရဦးမယ်၊ ဒီမှာတာဝန်ယူနေတဲ့ ပုလိပ်တွေကတော့ အတော်ကလေး ညံ့ဖျင်းကြတယ်၊ သူတို့ရှိနေရက်နဲ့ ပထမညမှာ တံခါးပေါက်ဝမှာ စာအကပ်ခံရတယ်၊ ဒုတိယညကျတော့ လူတစ်ယောက် အသတ်ခံရတယ်..."

"..........."

ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှပြန်မပြောပဲနှင့် နားထောင်နေလေသည်။

"ဒီအတိုင်းဆိုရင် ဆက်နေလို့မှ ဖြစ်ပါတော့မလားမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကိစ္စပြီးတာနဲ့ ချက်ချင်းပြန်ရမလိုဖြစ်နေပြီ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ကျွန်တော်တို့လည်း တတ်နိုင်သလောက် ဂရုစိုက်ပါ့မယ်။ ဒါထက် အခင်းဖြစ်တဲ့နေရာကို စော်ဘွားလေးဘယ်လို ရောက်သွားတာလဲ"

"အခန်းအပြင်ဘက်က အောက်သံကြားတာနဲ့ ထွက်ကြည့်ရင်းမြင်ရတာ..."

"ဒါဖြင့် သတ်သွားတဲ့လူကိုမြင်လိုက်ရတာပေါ့၊ ဘယ်လိုပုံသဏ္ဌာန်မျိုးလည်း တစ်ဆိတ်လောက်ပြောပြပေးပါ"

"မှောင်နေတော့ သိပ်တော့ မသဲကွဲလိုက်ဘူးဗျ၊ ဘီလူးမျက်နှာမျိုးနဲ့တော့ အတော်တူတယ်၊ အဲဒီလူရဲ့လည်ပင်းကို ပါးစပ်နဲ့ကိုက်သွားတာတော့ မြင်လိုက်ရတယ်"

"နောက်တော့ ဘယ်ရောက်သွားသလဲ"

"ကျုပ်လည်း ကိုယ့်ကိုပါအန္တရာယ်ပေးမှာစိုးတာနဲ့ အခန်းတံခါးပိတ်နေလိုက်တယ်၊ အသံမကြားရတော့မှ အပြင်ထွက်ကြည့်ပုံတယ်၊ အဲဒီတော့ကျုပ်လူက သွေးအိုင်ထဲမှာ လဲနေတာတွေ့ရပြီး ဘီလူးနဲ့တူတဲ့လူတော့ မတွေ့ရတော့ဘူး"

ဟုပြောပြသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ နဂါးစော်ဘွား ပြောပြနေသော စကားများကို နားထောင်ရင်း ဖြစ်နိုင်စရာရှိသော အချက်များကို အပြေးအလွှားစဉ်းစားကြည့်နေသည်။

"တစ်လက်စထဲ စော်ဘွားလေးကို မေးစရာရှိပါတယ်"

"မေးပါ..."



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ကလာခေါ်တဲ့ ပီအောကုမ္ပဏီကလူတွေကို သိပါသလား"

"အရင်ကတော့မသိဘူး၊ သူတို့လာခေါ်တော့မှ တွေ့ဖူးတာပါ"

"အဲဒီနေ့က ခေါ်သွားတော့ ပတ္တမြားသရဖူကိုရော တွေ့ခဲ့ရပါသလား"

"တွေ့ခဲ့ရတယ်"

"အပ်ထားတဲ့ လက်ရာအတိုင်းပဲလား"

ခေါင်းညိတ်ပြသည်။

"ဒါကြောင့် မနက်ဖြန်ငွေချေပြီး ပစ္စည်းယူဖို့ပြောထားခဲ့ပြီးပြီ"

"ကျွန်တော်တို့က စောင့်ပေးဖို့လိုပါသလား"

"မလိုတော့ပါဘူး...၊ ကျုပ်တို့အစီအစဉ်နဲ့ကျုပ်တို့ အရောင်းအဝယ်လုပ်ဖို့ ပြောထားပြီးပါပြီ"

ဟု စကားကိုဖြတ်လိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်လည်း နေရာမှထကာ နှုတ်ဆက်ပြီး အခန်းအပြင်ဘက်သို့ ပြန်ထွက်လာလေသည်။

ထိုအခါ စောမြဒေဝီကပါ ထွက်လိုက်လာသည်။

အောက်ထပ်ရောက်တော့မှ သူမကပြောသည်။

"ကျွန်မတောင်းပန်ပါတယ်၊ အစ်ကိုတော်ပြောတာကိုတာ တစ်မျိုးဖြစ်နေတယ်၊ အရင်တုန်းက ဒီလိုမဟုတ်ဘူး၊ အခုမှ ဘယ်လိုဖြစ်သွားတာလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမျှော်လင့်ပဲ ထိတ်လန့်စရာတွေ စိတ်ညစ်စရာတွေ ကြုံတွေ့ရလို့ ဒေါသဖြစ်နေတာဖြစ်ပါလိမ့်မယ်၊ သူ့ကိုနားလည်ခွင့်လွှတ်ပေးလိုက်ပါ"

ဟုဖြောင်းဖျပြောဆိုရလေသည်။

နှစ်ယောက်သား လျှောက်လာရာ အပြင်ဘက်ထွက်ခါနီးတော့ ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"စောမြဒေဝီကို ပြောစရာတစ်ခုရှိတယ်၊ ဟာခြားမဟုတ်ပါဘူး၊ သရဖူမရခင်ရော ရပြီးတဲ့အချိန်မှာပါ ဂရုစိုက်ပြီးနေပါ၊ ကျွန်တော့်အထင် ပြောရရင်မကြာခင် အန္တရာယ်တစ်ခုခု တွေ့ရလိမ့်ဦးမယ်ထင်တာပဲ"

"ကျွန်မတော့ ဒီကိုလိုက်လာတာမှားပြီ ထင်တာပဲ၊ အခုတော့ အတော်ကလေးကြောက်လန့်နေရပြီ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ဒါထက်ဟိုတစ်နေ့က သရဖူကြည့်ဖို့ခေါ်သွားတဲ့ တိုက်အိမ်ကြီးက အတော်ဝေးသလား"

"ဒီကနေသွားရင် မဝေးလှပါဘူး…၊ ကျွန်မမှတ်မိသလောက် ပြောပြပါ့မယ်"

ဟုပြောလေရာ ဒေါက်တာမင်းထင်ကျော်က အသေအချာမှတ်သားထားလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က စုံထောက်ကျော်စွာကိုပါ တစ်ပါတည်းခေါ်ကာ ထိုလမ်းအတိုင်းသွားကြလေသည်။ အချိန်ကသန်းခေါင်းယံကျော်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လူသွားလူလာကင်းရှင်းကာ တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေလေသည်။

စောမြဒေဝီ ညွှန်ပြပေးလိုက်သောနေရာမှာ ချာချီလမ်းဘက်မှ ဂျမားကုန်းဘက်သို့လာသော လမ်းဖြစ်သည်။

"အခြေအနေဘယ်လိုထူးသလဲဆရာ"

"ဟိုတစ်နေ့က နဂါးစော်ဘွား မောင်နမကိုခေါ်သွားတဲ့ တိုက်ကြီးကို သွားကြရမယ်"

"ဆရာဘယ်လိုထင်လို့လဲ"

"ဟိုရောက်တော့သိရမယ်ထင်တယ်..."

စောမြဒေဝီပြောလိုက်သည့်အတိုင်းသွားကြရာ နောက်ဆုံးခြံကျယ်ကြီးအတွင်းမှာ တိုက်ကြီးတစ်လုံးသို့ရောက်သွားကြသည်။

"သူတို့ကိုခေါ်လာတာ ဒီတိုက်ပဲဖြစ်မယ်၊ လူမနေတဲ့တိုက်ပဲဖြစ်ရမယ်။ မီးရောင်မတွေ့ရဘူး"

အခြေအနေကြည့်သော်လည်း ထူးခြားမှု တစ်စုံတရာမတွေ့ကြရသဖြင့် ခြံတံခါးကို ကိုယ်တိုင်ဖွင့်ပြီး ခြံဝင်းအတွင်းသို့မောင်းဝင်သွားကြလေသည်။

ဆင်ဝင်အောက်ရောက်၍ အခြေအနေကြည့်တော့လည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

"အထဲမှာလူမရှိတာ သေချာတယ်...၊ ဝင်ကြည့်ကြရအောင်"

ဟုပြောဆိုကာ သေနတ်နှင့် လက်နှိပ်မီးတစ်လက်စီကိုင်ပြီး တံခါးရှိရာသို့ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေခါးပေါ်သို့ မီးရောင်ဖြင့် ထိုးကြည့်သောအခါ ယခင်ခြေရာဟောင်းများအပြင် ခြေရာသစ်အတော်များများကိုပါတွေ့ရလေသည်။ လူမနေသော အိမ်ဖြစ်သဖြင့် ကြမ်းပြင်ပေါ်၌ ဖုံများတက်နေလေရာ လောလောဆယ်တက်သွားသော ခြေရာများကို အတိုင်းသားတွေ့နေရခြင်းဖြစ်၏။

ထို့ကြောင့် ကျော်စွာကိုပါမြင်သာအောင် ပြလိုက်ပြီးနောက် အပေါ်သို့လှမ်းကြည့်လိုက်သည်။

လှေခါးအချိုးအကွေ့နေရာလောက်အထိတော့ ဘာမှမတွေ့ရပေ။ ထို့ကြောင့် နှစ်ယောက်သား အပေါ်သို့ဆက်တက်သွားကြသည်။ တိတ်ဆိတ်နေသည့် အချိန်ဖြစ်သောကြောင့် ခြေသံက ဟိန်းထွက်နေလေသည်။

လှေခါးအချိုးအကွေ့ရောက်တော့ အပေါ်သို့မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့လည်း ဘာမှမတွေ့ရသဖြင့် အပေါ်သို့ဆက်တက်လာရာ အပေါ်ထပ်ရောက်တော့မှ အန္တရာယ်နှင့် တွေ့ရလေတော့သည်။

တစ်ကိုယ်လုံး ရုပ်ဖျက်ထားသောလူများက တုတ်ဓားများကိုင်ပြီး အသင့်စောင့်နေကြရာ အပေါ်ရောက်သည်နှင့် ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ကလည်း အခြေအနေကို အကဲခတ်မိသောကြောင့် သတိဖြင့် တက်သွားကြရာ ရန်သူနှင့်တွေ့သောအခါ တုံ့ဆိုင်းမနေပဲနှင့် ချက်ချင်းပြန်လည်တိုက်ခိုက်နိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် သံဘာဂျာတံခါတပ်ထားသော ခတ်ထားသော သော့ခလောက်ကပြုတ်ထွက်နေသည်။ သို့ကြောင့် အလွယ်တကူပင်ဖွင့်နိုင်ကြသည်။ အတွင်းမှာပိတ်ထားသော ကျွန်းတံခါးချပ်ကလည်း စေ့ရုံသာပင်စေ့ထားသောကြောင့် တွန်းဖွင့်ပြီး အထဲသို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။ ဘာမှမတွေ့ရပေ။

နှစ်ယောက်သားအတွင်းရောက်တော့ လျှပ်စစ်မီးတပ်ဆင်ထားသော မိန်းခလုပ်ကိုကြည့်တော့ ဖြုတ်ထားသည်ကိုတွေ့ကြရသည်။

လူမနေတာကြာပြီဖြစ်သောကြောင့် လျှပ်စစ်ကြိုးများဖြုတ်ထားဟန်ရှိသည်။ သို့ကြောင့် လက်နှိပ်မီးများကိုသာ အားကိုးရပေတော့မည်။

အိမ်ထဲရောက်သည်နှင့် ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်ပေါ်သို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ ဖုံတက်နေသောကြမ်းပြင်ပေါ်၌ ခြေရာအချို့ကိုတွေ့ရသည်။

"အဲဒီနေ့က စောမြဒေဝီကို အောက်ထပ်မှာထားခဲ့ပြီး နဂါးစော်ဘွားကို အပေါ်ထပ်ခေါ်သွားပြီး သရုဖ္ဖူပြတယ်ဆိုတော့ အပေါ်ထပ်တက်ကြည့်ရအောင်..."

ဟုပြောပြီး နှစ်ယောက်သား လှေခါးအတိုင်း အပေါ်ထပ်သို့ တက်သွားကြလေသည်။

လှေခါးမှာ ကြောင်လိမ်လှေခါးဖြစ်ပြီး မီးရောင်မရှိသောကြောင့် မှောင်းမည်းနေသည်။

ဒေါက်တာမင်းထင်ကျော်က အပေါ်သို့မတက်ခင်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာစောင့်နေသည့်ရန်သူက (၅)ယောက်ဖြစ်သည်။ ဓား၊ လှံ၊ တုတ်လက်နက်များ အသုံးပြုကာ ဝင်ရောက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

သို့သော် လူအင်အားချင်းကွာသော်လည်း တိုက်ခိုက်မှုအရည်အချင်းကတော့ အတော်ပင်ကွာခြားကြလေသည်…။ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက်စလုံး အခြေခံသိုင်းပညာနှင့် ကိုယ်လုံပညာတို့ကို ကျွမ်းကျင်ကြသူများဖြစ်သောကြောင့် ရန်သူများအတွက် သေနတ်ပင်မသုံးလိုက်ရပဲ သူ့လက်နက်နှင့်သူ တိုက်ခိုက်ကြရာ တစ်ယောက်ပြီးတစ်ယောက် ကြမ်းပြင်ပေါ်သို့ လဲကျသွားကြလေတော့သည်။

နောက်ဆုံး ကျန်သောတစ်ယောက်ကတော့ အခြေအနေမကောင်းမှန်းသိသဖြင့် အနောက်ဘက်သို့ ဝင်ပြေးသွားလေတော့သည်။ စုံထောက်ကျော်စွာက နောက်မှပြေးလိုက်သွားရန်ပြင်သောအခါ ဒေါက်တာမင်းထင်ကျော်က လှမ်းတားလိုက်သည်။

"မလိုက်ပါနဲ့တော့ ကိုကျော်စွာ အချိန်ကုန်ပါတယ်၊ ဒီမှာကျန်ခဲ့တဲ့လူတွေကို စစ်လိုက်ရင် သိချင်တာသိရတော့မှာပဲ"

ဟုပြောကာ သတိရနေသေးသော လူတစ်ယောက်ကိုလက်ထိပ်ခတ်လိုက်ပြီး မျက်နှာကို လက်နှိပ်မီးဖြင့် ထိုးကာမေးလိုက်သည်။

"မင်းတို့ကို ဘယ်သူခိုင်းလို့လုပ်တာလဲ"

"ဘီလူးမျက်နှာနဲ့လူခိုင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူဘယ်မှာလဲ..."

မပြောတော့ပေ...။

"ပြောလေကွာ..."

"ပြောရင် ကျုပ်မိသားစုတွေ အသတ်ခံရလိမ့်မယ်"

"ထားပါတော့ ဟိုတစ်နေ့က နဂါးစော်ဘွားကို ဒီခေါ်လာပြီး ဘယ်လိုလုပ်ကိုင်ကြသလဲ"

မေးသော်လည်း တော်တော်နှင့် ပြန်မပြောသဖြင့် ခြေမြန်လက်မြန်ရှိလှသော စုံထောက်ကျော်စွာက မျက်နှာကို ဖြတ်ရိုက်လိုက်သည်။

"ဖြန်း...."

ဒီတော့မှ သဘောထားပြောင်းသွားပြီး အဖြစ်မှန်ကို ပြောပြလေသည်။

ငှင်းထံမှ အကျိုးအကြောင်းသိရသောအခါမှာတော့ ငှင်းကိုထားခဲ့ပြီး နောက်ဘက်၌ရှိသော အခန်းတစ်ခန်းရှိရာသို့ သွားကြလေသည်။ ထိုနေရာရောက်တော့ တံခါးပိတ်ထားသည်ကို တွေ့ရသဖြင့် ပြိုင်တူခေါင့်တွန်းပြီး ဖွင့်လိုက်ကြသည်။

တံခါးပွင့်သွားတော့ ကြမ်းပြင်ပေါ်မှာ ခြေရောလက်ရော ကြိုးတုပ်ထားပြီး ပါးစပ်ပါအဝတ်စည်းထားသော လူတစ်ယောက်ကို တွေ့ကြရလေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

# ဘီလူးမျက်နှာနှင့်လူနဲ့ တွေ့ရခြင်း

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့က ဇဟန်းဂါတ်တဲသို့ ပြန်သွားပြီး ပုလိပ်များကို ထပ်မံခေါ်ယူကာ ချာချီလမ်းအိမ်သို့သွားကြလေသည်။

ညဦးပိုင်းကတည်းက လူတစ်ယောက်အသတ်ခံရသောအိမ်ဖြစ်သောကြောင့် တစ်အိမ်လုံး ဘယ်သူမှ မအိပ်ကြပဲ မီးရောင်များလင်းနေလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြန်ရောက်လာတာမြင်တော့ ကြောက်ရွံ့ထိတ်လန့်နေသော စောမြဒေဝီက ဝမ်းသာသွားဟန်ရှိသည်။

ထိုအိမ်သို့ရောက်တော့ ခြံဝန်းအတွင်းမှာရော အိမ်ကြီးပတ်ဝန်းကျင်မှာပါ ပုလိပ်များကို နေရာချပေးပြီး ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်က အိမ်အတွင်းသို့ ဝင်သွားကြသည်။

"ဆရာတို့ ပြန်လာကြတာလား"

အိမ်ပေါက်ဝရောက်တော့ စောမြဒေဝီက ဆီးကြိုပြီးမေးသည်။

"ဟုတ်တယ်…အပေါ်ထပ်သွားကြရအောင်"

ဟုပြောဆိုကာ သေနတ်များကို အဆင်သင့်ဆောင်ထားပြီး အပေါ်ထပ်သို့ တက်သွားကြလေသည်။ အပေါ်ထပ်မှာတော့ ဘယ်သူမှမရှိသဖြင့် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နဂါးစောဘွားနေသော အခန်းဝရောက်တော့ တံခါးခေါက်ကြည့်လိုက်သည်။ အတွင်းမှ အသံမကြားရပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က လက်တစ်ဖက်မှ သေနတ်ကိုကိုင်ထားပြီး တံခါးချပ်ကိုတွန်းဖွင့်လိုက်ရာ ဂျက်ထိုးမထားသောကြောင့် အလွယ်တကူပင် ပွင့်သွားလေသည်။

အတွင်းမှာ ဘယ်သူမှမရှိတော့ပေ။

"အစ်ကိုတော်ဘယ်ရောက်သွားပြီလဲ"

ထိုအချိန်မှာပင် ဆားပုလင်းမောင်ရွှေက လူတစ်ယောက်ကိုခေါ်ကာ အပေါ်ထပ်သို့ တက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ အဝတ်ဟောင်းများဝတ်ထားပြီး မျက်နှာနှင့် ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များရထားသောကြောင့် ယိမ်းယိုင်နေလေသည်။ ထိုလူကိုမြင်သောအခါ စောမြဒေဝီမှာ မျက်လုံးပြူးသွားလေသည်။

"ဟင်…အစ်ကိုတော် ဘယ်လိုဖြစ်လာတာလဲ"

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ရှင်းပြလိုက်သည်။

"ဒါကနဂါးစော်ဘွားအစစ်ပါပဲ၊ ဟိုရက်ကတည်းက ဒီမှာရောက်နေတဲ့သူက နဂါးစော်ဘွားအတုပါ"

"ဟင် ဘယ်လိုဖြစ်တာလဲ"

"နောက်တော့ ရှင်းပြပါ့မယ်… ဒီအခန်းထဲမှာထားတဲ့ ရွှေ၊ ငွေ ကျောက်မျက်ရတနာတွေကို တစ်ချက်လောက် စစ်ဆေးကြည့်ပါဦး"

ဟုပြောသဖြင့် နဂါးစော်ဘွားကိုယ်တိုင် ကုတင်အောက်မှာထားသော ကြေးသေတ္တာကိုဖွင့်ကြည့်သောအခါ၊ အတွင်း၌ထားသော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ တစ်ခုမှ မတွေ့ရတော့ပေ။

"ဟင်…ဘာမှမရှိတော့ဘူး၊ ဒုက္ခပါပဲ"

နဂါးစော်ဘွားက တုန်လှုပ်စွာဖြင့် ရေရွတ်ပြောဆိုလိုက်လေသည်။

"စိတ်မပူပါနဲ့၊ ပြန်ရအောင် ကျွန်တော်တို့ ကြိုးစားပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ..ဒါတွေက ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်တော်ရှင်းပြပါ့မယ် လောလောဆယ်တော့ ဒဏ်ရာတွေကို ဆေးထည့်ပြီး အဝတ်အစားလဲလိုက်ပါဦး"

ဟုပြောကာ ဒေါက်တာမင်းထင်ကျော်တို့က အောက်ထပ်သို့ပြန်ဆင်းကာ ဧည့်ခန်းမှပင် စောင့်ကြလေသည်။

အတန်ကြာသောအခါ နဂါးစော်ဘွားက အဝတ်အစားလဲပြီး စောပြဒေဝီနှင့်အတူ အောက်ထပ်သို့ဆင်းလာကာ ဒေါက်တာမင်းထင်ကျော်တို့နှင့်အတူ လာထိုင်လေသည်။

ဒီတော့မှ...ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်းပြောပြရပေသည်။

"တကယ်တော့ ဟိုတစ်နေ့က ကားနဲ့လာခေါ်တာ ပီအောကုမ္ပဏီကလူတွေ မဟုတ်ပါဘူး၊ ကားကလည်း ခိုးစီးလာတဲ့ကားပါပဲ။ ကျွန်တော်တို့ ပီအောကုမ္ပဏီကိုသွားပြီး စုံစမ်းကြည့်တော့မှ အကြောင်းစုံသိရတာပါ၊ ကုမ္ပဏီမှာ စော်ဘွားအတွက်ပြုလုပ်ထားတဲ့ ပတ္တမြားသရဖူကိုလည်း တွေ့ခဲ့ရပါတယ်"

"အခုတော့ သရဖူရွေးဖို့ ယူလာတဲ့ ငွေတွေလည်း မရှိတော့ အခက်ပါပဲ"

"ဒီအတွက်လည်း စိတ်မပူပါနဲ့ ကျွန်တော်တို့ ကူညီပေးပါ့မယ်"

"အဲဒီလူတွေက ဘယ်သူတွေလဲ၊ ဟိုနေ့က အိမ်ပေါ်လည်းရောက်ရော ပါးစပ်ပိတ်ပြီး အဝတ်အစားတွေချွတ်ယူ



www.burmeseclassic.com

www.burmeseclassic.com


တော့တာပါပဲ၊ နောက်တော့ ကြိုးနဲ့တုပ်ပြီး အခန်းထဲမှာ ပိတ်လှောင်ထားတော့တာပါပဲ"

"ဘီလူးမျက်နှာနဲ့ လူဆိုးတစ်ယောက်အခုတလော အတော်ကလေး သောင်းကျန်းနေတယ်၊ ဒီစနက်တွေကလည်း သူ့လက်ချက်တွေပါပဲ"

"အတော်ယုတ်မာရက်စက်တဲ့လူပါပဲ၊ ဒါဖြင့် ဒီအိမ်ပေါ်မှာ စာကပ်တာရော လူတစ်ယောက်သတ်တာရောသူ့လက်ချက်တွေပဲမဟုတ်လား"

စောမြဒေဝီကဝင်မေးလိုက်သည်။

"ဟုတ်ပါတယ်..."

"ဘာကြောင့်လုပ်တာလဲ၊ လူသိသွားမှာ မစိုးရိမ်ဘူးလား"

"မျက်စိအောက်မှာ ပုန်းနေရင် အရှာရခက်သလိုပေါ့၊ သူကိုယ်တိုင် ဒီမှာရောက်နေပေမယ့် တကယ်လိုက်တော့ လိုက်ရှာတဲ့သူတွေက တခြားလိုက်ရှာကြတာပေါ့၊ လူတစ်ယောက်ကို သတ်တာကတော့ သူ့အကြောင်းကို တစွန်းတစသိသွားလို့ လက်စဖျောက်လိုက်တာ ဖြစ်နိုင်ပါတယ်"

"ကျွန်မလည်း သူ့ကိုမြင်ကတည်း အသံရော ပြောပုံဆိုပုံရော ဟန်အမူအယာမတူတာပါ သတိထားမိပါတယ်၊ ဒါကြောင့် ထင်ပါရဲ့ သူကလည်း ကျွန်မနဲ့မျက်နှာချင်းသိပ်မဆိုင်တော့ပဲ အခန်းထဲမှာပဲနေတယ်၊ ဘာပဲဖြစ်ဖြစ် ဆရာသတိပေးထားလို့ ကျွန်မလည်း သတိဝီရိယနဲ့တော့ နေခဲ့ပါတယ်၊ ဒီအတွက် ဆရာကို ကျေးဇူးတင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီလိုအဖြစ်အပျက်တွေနဲ့ တွေ့ကြုံရတာကို စိတ်မကောင်းပါဘူး၊ ကျွန်တော်က ပုလိပ်အဖွဲ့မှာ တာဝန်ရှိသူတစ်ယောက်မဟုတ်ပေမယ့် စော်ဘွားလေးတို့ ဆုံးရှုံးသွားတဲ့ ရွှေငွေကျောက်မျက်ရတနာတွေကိုတော့ ပြန်ရအောင် ကြိုးစားပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ၊ အခုလည်း ခင်ဗျားတို့ကူညီဆောင်ရွက်ပေးခဲ့လို့ အသက်ဘေးအန္တရာယ်က လွတ်မြောက်ခဲ့ရတာ၊ ဆုံးရှုံးသွားတဲ့ ပစ္စည်းဥစ္စာတွေ ရတာမရတာထက် အသက်ဘေးအန္တရာယ်ကလွတ်ကင်းအောင် ဆောင်ရွက်ပေးကြတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ကျွန်တော်တို့ မောင်နှမပြန်သွားရင် ခင်ဗျားတို့ကိုပါ တစ်ပါတည်းခေါ်သွားပြီး ဟော်နန်းမှာ ကျကျနနကျေးဇူးဆပ်ချင်ပါတယ်"

ဟုပြောလေသည်။

ထိုနောက်မှာတော့ စော်ဘွားမောင်နှမကို နှုတ်ဆက်ပြီးနောက် အပြင်သို့ပြန်ထွက်လာကြလေသည်။

"ဘယ်လိုဆက်လုပ်မလဲဆရာ"

"ဟို အိမ်ကြီးမှာဖမ်းမိထားတဲ့ လူဆိုးတွေကို စစ်ဆေးကြည့်တော့ ဘီလူးမျက်နှာနဲ့လူရှိနိုင်မယ့်နေရာကို ခြေရာခံလို့ ရထားပြီပဲ သွားကြစို့"

ဟုပြောဆိုကာ ဆားပုလင်းမောင်ရွှေနှင့် ပုလိပ်အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကားပေါ်တင်သွားပြီးနောက် ကရစ်လမ်းဘက်သို့ မောင်းကြလေသည်။

အချိန်က အာရုဏ်တက်ချိန်သို့ရောက်လာပြီဖြစ်သောကြောင့် အရှေ့ဘက်ကောင်းကင်ပြင်ပေါ်တွင် အလင်းရောင်အချို့ ပင်ပေါ်ထွန်းစပြုနေချေပြီ…။

မိုးမလင်းသေးသောကြောင့် လမ်းများပေါ်တွင် အသွားအလာမရှိသလောက် ရှင်းလင်းနေသည်။

သူတို့ဦးတည်သွားသော နေရာမှာ ကရစ်လမ်းအောက်ပိုင်း၌ရှိနေသော ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့ ညီအစ်မနေသော တိုက်နီကြီးရှိရာသို့ ဖြစ်ပေသည်။

ထိုနေရာရောက်သွားတော့ မိုးလင်းစအချိန်ရောက်နေပြီဖြစ်သောကြောင့် အလင်းရောင်အချို့ရနေချေပြီ။

ကားကိုခြံပေါက်ဝမှာရပ်ပြီး တိုက်တံခါးရှိရာသို့ သွားတော့သာအချိန်ထိ လူရိပ်လူခြေမတွေ့ကြရသေးပေ။

တံခါးပေါက်ဝရောက်တော့ တံခါးခေါက်ကြည့်လိုက်သည်။

"ခေါက်…ခေါက်…ခေါက်"

အတန်ကြာတော့ တံခါးလာဖွင့်ပေးသည်။

တံခါးဖွင့်ပေးသူမှာ ခင်စိန်ရီပင်ဖြစ်သည်

"ခင်စိန်ကြည်ဘယ်မှာလဲ"

"သူ့အခန်းထဲမှာပါ"

ခင်စိန်ရီမျက်နှာမှာ ငိုကြွေးထားသောကြောင့် မို့အစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသံကလည်း ကတုံကရင်ဖြစ်နေသည်။

"ဒါထက် သီဟာနဲ့ သီရိတို့ မောင်နှမနှစ်ယောက်ရော ဘယ်မှာလဲ"

"သူတို့မရှိကြတော့ဘူး"

ဒါပဲပြောပြီး ရှက်ကြီးတင်ငိုနေသဖြင့် ဘာမှဆက်မမေးတော့ပဲ အပေါ်ထပ်သို့ တက်လာကြသည်။ အောက်ထပ်မှာတော့ ပုလိပ်အချို့ကို အစောင့်ထားခဲ့သည်။

အပေါ်ထပ်တစ်ခုလုံးမှာလည်း လူရိပ်လူခြေမတွေ့ရပဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ သူတို့နောက်မှ ခင်စိန်ရီပါ တက်လိုက်လာသဖြင့် အပေါ်ရောက်တော့ မေးလိုက်သည်။

"သူ့အခန်းကဘယ်မှာလဲ"

ခင်စိန်ရီက ပိတ်ထားသောအခန်းကိုလက်ညှိုးထိုးပြသဖြင့် တံခါးဖွင့်ကြည့်လိုက်သည်။

မြင်ကွင်းကတော့ မကောင်းလှပေ။

ခင်စိန်ကြည်တစ်ယောက် ကုတင်ကြီးပေါ်မှာ ပက်လက်အနေအထားဖြင့်ရှိနေသော်လည်း အသက်ရှိဟန်တော့ မတူတော့ပေ။ အနားကပ်ပြီး အခြေအနေကြည့်သောအခါမှာတော့ လည်ပင်းတစ်ဝိုက်တွင် အစွယ်ဖြင့်ကိုက်ဖောက်ထားသော ဒဏ်ရာကြီးကိုတွေ့ကြရသည်။

အကွင်းလိုက်ပြတ်ထွက်နေသောကြောင့် ဟောင်းလောင်းပေါက်ကြီးဖြစ်နေပြီး ထိုနေရာမှ သွေးများကျနေရာ အိပ်ယာပေါ်၌ပင် ရွှဲနစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘီလူးမျက်နှာနဲ့လူ သတ်သွားတာမဟုတ်လား"

ခင်စိန်ရီက မျက်ရည်ကျနေရာမှ ခေါင်းညိတ်ပြသည်။

"ကဲ…အခုအခြေအနေ ရောက်မှတော့ ဖုံးကွယ်မနေနဲ့တော့၊ အမှန်အတိုင်းသာပြောပြပေတော့"

"အမှန်အတိုင်းပြောရရင်တော့ မမကြီးက သူတို့မောင်နှမနှစ်ယောက်ကိုတွေ့တော့ သနားလို့ခေါ်လာခဲ့ကြတာပါ"

"သူတို့နှစ်ယောက်ဆိုတာ ကန်တော်ကြီးစောင်းမှာ တောင်းရမ်းစားသောက်နေတဲ့ ငနီကနဲ့ မိဝေမာတို့ မောင်နှမနှစ်ယောက်ကိုပြောတာမဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုရည်ရွယ်ချက်နဲ့ခေါ်ခဲ့တာလဲ"

"ကောင်မလေးက ရုပ်ရည်ချောတော့ တစ်ချိန်ကျရင် ကျွန်မတို့လုပ်ငန်းမှာ အသုံးချဖို့နဲ့ ကောင်လေးကိုတော့ အိမ်မှာ လက်တိုလက်တောင်းခိုင်းစေဖို့ ရည်ရွယ်ချက်နဲ့ ခေါ်ခဲ့တာပါ"

"ဒါနဲ့ ဆက်ပြောပါဦး"

"ပထမတော့ ရိုးရိုးအေးအေးမှတ်ပြီး ခေါ်ခဲ့တာ၊ ကြာလာတော့မှ ကြောက်စရာကောင်းမှန်းသိရတော့တာပါပဲ"

"ဘယ်အချိန်မှာမှ သိတာလဲ"

"ဂျပန်စစ်ဗိုလ်တာမူရာသေတော့မှ သိတာပါ၊ အဲဒီတော့မှ သိဟာက လူကနေဘီလူးအသွင်ချက်ချင်းပြောင်းလို့ရတာကို ပြောင်းပြပါတယ်၊ ပထမတော့ မမကြီးက အတော်ကလေးကြောက်လန့်သွားတယ်၊ နှင်ထုတ်ရင်လည်း သတ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးတော့ ဒီအတိုင်းပဲထားခဲ့ရတာပါ၊ နောက်တော့...”

ခင်စိန်ရီက သူမ သိသောအကြောင်းအရာများကို ပြန်ပြောပြလေသည်။

ခင်စိန်ကြည်နှင့် ခင်စိန်ရီတို့နှစ်ယောက်မှာသနားသဖြင့် ခေါ်ထားမိကာမှ မြွေပွေးခါးပိုက်ပိုက်ထားရသကဲ့သို့ အဖြစ်မျိုးနှင့်ကြုံတွေ့နေရသဖြင့် ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

တစ်နေ့တော့ သီဟာက ပြောသည်။

“ကျွန်တော်တို့ မောင်နှမကို မကြောက်ပါနဲ့၊ ကျွန်တော်ကလူကောင်းတွေကို ဘာမှမလုပ်ပါဘူး၊ ကျွန်တော်တို့ကို အန္တရာယ်ပေးတဲ့လူတွေကိုသာ သတ်တာပါ”

“မင်း ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလောက် ကြောက်စရာကောင်းတဲ့အလုပ်ကို လုပ်နေတာလဲ”

“ကျွန်တော့်မှာ ရည်ရွယ်ချက်ရှိတယ်၊ ခိုင်းစေလို့ရတဲ့ တပည့်တွေလည်းရှိတယ်...၊ တစ်နေ့ကျရင် ကြီးပွားချမ်းသာအောင် လုပ်ဖို့ရည်ရွယ်ချက်ပါပဲ”

“ဒီလိုရည်ရွယ်ချက်မျိုး ရှိပါရက်နဲ့ ငါတို့နဲ့ဘာကြောင့် နေတာလဲ”

“မမကြီးတို့လုပ်နေတဲ့အလုပ်ကို လူချမ်းသာတွေ လူကုံတန်တွေလာကြတယ်၊ အဲဒီလူတွေကို စုံစမ်းပြီး အချိုးကြီးကြံစည်ဖို့ ဒီမှာနေတာပါ။ သီရိကတော့ တယ်ကြက် သဘောမျိုးထားတာပေါ့”

“မင်းကအတော်ကို အကြံကြီးတဲ့သူပဲ၊ ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်းပါရဲ့"

"မကြောက်ပါနဲ့၊ ဒါထက်မေးရဦးမယ်၊ မမကြီးတို့ အနေနဲ့ ဒီအလုပ်မျိုးတွေလုပ်ပြီး တစ်သက်လုံးနေမှာလား၊ ဒီအလုပ်တွေကရော ချမ်းသာနိုင်မှာလား"

"ဘယ်ချမ်းသာနိုင်ပါ့မလဲ၊ မလွဲသာလို့လုပ်နေရတာပေါ့"

"ဒီလိုဆိုရင် ချမ်းသာအောင် ကျွန်တော်လုပ်ပေးမယ်၊ မမကြီးတို့က ချမ်းသာနိုင်မယ့် လူတွေအကြောင်းကိုသာ အလုပ်လုပ်ရင်းနဲ့စုံစမ်းပေးပါ"

ဟုပြောရာ ခင်စိန်ကြည်ကလည်း သဘောတူသဖြင့် စုံစမ်းပေးလေသည်။

တစ်နေ့တော့ သူထံလာသော အရာရှိကြီးတစ်ယောက်ထံမှ နဂါးစော်ဘွားရောက်လာတော့မည့် အကြောင်းနှင့် ဘယ်လိုအကြောင်းများကြောင့် ရောက်လာမည်ဆိုသော သတင်းများပါ သိရပေတော့သည်။

"ဒီကိစ္စသာ အောင်မြင်ခဲ့ရင်တော့ ကျွန်တော်တို့အားလုံး ချမ်းသာကြမှာ အမှန်ပဲ၊ ပီအောကုမ္ပဏီက ပတ္တမြားသရဖူပဲရရ၊ ဒါမှမဟုတ် နဂါးစော်ဘွားဆီမှာပါလာတဲ့ ငွေတွေကိုပဲရရ ချမ်းသာမှာပဲ…"

"လွယ်လွယ်နဲ့ရပ့ါမလားကွယ် အစောင့်အရှောက်တွေက အတော်များမှာပဲ"

"စိတ်မပူပါနဲ့ ကျွန်တော့်မှာ အကြံအစည်တွေရှိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားယူဖို့ နဂါးလူအဖြစ် ပြောင်းနိုင်ရင်ရပါတယ်"

"ဘယ်လိုနဂါးလူအဖြစ် ပြောင်းမှာလဲကွယ်"

"နဂါးစော်ဘွားအယောင်ဆောင်နိုင်ရင်ရပြီလို့ ပြောတာပါမမကြီးရယ်၊ အေးအေးသာနေပါတော့"

ဟုပြောလေသည်။

နောက်ပိုင်းတော့ သီဟလည်း ၄င်းအဆက်အသွယ်များနှင့် ပူးပေါင်းကာ နဂါးစော်ဘွားအသွင်ဖြင့် ရွှေငွေကျောက်မျက်ရတနာတို့ကို ရရှိအောင် ကြံစည်နိုင်ခဲ့လေသည်။

"ခင်စိန်ကြည်နဲ့ တိုင်ပင်ပြီးလုပ်ကြတာ၊ ရလာပြီးတော့မှ ဘာကြောင့်သတ်သွားတာလဲ"

"ရပြီးတော့မှ ခွဲမပေးချင်တာလည်း ပါမယ်ထင်ပါရဲ့၊ နောက်တစ်ချက်က မမကြီးက သူ့အကြောင်းတွေကို အားလုံးသိနေတာဆိုတော့ တစ်ချိန်ဖော်မှာစိုးလို့ သတ်ပစ်ခဲ့တာပဲဖြစ်မှာပေါ့၊ ကျွန်မတောင်နောက်ဖက်အပေါက်ကထွက်ပြေးပြီး ပုန်းနေလို့အသက်ဘေးကလွတ်သွားခဲ့တာပါ"

ဟုပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း သူမပြောပြသောမှတ်တမ်းများကို ယူထားကြလေသည်။

"အခုသူတို့ ဘယ်နေရာကို ပြေးမယ်ထင်သလဲ၊ သိရင်ပြောပြပေးပါ"

"အရင်ပြောပြဖူးတာတော့ ကမာကဆစ်ဘက်ကမ်းမှာသူတို့ဆွေမျိုးသားချင်းတွေရှိတယ်လို့ကြားရဖူးတယ်၊ အဲဒီကို ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးဖို့များတယ်၊ အိမ်ကမြင်းလှည်းပါယူသွားကြတယ်"

ထိုသို့ပြောသဖြင့် ကျန်သည့်လူများကိုထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ နှစ်ယောက်တည်းကားဖြင့် ဗိုလ်တထောင်ဆိပ်ကမ်းဘက်သို့ ဆင်းခဲ့ကြလေသည်။

အချိန်ကမိုးလင်းစအချိန်ရောက်နေပြီဖြစ်သဖြင့် ပတ်ဝန်းကိုသဲသဲကွဲကွဲ မြင်ရပေပြီ။ ဆိပ်ကမ်းရောက်တော့ ကုက္ကိုလ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်ထားသောမြင်းလှည်းတစ်စီးကိုတွေ့ရသဖြင့် မေးမြန်းကြည့်သောအခါ ပတ်ဝန်းကျင်မှာ အလုပ်လုပ်နေသော လူတစ်ယောက်ကပြောပြသည်။

"မြင်းလှည်းကတော့ ဘယ်သူ့မြင်းလှည်းလည်း မသိဘူး၊ ဝေလီဝေလင်းအချိန်လောက်က ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် စီးလာပြီး အဲဒီနေရာမှာရပ်ထားခဲ့တာပဲ၊ မိန်းမခိုးပြေးလာကြတာထင်ပါရဲ့"

"သူတို့ဘယ်သွားကြသလဲ"

"ကမ်းဘက်ကို ဆင်းသွားကြတာ တွေ့လိုက်တယ်၊ ကမာကဆစ်ဘက်ကမ်းကို ကူးပြေးသွားတာဖြစ်မယ်"

ထိုသို့ပြောသဖြင့် ကားကိုသင့်တော်သော နေရာမှာ ရပ်ထားခဲ့ပြီး နှစ်ယောက်သား ကမ်းစပ်သို့ ဆင်းလာကြသည်။ ဆိပ်ခံဇောတံတားတစ်ဝိုက်မှာတော့ ကူးတို့သမ္ဗာန်များရှိနေကြသည်။

ထိုနေရာရောက်၍ ထပ်မံစုံစမ်းကြည့်သောအခါ ဝေလီဝေလင်းအချန်လောက်က လူနှစ်ယောက်ကို တင်ဆောင်သွားသည့် ကူးတို့သမ္ဗာန်တစ်စင်း ကူးသွားကြောင်းသိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အချိန်ဆွဲမနေတော့ပဲ ကူးတို့သမ္ဗာန်တစ်စင်းငှားပြီး တစ်ဖက်ကမ်းသို့ လိုက်ကြလေသည်။

အင်္ဂလိပ်များ သိမ်းပိုက်ထားစဉ်က တလျှောက်လုံးနှင့် ဂျပန်ခေတ်ကာလတစ်လျှောက်မှာတော့ ရန်ကုန်တစ်ဖက်ကမ်း၌ ရှိကြသော ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကမာကဆစ်စသော နေရာများမှာ စည်ကားမှုမရှိကြသေးပေ။

ဆန်စက်မှာ အလုပ်လုပ်သူများ၊ ကူးတို့သမ္ဗာန်ခတ်သူများ၊ ငါးရှာသူများ၊ ရန်ကုန်ဘက်ကမ်းကူးပြီး ဈေးရောင်းဈေးဝယ် ကူလီထမ်းကြသော လက်လုပ်လက်စားများသာ အနေများကြလေသည်။

ရွာဟုသာဆိုသော်လည်း မြစ်ကမ်းတလျှောက် လဟာပြင်မေးတင်ဆောက်ထားသော တဲအိမ်တို့သာများလေသည်။

ကမာကဆစ်ရွာမှာ ရှေးခေတ်မွန်ဘုရင်များ လက်ထက်ကပင်တည်ရှိခဲ့သော ကျေးရွာဟောင်းဖြစ်သည်။

ကမာကဆစ်ဟူသည် မွန်ဘာသာဖြင့် ပေးထားသော အမည်ဖြစ်သည်။ ကမာသည် ရေကန်၊ ကဆစ်သည် ချဉ်ပေါင်ပင်ဖြစ်သဖြင့် မြန်မာလိုခေါ်လျှင် "ချဉ်ပေါင်ကန်" ဟု အဓိပ္ပာယ်ရပေသည်။

ဂျပန်ခေတ်အချိန်က ကမာကဆစ်မှာ ရွာငယ်ကလေးတစ်ရွာမျှသာရှိလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ရောက်လာပြီး စုံစမ်းကြည့်တော့ သီဟနှင့် သီရိတို့ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော သတင်းရပြီး သူတို့မရောက်ခင်မှာပင် အနောက်ဘက်၌ ရှိသော တောထဲသို့ ထွက်ပြေးသွားကြကြောင်း သတင်းကြားသည်။

"ကျွန်တော်တို့ ကူးလိုက်လာမှန်းသိလို့ ထွက်ပြေးသွားကြတာဖြစ်မယ်။ သူတို့မှာ မိန်းကလေးတစ်ယောက်ပါတော့ ခရီးတွင်မယ်မထင်ဘူး၊ လိုက်ကြရအောင်"

ဟုပြောပြီး ဆက်လိုက်ကြသည်။

ကမာကဆစ်တွင် ကမ်းခြေတလျှောက်တဲအိမ်နှင့် ဆန်စက်အချို့ရှိပြီး အနောက်ဘက်မှာတော့ စပါးစိုက်သည့် လယ်ကွင်းများရှိသည်။ ဟိုးဘက်လွန်တော့ သစ်တောများသာရှိတော့သည်။

သူတို့နှစ်ယောက်အပြင်ထွက်လိုက်တော့ လယ်ကွင်းများကိုဖြတ်ပြီး တောဘက်သို့ ပြေးသွားသော လူနှစ်ယောက်ကိုလှမ်းမြင်ရသည်။

"ဟိုမှာသူတို့မဟုတ်လား၊ မျက်ခြေမပြတ်ခင် အမြန်လိုက်ကြရအောင်"

ဟုပြောပြီး ကန်သင်ရိုးများပေါ်မှ ပြေးလိုက်ကြလေသည်။ သီဟတို့နှစ်ယောက်မှာ မိန်းကလေးတစ်ယောက် ပါနေသောကြောင့် ခရီးမတွင်ပဲရှိလေရာ တော်ပင်နီးလာလေသည်။

သို့သော် သူတို့မရောက်ခင်မှာပင် ရှေ့မှပြေးနေသော နှစ်ယောက်က တောထဲဝင်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း မရှေးမနှောင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားကြလေသည်။

တောမှာ ရာဘာပင်များရော အခြားသစ်ပင်များပါ ထူထပ်စွာပေါက်နေလေသည်။ ထို့ပြင် နာနတ်တောများလည်း ရှိနေသောကြောင့် တစ်နေရာနှင့်တစ်နေရာ လွယ်ကူစွာ သွားလာ၍မရနိုင်ပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း သတိကြီးစွာထားပြီး နေရာအနှံ့လိုက်ရှာစဉ် တစ်နေရာရောက်တော့ သစ်ပင်တစ်ပင်အောက်၌ ခြေထောက်တစ်ဖက်ဒဏ်ရာရနေဟန်ဖြင့် ထိုင်နေသော မိန်းကလေးတစ်ယောက်ကို တွေ့ရသဖြင့် သေနတ်ဖြင့်ချိန်ထားလိုက်သည်။

"နင့် အစ်ကို ဘယ်မှာလဲ"

ထိုသို့မေးနေစဉ် နောက်ဘက်မှ ခြေသံလိုလိုကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်သောအခါ ဘီးလူးမျက်နှာကဲ့သို့ ကြောက်စရာကောင်းသော မျက်နှာမျိုး ဖြစ်နေသည့် လူတစ်ယောက်ထွက်လာပြီး ဝင်ရောက်တိုက်ခိုက်လေသည်။

"အစ်ကို မလုပ်နဲ့ မလုပ်နဲ့"

မိန်းကလေးက တားသော်လည်း မရတော့ပဲ ဒရကြမ်းဝင်ရောက်တိုက်ခိုက်နေသဖြင့် ဘေးလွတ်အောင် ရှောင်တိမ်းပေးကြရလေသည်။

နောက်တော့ မရနိုင်မှန်းသိတော့မှ သေနတ်ထုတ်ကာ ပစ်လိုက်သည်။

"ဒိုင်း...ဒိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆံက ဘီလူးမျက်နှာနှင့်လူကို ထိသဖြင့် တစ်ပတ်လည်ကာလဲကျသွားလေသည်။ သို့သော် သေလောက်သောနေရာကို မပစ်သဖြင့် အသက်ရှိနေသေးသည်။

စုံထောက်ကျော်စွာအနားသို့သွားပြီး လက်ထိပ်ခတ်ရန်ပြင်တော့ နီရဲနေသော မျက်လုံးဖြင့် တစ်ချက်ကြည့်သည်။ ပါးစပ်မှလည်း တဂူးဂူးနှင့် အသံထွက်နေရင်းမှ ပြောသည်။

"နေဦး၊ ဆေးသောက်ပါရစေဦး"

ထိုသို့ပြောသဖြင့် လက်ထပ်မခတ်သေးပဲ အခြေအနေကို ကြည့်နေကြသည်။

ထိုသူက အိတ်ထဲမှာအသင့်ရှိနေသော ဆေးပုလင်းကိုထုတ်ယူပြီးမော့သောက်ချလိုက်ရာ ခဏကြာတော့ မျက်နှာအမူအယာပြောင်းလာရုံမကပဲ အသွင်အပြင်ပါ ပြောင်းလာလေတော့သည်။

အတန်ကြာသောအခါမှာတော့ လူတစ်ယောက်မျက်နှာမျိုးပြန်ဖြစ်သွားလေသည်။ ထိုအခါ အနားမှာရှိနေသော စုံထောက်ကျော်စွာက လက်နှစ်ဘက်ကို လက်ထိပ်ခတ်လိုက်လေသည်။

"မင်းနာမည် သီဟ မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းသောက်တဲ့ဆေးက ဘာလဲ"

"အာဠာဝကဆေးလို့ခေါ်တဲ့ ပုဏ္ဏကဆေးပါ"

"ဒီဆေးကိုသောက်ရင် ဘီလူးအသွင်ပြောင်းသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လူရောစိတ်ပါ ဘီလူးလိုပြောင်းနိုင်ပါတယ်၊ ဖြေဆေးသောက်ရင် အခုလို ပြန်ပြယ်သွားနိုင်ပါတယ်"

"ဒီဆေးတွေကို ဘယ်သူဖော်စပ်ပေးတာလဲ"

"ရွာမှာနေတုန်းက...အောက်လမ်းဆရာကြီးတစ်ယောက်ဆီမှာ တပည့်ခံပြီးနေဖူးပါတယ်၊ သူဖော်စပ်ပေးတာပါ"

"မင်းကဘာကြောင့် လူတွေသတ်တာလဲ"

"ကျွန်တော်မသတ်ချင်ပါဘူး၊ ကျွန်တော်တို့ မောင်နှမကို နှိပ်စက်တဲ့သူတွေကိုသာ သတ်တာပါ။ ဂျပန်တွေကိုတော့ ကျွန်တော်တို့ကို မတရားနှိပ်စက်နေကြလို့ တွေ့တာနဲ့ သတ်ပစ်တာပါ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှ သဘောကျသွားလေသည်။

"နဂါးစော်ဘွားအယောင်ဆောင်ပြီး ပစ္စည်းတွေယူလာတာကရော ဘယ်လိုသဘောလဲ"

"ကျွန်တော်သူ့အကြောင်းကို မေးမြန်းစုံစမ်းကြည့်တော့ သိသင့်သလောက် သိပြီးပါပြီ။ သူရထားတဲ့ ရွှေငွေရတနာတွေက မိန်းမပျိုလေးတွေကို ခြေတော်တင်ပြီး မတရားယူထားတဲ့ ရတနာတွေဖြစ်ပါတယ်၊ ဒါဟာ မတရားသဖြင့်ရထားတဲ့ ပစ္စည်းတွေလို့ပဲ ယူဆပါတယ်၊ ဒါကြောင့် မရရအောင် ကြံစည်ပြီး ယူခဲ့တာပါ၊ ခုတော့ သဲထဲရေသွန်ဖြစ်ရပြီ"

သီဟက မချိတင်ကဲ ပြောနေသည်။

"ဒါထက် ခင်စိန်ကြည်ကိုရော ဘာကြောင့် သတ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"သူကကောင်းတဲ့ မိန်းမမှမဟုတ်တာ၊ ကျွန်တော့်ညီမလေးကို သူ့အလုပ်မှာ အသုံးချဖို့ ကြိုးစားတယ်၊ မရတော့ ကျွန်တော့်ကိုအသုံးချတယ်၊ ပစ္စည်းတွေရလာတော့လည်း များများလိုချင်ပြန်တယ်၊ မပေးရင် ပုလိပ်ကိုခေါ်ပြောမယ်လို့ ခြိမ်းခြောက်ပြန်တယ်၊ ဒါကြောင့် သတ်ခဲ့တာပါ…"

သီဟပြောနေသော စကားများမှာ အမှန်တွေဖြစ်မည်ဟု စိတ်ထဲမှယုံကြည်သဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းမှာ အာဠာဝကဆေးကျန်သေးရင် ငါ့ကိုပေးပါ"

သီဟက သူ့မှာလက်ထိပ်ခတ်ခံထားသဖြင့် ယူ၍မရကြောင်း ပြောသဖြင့် ကျော်စွာက လက်ထိပ်ပြန်ဖြုတ်ပေးလိုက်လေသည်။ လက်ထိပ်မရှိတော့ အင်္ကျီအတွင်းဘက်တွင်ထားသော ဆေးပုလင်းများထည့်ထားသည့် အိတ်ကိုပေးသည်။

ဒေါက်တာမင်းထင်ကျော်က ပုလင်းနှစ်လုံးကို ထုတ်ကြည့်သောအခါ အနီရောင် ဆေးမှုန့်များနှင့် အနက်ရောင်ဆေးမှုန့်များ ထည့်ထားသော ပုလင်းငယ်နှစ်လုံးတို့ကို တွေ့ရသည်။

"အနက်ရောင်က အာဠာဝကဆေးပါ၊ အနီရောင်က ဖြေဆေးပါ"

ယခုတော့လည်း သီဟအသွင်က သာမန်ရိုးသားသော လူရွယ်တစ်ဦးအသွင်မျိုးသာ တွေ့ရတော့သည်။

သီရိကတော့ လွယ်အိတ်တစ်လုံးကို ရင်ခွင့်ထဲမှာ ပိုက်ထားရင် ငိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် နဂါးစော်ဘွားဆီက ယူလာတဲ့ ပစ္စည်းတွေက ဘယ်မှာလဲ"

ထိုအခါ သီဟက သီရိထံမှာရှိသော လွယ်အိတ်ကိုယူပြီး ပေးလိုက်သည်။

"ကျွန်တော်အလုပ်မှာ ဝိုင်းကူးပေးတဲ့ လူတွေကို နည်းနည်းစီခွဲပေးခဲ့တာကလွဲပြီး၊ ကျန်တာတွေကတော့ အဲဒီအထဲမှာပါပဲ"

ဒေါက်တာမင်းထင်ကျော်က လွယ်အိတ်ကိုယူပြီး စစ်ဆေးကြည့်သောအခါ ပြောသည့်အတိုင်းပင် ရွှေငွေနှင့် ကျောက်မျက်ရတနာတို့ကို အထုပ်လိုက် တွေ့ရလေသည်။

"ခင်ဗျားတို့ကို တစ်ခုတော့ တောင်းပန်ချင်ပါတယ်"

"ဘာများလဲ"

"အခုလုပ်ခဲ့သမျှ အပြစ်တွေမှာ ကျွန်တော့်ညီမလေး မပါပါဘူး၊ ဒါကြောင့် ကျွန်တော့်ကိုတော့ ပေးချင်တဲ့အပြစ်ပေးကြပါ၊ အပြစ်မရှိတဲ့ ကျွန်တော့်ညီမလေးကိုတော့ လွှတ်ပေးကြပါ"

"မင်းကို ပုလိပ်လက်ထဲအပ်ရင်တော့...ဂျပန်တစ်ယောက်ကိုသတ်တဲ့အမှုနဲ့တင် ကြိုးစင်တက်ရမှာ အသေအချာပဲ"

"ဒါကတော့ လုပ်ရဲမှတော့ ခံရဲရမှာပဲ"

"တကယ်လို့ ငါတို့က မင်းကိုခွင့်လွှတ်ပေးလိုက်ရင် မင်းဘာတွေဆက်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ မယုံသောအမူအယာဖြင့် တစ်ချက်ကြည့်သည်။ ပြီးမှ အားတက်လာသောလေသံမျိုးဖြင့် ပြန်ပြောလေသည်။

"ဆရာတို့ကသာ ကျွန်တော့်ကိုချမ်းသာပေးရင် ကျွန်တော့်ညီမလေးကို စိတ်ချရတဲ့နေရာမှာ အပ်ထားခဲ့ပြီး ကျွန်တော်ကတော့ ဂျပန်တော်လှန်ရေးတပ်မှာ ဝင်လုပ်မလို့ စိတ်ကူးထားတာပါပဲ"

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှာကိုင်ထားသော လွယ်အိတ်ထဲမှာ ရွှေငွေအချို့ကို လက်ဖြင့်နှိုက်ယူလိုက်ပြီး သီဟလက်ထဲသို့ ထည့်ပေးလိုက်သည်။

ပထမတော့ အံ့ဩနေသောကြောင့် မယူဝံ့သေးပဲ ရှိသည်။

"ယူသာယူပါကွာ၊ ဒါကမင်းတို့မောင်နှမအတွက်ပေးတာ၊ ဒီအိတ်ထဲမှာကျန်နေတဲ့ ကျောက်မျက်ရတနာတွေကို ပြန်မပေးရင်တောင် နဂါးစော်ဘွားက ဝမ်းသာနေမှာပါ၊ မင်းလုပ်ခဲ့တာတွေ ပြန်ကြည့်တော့ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ခဲ့တာဆိုတော့ ငါတို့ကခွင့်လွှတ်ပေးပါတယ်၊ ငါတို့ကိုနှိပ်စက်နေတဲ့ ဖက်စစ်ဂျပန်တွေကို ငါတို့ကိုယ်တိုင် မတော်လှန်နိုင်သေးပေမယ့်၊ တကယ်တော်လှန်ချင်တဲ့ စိတ်မျိုးရှိတဲ့ ရဲဘော်လောင်းတစ်ယောက်ကိုတော့ ဂျပန်တွေလက်ကို မအပ်ချင်တော့ပါဘူး၊ ဒါကြောင့် မင်းတို့မောင်နှမကို ခွင့်လွှတ်ပေးလိုက်ပါ့မယ်၊ သွားလိုရာသွားကြပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ သီဟနှင့် သီရိတို့ မောင်နှမနှစ်ယောက်က ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကို ကန်တော့ကြသည်။

"ဒီကျေးဇူးကိုတော့ ကျွန်တော့်တစ်သက် ဘယ်တော့မှ မမေ့တော့ပါဘူးဗျာ..."

ထိုသို့ပြောဆိုကန်တော့ကြပြီးနောက် မောင်နှမနှစ်ယောက်တောတွင်းသို့ဝင်သွားကြလေတော့သည်။

ထို့ပြင် စုံထောက်ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်တို့လည်း ကမာကဆစ်ဘက်သို့ ပြန်လာကြလေသည်။

"နဂါးစော်ဘွားရဲ့ ရွှေငွေရတနာတွေ ပြန်ရလာလို့ နဂါးစော်ဘွားကကျေနပ်ပေမယ့် ဂျပန်တစ်ယောက်ကိုသတ်သွားတဲ့ တရားခံကို ဖမ်းမမိလို့ ဂျပန်တွေကတော့ ကျေနပ်ကြမယ် မထင်ဘူး"

"မကျေနပ်တော့လည်း နေကြပေါ့။ အာဠ္ဍာဝကဆေးက ဒီမှာပါလာပြီဆိုတော့ နောက်ထပ် ဘီလူးမျက်နှာနဲ့လူဆိုးကိုလည်း ထပ်တွေ့ရတော့မှာမဟုတ်တာ၊ ကြာရင်တော့ မေ့သွားကြမှာပါ၊ နောက်ပြီး သူတို့လည်း ဗမာပြည်မှာ ကြာကြာနေကြရတော့မှာမှ မဟုတ်တာ တွေးပူမနေပါနဲ့တော့"

"ဟုတ်တော့လည်းဟုတ်ပါတယ်၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံသားတစ်ယောက်ကို ဖက်စစ်နယ်ချဲ့တွေ နှိပ်စက်ဖို့ အပ်ပေးရတာတော့ သဘာဝမကျပါဘူး၊ ဒါထက် ဆရာယူလာတဲ့ အာဠ္ဍာဝကဆေးကရော ဘာလုပ်မှာလဲ"

"ကျွန်တော်ကတော့ ဘာမှမလုပ်တတ်ပါဘူး၊ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကျွမ်းကျင်ကြတဲ့ ဆရာကြီး သူရဇ္ဇနဲ့ ဦးပန်ကောင်းတို့လက်ထဲပဲ အပ်ပေးလိုက်ရမှာပေါ့"


"ဒါလည်းကောင်းတာပါပဲ..."

နှစ်ယောက်သားစကားတပြောပြောဖြင့် လယ်ကွင်းများမှပင် ဖြတ်လျှောက်လာကြရာ နေ့လည်ပိုင်းအချိန်တွင် ကမာကဆစ်ဘက်သို့ ပြန်ရောက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

# ဖုံးကွယ်မရသော ချစ်ခြင်းမေတ္တာ

**နောက်**ရက်များမှာတော့ နဂါးစော်ဘွားဩရိဘောလည်း ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ကူညီဆောင်ရွက်ပေးသောကြောင့် ဘီလူးမျက်နှာနင်လူလက်သို့ ပါသွားခဲ့သော ရွှေငွေကျောက်မျက်ရတနာများ ပြန်ရခဲ့သဖြင့် ပီအောကုမ္ပဏီ၌ အပ်နှံထားသော ပတ္တမြားသရဖူကြီးကိုလည်း ကောင်းမွန်စွာ ရွေးယူနိုင်လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ကူညီဆောင်ရွက်ပေးခြင်းကို ကျေးဇူးဆပ်သောအားဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့အား ပတ္တမြားတစ်လုံးစီပေးလေသည်။

ထိုကိစ္စများပြီးသွားသောအခါ နေရပ်သို့ မပြန်ခင် ရန်ကုန်မြို့တွင်းမှ ထူးခြားသောနေရာများကို လိုက်လံကြည့်ရှုလိုပါသည်ဟု စောမြဒေဝီက အကူအညီတောင်းသဖြင့် ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ငှားကားဖြင့် ခေါ်ယူကာ လိုက်လံပြသပေးရလေသည်။

ရွှေတိဂုံစေတီတော်၊ အင်းလျားကန်၊ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်တို့လောက်သာလှည့်လည်ပြသရပေသည်။ အခြားနေရာများကတော့ ဂျပန်တို့ ဗုံးကြဲထားသဖြင့် ပျက်စီးယိုယွင်းနေသောကြောင့် မသွားတော့ပေ။

ကန်တော်ကြီးနှင့် ဆက်စပ်နေသော တိရစ္ဆာန်ဥယျာဉ်ကတော့သစ်ရိပ်ဝါးရိပ်များကောင်းသောကြောင့် အေးချမ်းသာယာသောနေရာတစ်ခုလည်းဖြစ်သည်။ အခြားနေရာများက ဗုံးဒဏ်စိတ်မချရသော်လည်း ထိုနေရာကတော့ အတော်အသင့်စိတ်ချရသောနေရာမျိုးဖြစ်သည်။

သို့ကြောင့် တစ်နေရာတွင် ထိုင်ကာ စားရင်းသောက်ရင်းဖြင့် စကားပြောဖြစ်ကြသည်။

"အစ်ကိုတော်ကတော့ ဆရာတို့နှစ်ယောက်ကို အတော်ကလေး ကျေးဇူးတင်နေလို့ နေရပ်ပြန်ရင်တောင် ခေါ်သွားပြီး ကျေးဇူးဆပ်ချင်နေပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာကတော့ ဝန်ထမ်းဖြစ်နေလို့ လိုက်ခွင့်ရမရ မသိပေမယ့် ကျွန်တော်ကတော့ လွတ်လွတ်လပ်လပ်နေတဲ့သူ ဆိုတော့ လိုက်မယ်ဆိုရင် လိုက်လို့ရပါတယ်"

"ဒီလိုဆိုတော့လည်း ဆရာပဲလိုက်ခဲ့ပေါ့"

"ကျွန်တော်ကို ဆရာလို့ မခေါ်ပဲ နာမည်ပဲခေါ်ပါလား"

"ခေါ်စေချင်ရင် ခေါ်ပါ့မယ်၊ ကျွန်မနာမည်ကိုလည်း အတိုပဲခေါ်လို့ရပါတယ်"

"ဒေဝီလို့ခေါ်ပါ့မယ်၊ ပြောရရင်တော့...ဒေဝီနဲ့အခုလို တွေ့ဆုံခွင့်ရတာ ကျွန်တော်တကယ်ပဲ ဝမ်းသာပါတယ်"

"ဘာဖြစ်လို့လဲ"

"တကူးတကတွေ့ချင်လို့တောင် တွေ့ခွင့်မရနိုင်တဲ့သူ တစ်ယောက်နဲ့ အခုလိုတွေ့ခွင့်ရလို့ပါ"

စောမြဒေဝီသဘောကျနှစ်သက်သော အမူအယာဖြင့် သွားကလေးများပေါ်အောင် ပြုံးလိုက်လေသည်။

"မြို့ကြီးသားဆိုတော့ စကားပြောတာတော့ အတော် ကလေးကောင်းတယ်၊ ကျွန်မတို့က စော်ဘွားနှမတော်လို့သာ ခေါ်ကြတာ၊ နေရတော့ တောထဲတောင်ထဲမှာဆိုတော့ စကား ပရိယာယ်တော့ သိပ်မကြွယ်လှဘူး"

"ကျွန်တော်စိတ်ထဲမှာ တကယ်ရှိတာကိုပဲ ပြောတာပါ၊ ဒေဝီနဲ့ အခုလိုတွေ့ရတာ အိပ်မက်တစ်ခုလိုပါပဲ၊ အဲဒီအိပ်မက် ကလေးပြန်ပျောက်သွားမှာကိုတောင် စိတ်ထဲက စိုးရိမ်နေမိသ လိုပဲ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ညှို့သည်ဆိုတာ အချိန်တန်တော့လည်း ပြန်ကြရမှာ ပေ့ါ...ဘယ်သူကလက်ခံထားချင်မှာမို့လဲ..."

"လှပတဲ့ အိပ်မက်တစ်ခုကို ဆက်မက်ချင်နေတဲ့ သူက တော့တစ်သက်လုံး လက်ခံထားပေးချင်တာပေါ့"

စောမြဒေဝီက သဘောကျစွာပြုံးလိုက်သည်။

"ဒီလိုဆိုရင် ပွင့်ပွင့်လင်းလင်းပြောလေ..."

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ စောမြဒေဝီနဲ့ တွေ့ တဲ့အချိန်က သိပ်မကြာလှသေးပေမယ့် မြင်စကတည်းက စိတ် ဝင်စားနေတာပါ။ ဒါကြောင့် ကျွန်တော်မေတ္တာကို လက်ခံစဉ်းစား ပေးပါ..."

"ဒီလိုဆိုရင်တော့ ချက်ချင်းတော့ သိရမှာမဟုတ်ဘူး၊ အချိန်ယူပြီး စဉ်းစားရမှာဆိုတော့ ဟိုကိုလိုက်လာခဲ့လေ"

"ဒီမှာပြောလို့မရဘူးလား၊ ဟိုရောက်တော့မှ လိုချင်တာ မရရင် ပြန်ရခက်နေလိမ့်မယ်"

"အပြန်ရခက်တော့လည်း မပြန်ပဲနေလိုက်ပေါ့"

"ဘယ်သူကလက်ခံထားမှာလဲ"

"ခေါ်သွားတဲ့လူကပဲ လက်ခံထားရမှာပေါ့"

"ဒါ...ဒေဝီရဲ့အဖြေလား"

ပြုံးရင်းနှင့် ခေါင်းညိတ်ပြလေသည်။

"ဒီလိုဆိုတော့လည်း သဘောပေါက်ပါပြီ၊ ဒေဝီတို့ပြန် ရင် ကိုယ်လိုက်လာခဲ့ပါ့မယ်၊ ဒါပေမယ့် တစ်ခါတည်းတော့ ပြော ထားရဦးမယ်၊ ခေါ်တုန်းကခေါ်ပြီး ပြန်ရင်တော့ လိုချင်တာမရ



www.burmeseclassic.com

www.burmeseclassic.com



ပဲနဲ့ ပြန်မှာမဟုတ်ဘူး၊ ဘယ်လိုသဘောရသလဲ"

ထိုအခါမှ စောမြဒေဝီက ချယ်ရီရောင်သမ်းနေသည့် ရှက်သွေးဖြာနေသော မျက်နှာလေးဖြင့် ပြန်ပြောလေသည်။

"ဒီလောက်လည်း အကျပ်ကိုင်မမေးပါနဲ့တော့ မောင်ရယ်၊ ဒီလောက်ပြောနေမှတော့ ကျွန်မသဘောကိုလည်း သိလောက်ပါတယ်၊ ကျွန်မလည်း မောင့်ကိုစတွေ့ကတည်းက အားကိုးလောက်တဲ့ လူတစ်ယောက်အဖြစ် နှစ်သက်သဘောကျမှုရှိနေခဲ့တာပါ၊ ဒါကြောင့် မောင်လိုချင်တာအားလုံး သဘောကျဖြစ်ရပါစေမယ်လို့ ကတိပေးပါတယ်"

"ဒီစကားကြားမှာပဲ စိတ်အေးရပေတော့တယ်၊ ကိုယ်တကယ်ပဲ ဝမ်းသာမိပါတယ်…"

ဟုပြောဆိုကာ စောမြဒေဝီလက်ကလေးကို ဆုပ်ကိုင်ထားလိုက်လေရာ သူမကလည်း ပြန်လည်ဆုပ်ကိုင်ထားလေသည်။

ဒီရေတက်ခြင်းကို ဟန့်တား၍ မရနိုင်သလို ရင်ထဲမှ ပီတိကြောင့်ဖြစ်သော ပြုံးရယ်ခြင်းကိုလည်း ဟန့်တား၍ မရနိုင်ပေ။

ထို့အတူ ချစ်ခြင်းမေတ္တာကြောင့်ဖြစ်သော ကြည်နူးချမ်းမြေ့ခြင်းများကိုလည်း ချစ်သူတို့ မျက်နှာပေါ်၌ အလွယ်တကူပင် ရှာတွေ့နိုင်ကြပေလိမ့်မည်။

ယခုတော့ ဒေါက်တာမင်းထင်ကျော်နှင့် စောမြဒေဝီတို့နှစ်ဦးအတွက် ချစ်ခြင်းမေတ္တာကြောင့်ဖြစ်သော ကြည်နူးခြင်း



www.burmeseclassic.com

www.burmeseclassic.com



များမှလွဲပြီး အခြားအကြောင်းအရာများ ရင်ထဲ၌ရှိကြတော့မည် မဟုတ်ပါချေ…။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ပုဏ္ဏက မာန်စွယ်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်လည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် - ၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၁၀)ရက်၊ သောကြာနေ့ ည - ၉ နာရီ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com

အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# ပြိတ္တာ

ပုဏ္ဏကာ မာန်ခွယ်



BURMESE CLASSIC .com
www.burmeseclassic.com